# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 January 2018 ၉၁၇၆

# နေပြည်တော်၌ ပထမဆုံးအကြိမ် သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



သံဃာတော်အပါး ၁၀၀၀၀ မဟာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပွဲတော်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံသူနိုင်ငံသားများ လိုလားတောင့်တနေသော ငြိမ်းချမ်းရေးရရှိပြီး အေးချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဘေးရန်အန္တရာယ်ကင်းဝေးစေရန်အတွက် နေပြည်တော်၌ ပထမဆုံးအကြိမ်ပြုလုပ်သည့် သံဃာတော်အပါး ၁၀၀၀၀ မဟာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပွဲတော်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ သံဃနာယကအဖွဲ့ ဆရာတော်များ၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

မွန်းလွဲ ၂ နာရီတွင် သံဃာတော်အပါး ၁၀၀၀၀ အား မဟာသံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူသည့် မင်္ဂလာအခမ်းအနားကို ကျင်းပရာ

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**




# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဟိုတယ်ဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန်ရှိသည်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသကဲ့သို့ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်အပိုင်းများလည်း ကျန်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် အစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေရရှိရေးသည်လည်း လိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးရန်ပုံငွေများ စနစ်တကျ ကောက်ခံစုစည်းရေး၊ ထိန်းသိမ်းရေး၊ ထုတ်ယူသုံးစွဲရေးနှင့် ကြီးကြပ်ကွပ်ကဲရေး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**




# ကြေးမုံ

## စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ

အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မာရေးအတွက် တိုင်းရင်းသားအရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမှသာ လက်တွေ့တိုးတက်မှုရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးများနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ခေတ်အဆက်ဆက် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရပါသည်။ သို့သော် တိုင်းရင်းသားဒေသများသည် နယ်စပ်နှင့် တောင်ပေါ်ဒေသများဖြစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် အချို့ဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိသေးခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျနေသည်မှာ အမှန်ဖြစ်သည်။ ထိုသို့သော အခြေအနေများနှင့်အတူ တိုင်းရင်းသားအချို့တွင် အမြင်မတူကွဲပြားမှုများနှင့် ယုံကြည်မှုများ နည်းပါးနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။

တောင်ပေါ်နှင့် မြေပြန့်၊ အုပ်ချုပ်သူနှင့် တိုင်းရင်းသားပြည်သူတို့ကြားတွင် အမြင်မတူ ကွဲပြားခြားနားမှုများ မည်သို့ပင်ရှိသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများနှင့် ပင်ကိုဓလေ့စရိုက်များမှာ ရိုးသားဖြူစင်ပြီး ချစ်ခင်နှစ်လိုဖွယ်ကောင်းသောကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံးတို့က တိုင်းရင်းသားလူမျိုးအားလုံးတို့အပေါ် ချစ်ခင်မြတ်နိုးကြသည်မှာ အမှန်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းသာယာရေးနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အတတ်နိုင်ဆုံးဦးစားပေး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။

သို့သော် အခက်အခဲနှင့် စိန်ခေါ်မှုအမျိုးမျိုးတို့ကြောင့် အချို့ဒေသများတွင် ထင်သလောက် ခရီးမပေါက်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအရေးကို ဝိုင်းဝန်းစုပေါင်း အဖြေရှာရန် လိုအပ်မည်ဖြစ်သည်။ မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို နိုင်ငံတော်အစိုးရ၏ အလေးထား ကြိုးပမ်းဆောင်ရွက်မှုနှင့် တိုင်းရင်းသားလူမျိုးအားလုံးတို့၏ စည်းလုံးညီညွတ်မှု စွမ်းအားတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းကြမည်ဆိုလျှင် မျှော်မှန်းသည့်ခရီး နီးစပ်လာမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ၏အရေးကို ဆောင်ရွက်ရာတွင် မတူကွဲပြားမှုများကို ဘေးဖယ်ထားပြီး တူညီသည်များကိုစုစည်း၍ ရှေ့ဆက်ဆောင်ရွက်ကြခြင်းများရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစည်းဆောင်ရွက်နိုင်ခြင်းများလည်း ရှိပါသည်။ မတူကွဲပြားမှုများကို တူညီသောရည်မှန်းချက်ဖြင့် စုစည်းတည်ဆောက်၍ ရနိုင်ပါသည်။ တည်ငြိမ်အေးချမ်းပြီး ကောင်းမွန်သည့်စီမံခန့်ခွဲမှု၊ လမ်းညွှန်မှုများနှင့် မျှမျှတတဆောင်ရွက်နိုင်လျှင် မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ယင်းတို့နှင့်ပတ်သက်၍ ဇန်နဝါရီလ ၁၈ ရက်နေ့က ကျင်းပသော တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မှာကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးစုအသီးသီးမှာ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ဓလေ့ထုံးစံနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြသည်။ ထို့ကြောင့် တိုင်းရင်းသားများနှင့် အစိုးရအဖွဲ့ ပေါင်းစည်းဆက်သွယ်ပေးနိုင်ရန်၊ စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပြည်ထောင်စုအဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားပြီး ဒေသအလိုက်လည်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနများကို ဖွဲ့စည်းပေးထားသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ပေးနေသည်။

သို့ဖြစ်ရာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ် အတူတကွ လက်တွဲပူးပေါင်း ဝိုင်းဝန်းကြိုးပမ်း၍ မှန်ကန်သောယုံကြည်ချက်ဖြင့် စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာနဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)တို့ပူးပေါင်းဆောင်ရွက်သော ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းစခန်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ဥက္ကဋ္ဌတို့က အဆောက်အအုံအား ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သော ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေး ဗဟိုဌာနကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) အကူအညီဖြင့် အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သုတေသနများပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ငါးမွေးမြူရေး အခြေခံနည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကာ သုတေသနလုပ်ငန်းများကို လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်ရန် ဒေသရှိ တက္ကသိုလ်များနှင့်ပူးပေါင်း၍ လူသားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ ကျေးလက်နေ ငါးမွေးတောင်သူများကို ဒေသနှင့် အသုံးတည့်သော နည်းပညာများ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ခရီးတစ်ထောက်နားစခန်း ပလက်တီနမ်ပုသိမ် ချောင်းသာ၊ ငွေဆောင်ကားလမ်းပေါ်၌ တည်ဆောက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီး

**ပုသိမ် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပန်းဖြေကမ်းခြေများဖြစ်ကြသည့် ချောင်းသာနှင့် ငွေဆောင်သို့ ရန်ကုန်မှ အသွားအပြန် ကားလမ်းပေါ်၌တည်ရှိသော ၁၇ ဧကကျော် အကျယ်အဝန်းရှိသည့် ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် ပလက်တီနမ်ပုသိမ်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တာဝန်ယူတည်ဆောက်နေသော အမေရိကန်ဒေါ်လာသန်း ၃၀ အကုန်အကျခံတည်ဆောက်မည့် ပလက်တီနမ်ပုသိမ်စီမံကိန်းအား Phase 1 အပိုင်းနှင့် Phase 2 အပိုင်းခွဲခြားထားပြီး စီမံကိန်းတည်နေရာမှာ ဝန်ကြီးများအိမ်ရာနှင့် ကပ်လျက်ရှိ ပုသိမ်တက္ကသိုလ်(အသစ်)အနီးတွင် တည်ရှိကြောင်း သိရသည်။ ကနဦးဆောင်ရွက်နေသည့် Phase 1 အပိုင်း၌ လူနေအိမ် Villa များ၊ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်နှင့် ၁၈၀၀ စတုရန်းပေ ကျယ်ဝန်းသော နှစ်ထပ်ပလာဇာ ဈေးဆိုင်ခန်းများ၊ ကားရေဆေးဆိုင်များ၊ အမှတ်တရပစ္စည်းနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်များ ပါဝင်မည်ဖြစ်ပြီး ထပ်မံဆောင်ရွက်မည့် Phase 2 အပိုင်း၌ အိမ်ရာများ၊ ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များ၊ ဘဏ်များ၊ ဓာတ်ဆီဆိုင်များနှင့် အပန်းဖြေပန်းခြံများလည်း ပါဝင်မည်ဖြစ်သည်။ Phase 1 အပိုင်းဖြစ်သော ပလာဇာဆောက်လုပ်မှု၌ နှစ်ထပ်အဆောက်အအုံ လေးခန်းတွဲဖြင့် ပလာဇာဆိုင်ခန်းပေါင်း ၃၅ ခန်းပါဝင်မည်ဖြစ်ပြီး ဟိုတယ်ဆောက်လုပ်မှု၌လည်း အထပ်ပေါင်းခြောက်ထပ်ပါဝင်သော အခန်းပေါင်း ၅၇ ခန်းပါဝင်မည်ဖြစ်ကာအောက်ထပ်၌ လူဦးရေ ၅၀၀ ဆံ့ မင်္ဂလာခန်းမနှင့် ညှိနှိုင်းပွဲကျင်းပရာ နေရာများလည်း ပါဝင်မည်ဖြစ်ကြောင်းနှင့် ယာဉ်အစီးရေ ၂၀၀ ကျော် ရပ်နားရန် ကားပါကင်နေရာများ ပါဝင်မည်ဖြစ်သည်။

လက်ရှိအနေအထားအရ ပလာဇာဆိုင်ခန်းပေါင်း ၃၅ ခန်း ဆောက်လုပ်နေမှုမှာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ပေ ၄၀× ပေ ၆၀ အကွက်ဖြစ်သည့် အိမ်ရာ ၄၈ ကွက်ကိုလည်း မြေကွက်အပါအဝင် လူနေအိမ်ခန်းနှင့် မြေကွက်သီးသန့်လိုချင်သူများအတွက်ပါ စီစဉ်ရောင်းချပေးသွားမည်ဖြစ်ကာ အဆိုပါအိမ်ရာ ၄၈ ကွက် ဖော်ဆောင်နေမှုမှာလည်း ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါအိမ်ရာ ၄၈ ကွက် ဝယ်ယူသူများအတွက်လည်း မြေဂရန်လျှောက်ရန်အတွက် ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ Phase 1 အပိုင်းဖြစ်သော ပလာဇာဆောက်လုပ်မှုကို ယခုနှစ် ဇွန်လတွင် အပြီးသတ် ဆောက်လုပ်မည်ဖြစ်ပြီး အိမ်ရာ ၄၈ ကွက်ကိုလည်း ယခုနှစ်ကုန်ပိုင်း၌ အပြီးသတ်ဆောက်လုပ်မည် ဖြစ်သည်။

Mya Bay Developments ကုမ္ပဏီလီမိတက်မှ အရောင်းမန်နေဂျာ စိုင်းလျှိုဖာက "အဓိကတော့ ဒီစီမံကိန်းဟာ ပြည်သူတွေရဲ့ ဈေးကွက်လေ့လာမှုအရ Target ထားတာချင်း မတူကြပါဘူး၊ ရန်ကုန်မြို့က ရင်းနှီးမြှုပ်နှံမယ့်သူတွေဆိုရင် ပလာဇာကို စိတ်ဝင်စားကြပြီး ဒေသခံတွေကျတော့ မြေကွက်နဲ့ လုံးချင်းအိမ်လေးတွေကို စိတ်ဝင်စားကြပါတယ်၊ ပြီးတော့ လိုချင်တဲ့ပစ္စည်းအစုံကို တစ်နေရာတည်းမှာ ၂၄ နာရီကာလပတ်လုံး ရလာနိုင်မယ့် နေရာတစ်ခုဖြစ်လာတော့မှာဆိုတော့ ဒေသခံပြည်သူတွေအတွက် လုပ်ငန်းတွေ ပေါများလာမှာဖြစ်ပြီး ဒေသထွက် ကုန်ပစ္စည်းတွေလည်း ဈေးကွက်ပေါ် ရောက်လာနိုင်တော့မှာပါ"ဟု ပြောဆိုသည်။

ယခုအခါ ပလက်တီနမ်နိုဗယ်စားသောက်ဆိုင်နှင့် ရွှေပုဇွန်စားသောက်ဆိုင်မှာလည်း လာမည့် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ်ပြီး ဘဏ်နှင့် ကားပစ္စည်းအရောင်းဆိုင်များဖွင့်လှစ်ရန်အတွက် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အင်ဂျင်နီယာများနှင့် လုပ်သားအင်အား အမြောက်အမြားဖြင့် နေ့ည ဆောင်ရွက်နေသော အဆိုပါ ရန်ကုန်မှ ချောင်းသာနှင့် ငွေဆောင်သို့ အသွားအပြန် ခရီးတစ်ထောက်နားစခန်းဖြစ်လာမည့် ပလက်တီနမ်ပုသိမ် စီမံကိန်းအတွင်းမှ လူနေအိမ် Villa ကို ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်းက ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ပလာဇာဈေးဆိုင်ခန်းများ ဆောက်လုပ်မှုကိုလည်း ပြီးခဲ့သည့်နှစ် ဧပြီလက ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ပွင့်လင်းရာသီဖြစ်သော ယခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်း၌ ယင်းစီမံကိန်းအရောင်းပြပွဲအား ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့၌ တစ်ပြိုင်တည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပွင့်သစ္စာ**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။

**○ ဒုတိယသမ္မတမှ**

လုပ်ငန်းစဉ်များကို စနစ်တကျ အကျိုးရှိရှိ စိစစ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေများသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်သာမက ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံးအပေါ် အချိုးကျကျ အကျိုးအမြတ်ရရှိစေပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် Sensitive ဖြစ်သည့်အတွက် ဝင်ငွေပုံမှန်ရရှိရန် အခြေအနေကောင်းများနှင့် ပတ်ဝန်းကျင်ကောင်းများ ရှိနေရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ဟိုတယ်များ၏ အခန်းခဈေးနှုန်းများသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းကြီးမြင့်နေသည်ဟု သိရပါကြောင်း၊ ထိုသို့ဈေးနှုန်းကြီးမြင့်မှုသည် ဟိုတယ်အခန်းများနှင့် တည်းခိုသည့်ခရီးသည်အရေအတွက် အချိုးမမျှတ၍လည်း ဖြစ်နိုင်ပါကြောင်း၊ အဆိုပါကိစ္စရပ်ကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် ဇုန်အလိုက် ဟိုတယ်များနှင့် တည်းခိုရိပ်သာများ၏ အရေအတွက်နှင့် အခန်းများတည်ရှိမှု၊ ခရီးသည်လာရောက်တည်းခိုမှု၊ အခန်းများပိုမိုမှု (သို့မဟုတ်) အနာဂတ်ခရီးသည်လာရောက်တည်းခိုမှု အလားအလာနှင့် ဟိုတယ်များ ထပ်မံဖွင့်လှစ်ပေးသင့်သည့် အစီအစဉ်များကို ဇုန်အလိုက် စိစစ်မှုများပြုလုပ်၍ တင်ပြစေလိုပါကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် Tourism Related Infrastructure များ၊ ဟိုတယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးရင်းနှီးမြှုပ်နှံသွားနိုင်ကြရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာစေရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်နိုင်ရန် တိုက်တွန်းလိုပါကြောင်း။

ငပလီ၊ ငွေဆောင်နှင့် ချောင်းသာဒေသများသည် ပင်လယ်ကမ်းခြေကို အမှီပြု၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပင်လယ်နှင့် အနီးအဝေးကွာခြားချက်များအလိုက် ဟိုတယ်များ မည်သို့တည်ဆောက်ကြသည်ကို အခြားနိုင်ငံများဆောင်ရွက်နေသည့် နမူနာများကို လေ့လာ၍ စံနှုန်းများနှင့် အကြံပြုချက်များကို ပြုစုပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များအနေဖြင့် ခရီးသည်များနှင့် ဒေသခံများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေး သတိအစဉ်ထား၍ သက်ဆိုင်ရာနှင့် ပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများက Tourism Plan များ ရေးဆွဲရာတွင်လည်း ပါဝင်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များနှင့် မိတ်ဆက်တင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်က မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟိုတယ်ဇုန် ဥက္ကဋ္ဌများက ဇုန်အလိုက် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ထပ်မံတိုးချဲ့သင့်သည့် ခရီးစဉ်ဒေသများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးကြည်က ဟိုတယ်များ၌ လိုအပ်သောယစ်မျိုးလိုင်စင်ကိစ္စရပ်၊ Wellness and Spa လိုင်စင်ကိစ္စရပ်၊ ခရီးသွားအခွန်ကောက်ရေးကိစ္စရပ်နှင့် ဟိုတယ်သင်တန်းများ ထိရောက်စွာ ဖွင့်လှစ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရှင်းလင်းတင်ပြစဉ်။**



**မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင် ရှင်းလင်းတင်ပြစဉ်။**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

# မင်္ဂလာဒုံမြို့နယ်တွင် လူငယ်နှင့် မူးယစ်ဆေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ရန်အတွက် ရည်ရွယ်ပြီး လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ အထက(၃) အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ဝင်းဝင်းမာ၊ ရဲမှူးမျိုးကြည် (မူးယစ်တပ်ဖွဲ့)၊ ဒုရဲမှူး မြထွန်းကျော် (မင်္ဂလာဒုံမြို့မစခန်းမှူး)၊ ဦးကောင်းပိုင်(ဒုတိယမြို့နယ်ဥပဒေအရာရှိ) တို့က လူငယ်နှင့် မူးယစ်ဆေးအကြောင်း ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားကြသည်။ အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြောက်ကိုရီးယား အားကစားသမား ၂၂ ဦးအား ပြုံချန်းဆောင်းရာသီအားကစားပြိုင်ပွဲတွင် ပါဝင်ရန် ခွင့်ပြု




**ပြုံယမ်း ဇန်နဝါရီ ၂၀**
နိုင်ငံတကာအိုလံပစ်ကော်မတီက မြောက်ကိုရီးယားနိုင်ငံသား အားကစားသမား ၂၂ ဦးအား ပြုံချန်းဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ခွင့်ပြုခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါအားကစားသမားများနှင့်အတူ စည်းကမ်းကြီးကြပ်သူ ငါးဦးတို့လည်း ပါဝင်မည်ဖြစ်သည်။ ဇန်နဝါရီ ၁၉ ရက်တွင် နိုင်ငံတကာ အိုလံပစ်ကော်မတီအဖွဲ့က ဆွစ်ဇာလန်နိုင်ငံတွင် အစည်းအဝေး တစ်ရပ်ကျင်းပကာ အထက်ပါသဘောတူညီမှုကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ တောင်ကိုရီးယားနှင့်မြောက်ကိုရီးယား အိုလံပစ်ကော်မတီ၊ နိုင်ငံတကာ အိုလံပစ်ကော်မတီနှင့် ပြုံချန်းဆောင်းရာသီအိုလံပစ်အားကစားပွဲ ကြီးကြပ်ရေးကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြောက်ကိုရီးယားအားကစားသမားများသည် အမျိုးသမီး ရေခဲပြင်ဟော်ကီအပါအဝင် အားကစားပွဲငါးခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြောက်ကိုရီးယား အမျိုးသမီး ကစားသမား ၁၂ ဦးက အမျိုးသမီး ရေခဲပြင်ဟော်ကီအားကစားပြိုင်ပွဲတွင် တောင်ကိုရီးယား အမျိုးသမီး ကစားသမားများနှင့် ပူးပေါင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ပြုံချန်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ တောင်နှင့်မြောက်ကိုရီးယားအားကစားသမားများက ကိုရီးယားပြန်လည်သင့်မြတ်ရေးအထိမ်းအမှတ် အလံအောက်တွင် စုပေါင်းချီတက်ကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဘရာမို့စ်ခရုဇ်ဒုံးကျည်အား ကီလိုမီတာ ၈၀၀ အထိ ပစ်ခတ်နိုင်ရန် အိန္ဒိယပြုပြင်တည်ဆောက်

**နယူးဒေလီ ဇန်နဝါရီ ၂၀**
အိန္ဒိယနှင့် ရုရှားတို့ပူးတွဲတည်ဆောက်သော အသံထက်မြန်သည့် ဘရာမို့စ် အမျိုးအစား ခရုဇ်ဒုံးကျည်အား ပစ်ခတ်တိုက်ခိုက်နိုင်သည့် အကွာအဝေးကို ကီလိုမီတာ ၈၀၀ အထိ ရောက်ရှိနိုင်အောင် အိန္ဒိယနိုင်ငံက ပြုပြင်တည်ဆောက်ထားကြောင်း အိန္ဒိယကာကွယ်ရေးဆိုင်ရာ သတင်းရင်းမြစ်များက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။




ဘရာမို့စ်ခရုဇ်ဒုံးကျည်၏ပစ်ခတ်နိုင်မှု အကွာအဝေးသည် ယမန်နှစ်အတွင်းက ကီလိုမီတာ ၂၉၀ မှ ၄၅၀ အထိ တိုးမြင့်လာခဲ့ပြီး ယခုအခါ ကီလိုမီတာ ၈၀၀ အထိ တိုးမြင့်လာခဲ့ကြောင်း ယင်းခရုဇ်ဒုံးကျည်ကို ယခုနှစ်ကုန်ပိုင်းတွင် စမ်းသပ်ပစ်ခတ်မှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ယင်းသတင်းရင်းမြစ်က ပြောကြားသည်။

မြေပြင်မှ မြေပြင်ပစ်နှင့် ရေပြင်မှ ရေပြင်ပစ် ဘရာမို့ခရုဇ်ဒုံးကျည် အမျိုးအစားမူကွဲများကို အိန္ဒိယ ကြည်းတပ်နှင့် ရေတပ်တို့၌ ဖြန့်ကြက်ထားပြီးဖြစ်သည်။ ယမန်နှစ် နိုဝင်ဘာလအတွင်းက ဘရာမို့စ်ဒုံးကျည်အား လေယာဉ်မှ အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မြေပြင်မှ မြေပြင်ပစ် ပဲ့ထိန်းဒုံးကျည်အမျိုးအစား အဂ္ဂနီ-၅ ဒုံးကျည်အား ဇန်နဝါရီ ၁၈ ရက်တွင် စမ်းသပ်ပစ်ခတ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ အဂ္ဂနီ-၅ ပဲ့ထိန်းဒုံးကျည်သည် အဏုမြူလက်နက် ထိပ်ဖူးကို သယ်ဆောင်နိုင်ပြီး ကီလိုမီတာ ၅၀၀၀ ကျော်အထိ ပစ်ခတ်နိုင်သည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ လုံခြုံရေးတပ်ဖွဲ့များက စစ်သွေးကြွရှစ်ဦးကို ဖမ်းမိ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၀**
ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များက နိုင်ငံအရှေ့ဘက်ပိုင်းရှိ ပန်ဂျပ်ပြည်နယ်တွင်း၌ စစ်သွေးကြွများအား ရှာဖွေဖော်ထုတ်သည့် စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ရှစ်ဦးအား ဖမ်းဆီးရမိကြောင်း ဇန်နဝါရီ ၂၀ ရက် ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ယင်းစစ်ဆင်ရေးကို ပန်ဂျပ်ပြည်နယ် မြို့တော်လာဟိုးနှင့် ဒါရာဂါဇီခရိုင်တို့တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဆာမာသတင်းဌာနက ဖော်ပြသည်။

စစ်သွေးကြွများရှိနေသည့်ဒေသတွင် ထောက်လှမ်းရေးသတင်းအချက်အလက်များအရ ပါကစ္စတန်စစ်ရဲတပ်ဖွဲ့၊ အထူးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွများအဖြစ် သင်္ကာမကင်းမှုဖြင့် ဖမ်းဆီးမိသူများထဲ၌ မှတ်ပုံတင်မဲ့ နိုင်ငံခြားသားနှစ်ဦးလည်း ပါဝင်သည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွများဟု သံသယရှိသူများပိုင်ဆိုင်သည့် လက်နက်များနှင့် ခဲယမ်းမီးကျောက်များကိုလည်း ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ယမန်နှစ် ဖေဖော်ဝါရီလအတွင်းက ပါကစ္စတန်နိုင်ငံပြည်တွင်းရှိ နယ်မြေအစိတ်အပိုင်းအချို့၌ ပြုလုပ်ခဲ့သည့် စစ်သွေးကြွများအား ဖော်ထုတ်ဖမ်းဆီးသည့်စစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်။ ယင်းစစ်ဆင်ရေးကို ပါကစ္စတန်ကြည်းတပ်နှင့် အခြားသော တရားဥပဒေစိုးမိုးရေးအေဂျင်စီများက နိုင်ငံတွင်း၌ ပုန်းခိုနေသည့် အကြမ်းဖက်သမားအမာခံများ အမြစ်ဖြတ်ရေး ရည်မှန်းချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**



# အီဂျစ်သမ္မတ စီစီ ပြန်လည်ရွေးကောက်ခံမည်ဟု ထုတ်ပြန်ကြေညာ

**ကိုင်ရို ဇန်နဝါရီ ၂၀**
အီဂျစ်သမ္မတ အဗ်ဒယ် ဖက်တာ အယ်လ်စီစီက မတ်လတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အီဂျစ်နိုင်ငံ၌ ရွေးကောက်ပွဲကို မတ် ၂၆ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်သည်။

သမ္မတအယ်လ်စီစီက သမ္မတရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအဖြစ် ထပ်မံရွေးကောက်ခံမည်ကို အီဂျစ်ပြည်သူများအနေဖြင့် ခွင့်ပြုမည်ဟု ၎င်းအနေဖြင့် မျှော်လင့်ပါကြောင်း ဇန်နဝါရီ ၁၉ ရက်က ကိုင်ရိုမြို့တွင် ပြောကြားခဲ့သည်။ သို့သော် အီဂျစ်နိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများစွာရှိကြောင်းနှင့် ပြည်သူများ၏ တောင်းဆိုမှုများကို ၎င်းအနေဖြင့် ဖြည့်ဆည်းပေးရန် အစဉ်အမြဲ တွေးတောလျက်ရှိပါကြောင်း သမ္မတ အယ်လ်စီစီက ဆိုသည်။ သမ္မတ အယ်လ်စီစီက ၂၀၁၃ ခုနှစ်တွင် မိုဟာမက်မော်စီအစိုးရအား အာဏာသိမ်းခဲ့စဉ်က ကာကွယ်ရေးဝန်ကြီးအဖြစ် ဦးဆောင်ခဲ့သည်။

၂၀၁၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတအယ်လ်စီစီသည် ထောက်ခံမဲအသာဖြင့် အနိုင်ရရှိခဲ့သည်။ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် သမ္မတအယ်လ်စီစီအား ယှဉ်ပြိုင်နိုင်မည့်သူ မရှိသေးသည့်အတွက် ဒုတိယအကြိမ် သမ္မတ သက်တမ်းကို ပြန်လည်ရရှိနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သို့သော် သမ္မတ အယ်လ်စီစီအနေဖြင့် အီဂျစ်ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တောင်းဆိုမှုများသာမက အကြမ်းဖက်လုပ်ရပ်များအား တားဆီးနိုင်ရေး စသည့် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ။**



နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ပွဲတော်ကွင်း၌ သံဃာအပါး ၁၀၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**❖ နေပြည်တော်မှ**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပါဝင်လှူဒါန်းကုသိုလ်ပြုကြသည်။

ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပွဲတော်ကွင်းတွင် သံဃာတော်အပါး ၉၀၀ ဖြင့် ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့သည့် အသံမစဲမဟာပရိတ်တော်၊ မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပခဲ့ပြီး နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးတို့ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ဒုတိယအဆင့်ရေးဖြေစာမေးပွဲကျင်းပဖြေဆိုမှု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစာဖြေဌာနသို့သွားရောက်၍ နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ရာထူးဝင်ခွင့် ဒုတိယအဆင့်ရေးဖြေ စာမေးပွဲ မြန်မာစာဘာသာရပ် ဖြေဆိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုသူများကို အားပေးစကားပြောကြားသည်။

၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က Merit Basedကို အခြေခံ၍ အရည်အချင်းပြည့်ဝသည့် အတော်ဆုံးသူများကို နိုင်ငံ့ဝန်ထမ်းလောကအတွင်း ရောက်ရှိစေရေး ဆောင်ရွက်သွားရန်ဟု မြွက်ကြားလမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ ဦးစားပေး နယ်ပယ်လေးခုအနက် ဦးစားပေးနယ်ပယ်(၂)၏ အရည်အချင်းကို အခြေခံသည့် ရွေးချယ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်းတို့အတွက် ရည်ရွယ်၍လည်းကောင်း၊ ဦးစားပေးနယ်ပယ်(၄)၏ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာရှိမှုတို့ကို ရည်ရွယ်၍ လည်းကောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သောအရည်အသွေးမြင့်အရာထမ်းများကိုရွေးချယ်ပေးရာတွင် လူမှန်၊ နေရာမှန် (Right Person, Right Place)ဖြစ်စေရေးအတွက် ယခင်က အသုံးပြုလျက်ရှိသောရေးဖြေစာမေးပွဲစနစ်တွင် ပဏာမစစ်ဆေးခြင်း(Screening Test)ကိုထည့်သွင်း၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့ပြီးနောက် အောင်မြင်သူ ၂၄၉၃ ဦးတို့အား မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သုတရေးရာဘာသာရပ်သုံးခုဖြင့် စစ်ဆေးသည့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို စာစစ်ဌာနငါးခုတွင် ထပ်မံကျင်းပခြင်းဖြစ်သည်။

ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၁ ခုတို့မှ ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၄၈၀ နေရာတွင် ရွေးချယ်ခန့်ထားရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူခဲ့သည့် ရာထူးဝင်ခွင့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို ယနေ့ ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့များရှိ စာစစ်ဌာန ငါးခုတွင် တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၃၂၅ ဦး ရှိကြောင်း သိရသည်။



**သတင်းစဉ်**

**စစ်ကိုင်း ဇန်နဝါရီ ၂၀**

# သမဝါယမတက္ကသိုလ် (စစ်ကိုင်း) စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမတက္ကသိုလ် (စစ်ကိုင်း)၏ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက သမဝါယမတက္ကသိုလ် (စစ်ကိုင်း)အနေဖြင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များကို စွမ်းဆောင်ရည် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်တစ်ခုချင်းစီအလိုက် အထောက်အကူပေးမည့် စီးပွားရေးပညာရပ်ဆိုင်ရာ အထူးပြုဘွဲ့ငါးမျိုးကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်စီးပွားရေးပညာတတ်လူငယ်များအနေဖြင့် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှနေပြီး နိုင်ငံတော်ကို လက်တွေ့အကျိုးပြုကြရန်လိုကြောင်း၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး ယှဉ်ပြိုင်နိုင်သည့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် လူမှုဆန်းသစ်တီထွင်မှု ပညာတတ် (Social Innovator) ဖြစ်အောင် မိမိကိုယ်ကိုယ် ကြိုးစားတည်ဆောက်သွားရန် လိုကြောင်း၊ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဒေသအလိုက်လိုအပ်သော နည်းပညာတို့ကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိပညာ အမြော်အမြင်တို့ဖြင့် ပြည့်စုံကြွယ်ဝအောင် အစဉ်အမြဲကြိုးစားရန်လိုကြောင်း ပြောကြားသည်။

သမဝါယမတက္ကသိုလ် (စစ်ကိုင်း)မှ စီးပွားရေးသိပ္ပံဘွဲ့ (B.BSc)၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Accounting and Finance)၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာမဟာဘွဲ့ ( Master of Marketing Management)၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာမဟာဘွဲ့ (Master of Social Enterprise Management )၊ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (Master of Applied Statistices)၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (Master of Regional Development ) များကို ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်မှ စတင်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ် စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် PGDSEM ဘွဲ့ ရှစ်ဦးနှင့် B.BSc ဘွဲ့ ၄၈၅ ဦး စုစုပေါင်းဘွဲ့ရရှိသူ ၄၉၃ ဦး ရှိပြီး တက်ရောက်ဘွဲ့ယူသူ ၄၇၁ ဦးအား ဘွဲ့နှင်းပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးဟူသည်

မောင်စာဂ

ယနေ့အချိန်အခါသမယတွင် ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားပြည်သူအပေါင်းက ရွေးကောက်တင်မြှောက်သောပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးကို ဖွဲ့စည်းထားရှိသည်။ ပြည်သူ့ကိုယ်စားလှယ်များ ဦးဆောင်ဦးရွက်ပြု၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို စနစ်တကျ ကိုင်တွယ်ကျင့်သုံးပြီး နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်အပေါ်ကို သစ္စာရှိရပါမည်။ ပြည်သူတွေအပေါ်ကို သစ္စာရှိကြရပါမည်။ နိုင်ငံတော်အပေါ်သစ္စာရှိကြလျှင် ပြည်သူတွေအပေါ်လည်း သစ္စာရှိကြမည်ဖြစ်သည်။ နိုင်ငံတော်အပေါ်သစ္စာမဲ့လျှင် ပြည်သူတွေအပေါ် သစ္စာမဲ့ရာကျပါမည်။ နိုင်ငံတော်အပေါ်သစ္စာမဲ့လျှင် နိုင်ငံတော်ကိုပုန်ကန်ဖို့ ဦးတည်လာတတ်ကြသည်။ နိုင်ငံတော်အပေါ်သစ္စာဖောက်ဖျက်၍ နိုင်ငံတော်အပေါ် ပုန်ကန်မှုကျူးလွန်လာလျှင် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးဖြင့် တရားစွဲဆိုအပြစ်ပေးခံရနိုင်သည်။ ဤသို့စောကြောမိသဖြင့် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးအကြောင်း အနှစ်ချုပ်မျှဝေပါရစေ။

**နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၏အဓိပ္ပာယ်**

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၏ အဓိပ္ပာယ်ကို ရာဇသတ်ကြီးပုဒ်မ ၁၂၁ (၁) တွင် ဤသို့ ပြဋ္ဌာန်းထားပါသည် -

**မည်သူမဆို -**

(က) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုခုကိုသော်လည်းကောင်း၊ လူတစ်ဦးဦးကိုသော်လည်းကောင်း ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့တည်းမဟုတ်

(ဂ) ထိုသို့စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသောနည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန် အားထုတ်လျှင် သို့တည်းမဟုတ် ဖြိုဖျက်ရန်အခြားနည်းဖြင့် ပြင်ဆင်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုနှင့် ပတ်သက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုကို ပြုရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ ပြည်ထောင်စုနိုင်ငံအတွင်း၌သော်လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတစ်ဦးဦးကိုလှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့်ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်သည်။

ပုဒ်မ ၁၂၁ ပါ ပြဋ္ဌာန်းချက်များကို လေ့လာစိစစ်ပါက အပိုဒ်ခွဲ (က) (ခ) (ဂ) နှင့် (ဃ) ဟူ၍ အင်္ဂါရပ် (၄) ရပ်ကို တွေ့ရှိရသော်လည်း အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့သည် ပြည်ထောင်စုနိုင်ငံကို ဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်ခြင်း၊ ထိုသို့စစ်မက်ပြိုင်ဆိုင်ရာ အခြားနိုင်ငံတစ်ခုခုကိုသော်လည်းကောင်း၊ လူတစ်ဦးဦးကိုသော်လည်းကောင်း ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကိုလှုံ့ဆော်ခြင်း၊ လူတစ်ဦးဦးနှင့်ပူးပေါင်းကြံစည်ခြင်းတို့ ကျူးလွန်ခြင်းအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ အပိုဒ်ခွဲ (ဃ) သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောသောင်းကျန်းသော နည်းလမ်းဖြင့်ဖြစ်စေ၊ ဖြိုဖျက်ခြင်း၊ အားထုတ်ခြင်း၊ ပြင်ဆင်ခြင်း၊ အားထုတ်မှုတွင်ပါဝင်ခြင်း၊ အားထုတ်မှုနှင့် ပတ်သက်ခြင်းနှင့် ထိုသို့အားထုတ်မှုကို ပြုရန်ဖြစ်စေ၊ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်ခြင်း၊ တစ်ဦးဦးနှင့်ပူးပေါင်းကြံစည်ခြင်းကို ကျူးလွန်ခြင်းအတွက် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ)ပါ တားမြစ်ချက်များသည် အမျိုးအစားတစ်ခုဖြစ်ပြီး အပိုဒ်ခွဲ (ဃ)ပါ တားမြစ်ချက်က အမျိုးအစားတစ်ခုဖြစ်၍ အမျိုးအစား နှစ်မျိုးနှစ်စားသာ ဖြစ်ကြောင်း တွေ့ရပါသည်။

**ချမှတ်ရမည့်ပြစ်ဒဏ်**

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီး ကျူးလွန်သူကို ချမှတ်ရမည့် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးဥပဒေတွင် ဤသို့ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၂၂ (၁) မည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်နှစ်နှစ်ဆယ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

(၂) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်သူသည် သို့မဟုတ် သာမန်အားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းတွင် နေထိုင်သူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အပတွင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်နှစ်နှစ်ဆယ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

**သမိုင်းကြောင်းဖြစ်စဉ်**

ပြည်ထောင်စုနိုင်ငံကို စစ်မက်ပြိုင်ဆိုင်ရန် လှုံ့ဆော်မှု၊ ကြံစည်မှုကို ကျူးလွန်ကြောင်း ထင်ရှားမြင်သာအောင် တင်ပြရလျှင် ယခုပုဒ်မ ၁၂၁ ဖြစ်ပေါ်ပြဋ္ဌာန်းလာရခြင်း၏ ဥပဒေသမိုင်းကြောင်းကို ရှင်းလင်းတင်ပြရန် လိုအပ်ပါသည်။ ၁၈၆၀ ပြည့်နှစ် အက်ဥပဒေနံပါတ် (၄၅) အိန္ဒိယ ရာဇသတ် ကိုဥပဒေတွင် ပုဒ်မ ၁၂၁ ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

"အင်္ဂလိပ်ဘုရင်မင်းမြတ်ကို စစ်မက်ပြိုင်ဆိုင်ခြင်း၊ စစ်မက်ပြိုင်ဆိုင်ရန် ကြံစည်အားထုတ်ခြင်း၊ စစ်မက်ပြိုင်ဆိုင်ရန် အားပေးကူညီခြင်းအကြောင်း" ဟူ၍ ခေါင်းစီးတပ်လျက် "မည်သူမဆို အင်္ဂလိပ်ဘုရင်မင်းမြတ်ကို စစ်မက်ပြိုင်ဆိုင်လျှင်ဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန် အားပေးကူညီလျှင်ဖြစ်စေ ၎င်းသူကို သေဒဏ် (သို့) တစ်သက်ပတ်လုံး တစ်ကျွန်းပို့ဒဏ်ကို စီရင်ရမည့်အပြင် ၎င်းသူပိုင်ပစ္စည်းအရပ်ရပ်ကိုလည်း သိမ်းယူစေရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

အဆိုပါပုဒ်မ ၁၂၁ ၏ ပြဋ္ဌာန်းချက်အောက်တွင် အကျယ်ရှင်းလင်းချက်အနေဖြင့် ဤသို့ ရှင်းလင်းထားသည်-

(က) စစ်မက်ပြိုင်ဆိုင်ခြင်း အမျိုးမျိုးနှင့်စပ်လျဉ်း၍ တိုင်းနိုင်ငံတွင် ပုန်ကန်ခြင်း၊ အခြားတိုင်းနိုင်ငံက စစ်ချီလာခြင်း၊ နိုင်ငံတော်အပတွင် စစ်မက်ပြိုင်ဆိုင်ခြင်းများ ပါဝင်ကြောင်း၊

(ခ) ယခုပုဒ်မအရ ပြစ်မှုမြောက်ရန်အတွက် လူဦးရေကို ကန့်သတ်ထုတ်ဖော်ထားမှုမရှိသည့်အပြင် လက်နက်ခဲယမ်းကိရိယာ၊ တန်ဆာ၊ ဘင်ခရာ၊ အလံများပါလျက် ဦးစီးဦးဆောင်များဖြင့် ပြင်ဆင်ပြုလုပ်ခြင်းနှင့် ထိုသို့မပါမရှိဘဲ၊ စစ်မက်ကိရိယာ တစ်စုံတစ်ရာမရှိဘဲ အထင်အရှား မတရားသောအကြံအရွယ်အတိုင်း အစီအစဉ် မရှိသော အစုအရုံးများ ပြုလုပ်ခြင်းတို့သည် ခြားနားခြင်းမရှိ အတူတူပင်ဖြစ်ကြောင်း၊

(ဂ) ယခုပုဒ်မအရ ပြစ်မှုတွင် -

(၁) လူဦးရေ နည်းခြင်း များခြင်းမှာ အထောက်အကြောင်းမဟုတ်ကြောင်း၊

(၂) လူပေါင်းသုံးလေးဦးသည် လူပေါင်းတစ်ရာကဲ့သို့ပင် လူသူလက်နက်စုရုံးပြင်ဆင်လျက် စစ်မက်ပြိုင်ဆိုင်နိုင်ကြောင်း၊

(၃) စစ်လက်နက်၊ တန်ဆာ၊ ကိရိယာ၊ အလံ၊ ရွှေထီးစသော မင်းမြောက်တန်ဆာများပါမှ ပြစ်မှုမြောက်သည်မဟုတ်ကြောင်း၊

(၄) လူသူလက်နက်စုရုံးသည့်အပြင် ပုန်စားပုန်ကန်တော်လှန်ခြင်းထက် အများသဘောတူ အကြံအရွယ်တစ်စုံတစ်ရာအတွက် ပြုလုပ်ခြင်းကို ဆိုလိုကြောင်း၊

အထက်ပါ မူလကနဦးပြဋ္ဌာန်းခဲ့သည့် ဥပဒေပုဒ်မ ၁၂၁ ၏ ပြဋ္ဌာန်းချက်အရဆိုပါက စစ်မက်ပြိုင်ဆိုင်ရန် ကြံစည်အားထုတ်သူ၊ အားပေးကူညီသူများအတွက်သာ အပြစ်ပေးနိုင်ပြီး ကြံစည်မှုသက်သက်ဖြင့် အပြစ်မပေးနိုင်သည်ကို တွေ့ရသည်။ ယင်းအချက်ကြောင့် ပူးပေါင်းကြံစည်ခြင်းများကို ပြစ်ဒဏ်စီရင်နိုင်ရေးအတွက် ၁၈၇၀ ပြည့်နှစ်၊ အက်နံပါတ် (၂၇) ပုဒ်မ (၄) အရ ပုဒ်မ ၁၂၁ (က) ကို အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ပါသည်-

"မည်သူမဆို အင်္ဂလိပ်အစိုးရမင်းတို့ စိုးပိုင်တော်မူသည့် အိန္ဒိယနိုင်ငံတော်အတွင်း သို့မဟုတ် ၎င်းနိုင်ငံတော် အပတွင် ပုဒ်မ ၁၂၁ အရ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်မျိုးမျိုးကို ကျူးလွန်ရန်ဖြစ်စေ၊ ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အင်္ဂလိပ်မင်းတို့ စိုးပိုင်တော်မူသည့် အိန္ဒိယနိုင်ငံတော်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အင်္ဂလိပ်ဘုရင်မင်းမြတ် ရွှေလက်တော်မှ လွတ်ကင်းစေရန် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အိန္ဒိယအစိုးရမင်းတို့ သို့မဟုတ် အိန္ဒိယနိုင်ငံတော်ဝင်၊ တိုင်းပြည်ဆိုင်ရာ အရပ်ရပ်ဆိုင်ရာ အစိုးရမင်းတို့ကို ရာဇဝတ်ထိုက်သင့်အောင် အနိုင်အထက်ပြုလုပ်အောင် ဟန်ဆောင်၍ ခြိမ်းခြောက်ရန် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ ၎င်းသူကို တစ်သက်ပတ်လုံး သို့မဟုတ် တစ်သက်အောက် လျော့နည်းသည့် ကာလအပိုင်းအခြားအတွက် တစ်ကျွန်းပို့ဒဏ်ကို သော်လည်းကောင်း၊ ဆယ်နှစ်ထိချမှတ်နိုင်သည့် ထောင်ဒဏ်တစ်မျိုးမျိုးကို သော်လည်းကောင်း စီရင်စေမည် "

"ရှင်းလင်းဖော်ပြချက်။ ယခုပုဒ်မအရ ပူးပေါင်းကြံစည်မှုမြောက်ရန်အလို့ငှာ ပူးပေါင်းကြံစည်ခြင်းကြောင့် အမှုအရာတစ်စုံတစ်ခုကို ပြုလုပ်မလို သို့မဟုတ် တရားဥပဒေနှင့်မညီ တစ်စုံတစ်ရာ လုပ်ထားစေရန်မလို" ဟူ၍ ပြဋ္ဌာန်းခဲ့ပါသည်။

**သီးခြားဥပဒေဖြင့်ပြဋ္ဌာန်းခြင်း**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်အခါ ၁၉၄၈ ခုနှစ်၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီး အက်ဥပဒေ ( ၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၄) ကို သီးခြားပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရသည်။

"နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်းပြစ်မှုကို အဓိပ္ပာယ်ရှင်းလင်းဖော်ပြ၍ ထိုပြစ်မှုကျူးလွန်သူများ အတွက် သို့တည်းမဟုတ် ကြံရာပါများအတွက် အပြစ်ဒဏ်ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့် အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်-

၁။ ဤအက်ဥပဒေကို နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကုန်မှုကြီးအက်ဥပဒေဟု ခေါ်ရမည်။

၂။ မည်သူမဆို -

(က) ပြည်ထောင်စုကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုခုကို သော်လည်းကောင်း၊ လူတစ်ဦးဦးကိုသော်လည်းကောင်း ကူညီလျှင် သို့တည်းမဟုတ်

(ဂ) ယင်းသို့စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုအတွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင်၊ သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့များကို သော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကို သော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသော နည်းလမ်းဖြင့်ဖြစ်စေ၊ ဖြိုဖျက်ရန် ကြံစည်အားထုတ်လျှင် သို့တည်းမဟုတ် အခြားနည်းဖြင့် ပြင်ဆင်ခြင်းပြုလျှင် သို့တည်းမဟုတ် ယင်းသို့အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ယင်းသို့ အားထုတ်မှုနှင့်ပတ်သက်လျှင် သို့တည်းမဟုတ် ယင်းသို့ကြံစည်အားထုတ်မှုကို ပြုရန်ဖြစ်စေ၊ ယင်းသို့ ကြံစည်အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ယင်းသို့ကြံစည်အားထုတ်မှုနှင့် ပတ်သက်ရန်ဖြစ်စေ၊ ပြည်ထောင်စုအတွင်း၌ သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း ပြစ်မှုကြီးကို ကျူးလွန်သည်။

၃။ (၁)မည်သူမဆို ပြည်ထောင်စုအတွင်းတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း ပြစ်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်စီရင်ခြင်းခံရမည်။

(၂) ပြည်ထောင်စုနိုင်ငံသားဖြစ်သူ သို့တည်းမဟုတ် ယေဘုယျအားဖြင့် ပြည်ထောင်စုအတွင်းတွင် နေထိုင်သူတစ်ဦးတစ်ယောက်သည် ပြည်ထောင်စုပြင်ပတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်လျှင် သေဒဏ်စီရင်ခြင်းခံရမည်။"

**ရာဇသတ်ကြီးဥပဒေထဲတွင်ပြန်လည်ထည့်သွင်းခြင်း**

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ၁၉၄၈ ခုနှစ် အက်ဥပဒေ အမှတ် ၁၄ အရ ဥပဒေတစ်ရပ်အဖြစ် သီးခြားပြဋ္ဌာန်းထားခဲ့ရာမှ ၁၉၅၀ ပြည့်နှစ် အက်ဥပဒေ အမှတ် ၂၀ ဖြင့် ရာဇသတ်ကြီးဥပဒေထဲတွင် ပြန်လည်ထည့်သွင်း ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုဆိုသည်မှာ ပြည်ထောင်စုနိုင်ငံတော် သို့မဟုတ် ပြည်ထောင်စုအဖွဲ့ကို ဖြိုဖျက်ရန်၊ ပြိုကွဲရန် ကြံစည်ခြင်းပြုလျှင်ပင် ပြစ်မှုမြောက်ကြောင်း ထင်ရှားသည်။ မူလဥပဒေပြဋ္ဌာန်းခဲ့သည်မှ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည့် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်ပြီး ပြစ်မှုကျူးလွန်သူသည် သေဒဏ်ထိုက်သင့်သည်အထိ ကြီးလေးသောပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ရန် စိတ်ဖြင့်ပင် ကြံစည်မှုမပြုသင့်ပါကြောင်းနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေ၍ ဥပဒေကို လေးစားလိုက်နာကြရန် လွန်စွာအရေးကြီးပါကြောင်း ဖော်ပြလိုက်ပါရစေ။

နိုင်ငံတော်၏ကျေးဇူးသစ္စာကို အစဉ်စောင့်သိရိုသေ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ထာဝစဉ်ဦးတည် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ။ ။

**နိုင်ငံတော်အပေါ် သစ္စာရှိကြလျှင် ပြည်သူတွေအပေါ်လည်း သစ္စာရှိကြမည်ဖြစ်သည်။ နိုင်ငံတော်အပေါ် သစ္စာမဲ့လျှင် ပြည်သူတွေအပေါ် သစ္စာမဲ့ရာကျပါမည်။ နိုင်ငံတော်အပေါ် သစ္စာမဲ့လျှင် နိုင်ငံတော်ကိုပုန်ကန်ဖို့ ဦးတည်လာတတ်ကြသည်။**

**နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်၍ နိုင်ငံတော်အပေါ် ပုန်ကန်မှုကျူးလွန်လာလျှင် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးဖြင့် တရားစွဲဆိုအပြစ်ပေးခံရနိုင်သည်။**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ သွားရောက်ကြည့်ရှု စစ်ဆေး



**နေပြည်တော်  ဇန်နဝါရီ  ၂၀**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးလွှတ်တော်နှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖျာပုံမြို့တွင်ကျင်းပသည့် စာကြည့်တိုက်ဖွင့်ပွဲနှင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်

**ဖျာပုံ  ဇန်နဝါရီ  ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းက ဖျာပုံမြို့နယ် ကျုံကူတူးမြောင်းကျေးရွာရှိ အမှတ်(၈၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာကြည့်တိုက်အလှူရှင်၊ ကျောင်းအုပ်ဆရာမကြီးတို့နှင့်အတူ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအတွက် စာအုပ်စာစောင်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာကြည့်တိုက်အလှူရှင် ဦးဝီချိုင်း (ကြိုးကြာလျှပ်စစ်)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များအား ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စာသင်ကျောင်းအတွက် အလှူငွေလှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်တို့က ဆုများပေးအပ်ချီးမြှင့်သည်။ ယနေ့ဖွင့်လှစ်သည့် စာကြည့်တိုက်သည် ငွေကျပ် ၁၅၃ သိန်းတန်ဖိုးရှိ အလျား၊ အနံ ပေ ၂၀ စီနှင့် အမြင့် ၁၅ ပေအရွယ်အစားရှိ အာစီကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ယင်းစာကြည့်တိုက်အတွက် ပရိဘောဂများနှင့် စာအုပ်စာစောင်များကို အလှူရှင်များက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် အလှူရှင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်ခန်းမ၌ လူငယ်နှင့်စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ကျင်းပသည့် ပြည်သူ့စကားဝိုင်း(Public Talk)ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး **(အောက်ပုံ)**စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ် လှူဒါန်းသည်။

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ စာရေးဆရာ မောင်ဇေယျာ၊ ဖိုးအောင်လေးနှင့် သတင်းထောက် မသူဇာနွယ်တို့က ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ အကြံပြုဆွေးနွေးမှုများနှင့် မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်အား ကြည့်ရှုစစ်ဆေးပြီး စာအုပ်စာစောင်နှင့် အားကစားပစ္စည်းများကို ဖြည့်ဆည်းပေးအပ်ကာ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**






# (၆၄)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပ

**ရန်ကုန်  ဇန်နဝါရီ  ၂၀**

(၆၄)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းသည် သာမန်အသင်းအဖွဲ့မဟုတ်ဘဲ မြန်မာနိုင်ငံရှိ ဆရာဝန်ထုတစ်ရပ်လုံးကို ကိုယ်စားပြုသော ပညာရှင်အသင်းကြီးဖြစ်ကြောင်း၊ ဆရာဝန်များ၏ Capacity building နှင့် ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသော အသင်းကြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ (Health domain) တစ်ခုလုံး တိုးတက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဖွဲ့ဝင်များ တိုးတက်များပြားလာစေရေးအတွက် မဟာဗျူဟာများ ချမှတ်ကာ ဆောင်ရွက်စေလိုကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားနှင့် ကျန်းမာရေးကို အကျိုးပြုမည်ဖြစ်ကြောင်း။

ဆရာဝန်များ၏ ဆေးပညာဆိုင်ရာ အသိပညာကို အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် ပြည်သူများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု(Quality Care) ပေးနိုင်ရန်လည်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး Continuous Medical Education (CME) အစီအစဉ်များ ဆောင်ရွက်ခြင်းသည်လည်း အရေးကြီးကြောင်း၊ နောင်တွင် ဆရာဝန်များ ဆမသက်တမ်းတိုးသော အခါတွင် Continuous Medical Education (CME) အစီအစဉ်များသို့ တက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း။




(၆၄)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံတွင် ဆွေးနွေးဟောပြောမည့် အကြောင်းအရာနှင့် ခေါင်းစဉ်များသည် မြန်မာနိုင်ငံ ကျန်းမာရေး ကဏ္ဍအတွက် အရေးတကြီး လိုအပ်ချက်များကို ထင်ဟပ်နေသည်ကို တွေ့ရှိရသည့်အတွက် ဤညီလာခံကြီး ဖြစ်မြောက်အောင် စည်းရုံးဆောင်ရွက်ပေးသော ကော်မတီအဖွဲ့ဝင်များကို ကျေးဇူးတင်ပါကြောင်း၊ ဤညီလာခံမှတစ်ဆင့် အထွေထွေရောဂါကု ဆရာဝန်များ (General Practitioners)သည် ပြည်သူလူထုအများစု၏ ကျန်းမာရေးကို အများဆုံးစောင့်ရှောက်ပေးနေသောကြောင့် အထွေထွေရောဂါကု ဆရာဝန်များအသင်း (General Practitioners Society)၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အလေးထားဆောင်ရွက်နေကြောင်း၊ ထိုကဲ့သို့ ကျန်းမာရေး အသိပညာပေးရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် အထွေထွေရောဂါကု ဆရာဝန်အသင်းများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားလာလျှင် ရောဂါများဖြစ်ပွားမှု နည်းလာပြီး ဆေးရုံ၊ ဆေးခန်းသို့ လူနာများ လာရောက်ပြသရမှု နည်းသွားမည်ဖြစ်ကာ လူနာများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ(Quality Health Care)ကို ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ ဆေးပညာလောကအတွက်သာမက ကျန်းမာရေးကဏ္ဍတစ်ခုလုံး အလွန် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြင့်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံဆေးကောင်စီတို့မှ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ညီလာခံ Academic ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အေးမောင်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ညီလာခံအား ဆက်လက်ကျင်းပရာ ပါမောက္ခဒေါက်တာ အေးမောင်ဟန်က အမှာစကား ပြောကြားပြီး သက်ဆိုင်ရာခေါင်းစဉ်အလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ညီလာခံအား ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်တာ ကျင်းပသွားမည် ဖြစ်သည်။

**သီသီမင်း**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာ့တပ်မတော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၀** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey K.SHOIGU အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။



ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကာ အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် ရုရှား-မြန်မာ နှစ်နိုင်ငံအကျိုးတူ ဆွေးနွေးပွဲ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော်(ရေ)နှစ်ရပ်အကြား စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန် လည်ပတ်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာ့တပ်မတော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားအား ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့၏ ရှေ့မှောက်၌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Lieutenant General Alexander V. FOMIN တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့တပ်မတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ရောဝဏ်-ရတနာ Smart District လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဏာမလုပ်ငန်း သဘောတူစာချုပ်ချုပ်ဆိုပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် ရောဝဏ်-ရတနာ Smart District လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်တို့အကြား ပဏာမ သဘောတူညီချက် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel (Ballroom)၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အတိုင်ပင်ခံပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုမ္ပဏီမှဥက္ကဋ္ဌနှင့် ဒါရိုက်တာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်နှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် Group CEO ဦးအောင်ဇော်နိုင်တို့က ရောဝဏ်-ရတနာ Smart District လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဏာမ သဘောတူညီချက် စာချုပ်များအား လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက စာချုပ်ချုပ်ဆိုရခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် Group CEO ဦးအောင်ဇော်နိုင်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသော အခမ်းအနားသည် ရန်ကုန်မြို့တော်ကြီးအား စိမ်းလန်းစိုပြည်၍ နေချင်စဖွယ်ကောင်းသော နိုင်ငံတကာအဆင့်မီ Smart District စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် Infrastructure လုပ်ငန်းများကို Master Developer မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်၊ ရန်ကုန်မြို့တော်၏ မြို့ပြဖွံ့ဖြိုးမှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၃)မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်လျော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | MEIYONG Seaweed Super Whitening Extra Whitening & Face Lift | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Hydroquinone (+) Mercury (+) |
| ၂။ | O-White Extra Set Cream Special Formula (Day Cream + Night Cream) | OK Cosmetics Limited Partnership, Thailand | Mercury (+) |
| ၃။ | Dr. YANHEE Skin Care Set (Green Color) | Yong Huad Heng Pte., Thailand (Sole Agent) | Mercury (+) |








၃။ အဆိပ်သင့်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မော်တော်ဆိုင်ကယ်များ ပေးအပ်

**ပဲခူး ဇန်နဝါရီ ၂၀**

မော်တော်ဆိုင်ကယ်ပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၏ စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် ကမ္ဘာ့ဘဏ်ချေးငွေမှ ဝယ်ယူထောက်ပံ့သော HONDA NCX Wave 110 မော်တော်ဆိုင်ကယ်များကို ကွင်းဆင်းဝန်ထမ်းများ၏ တောင်သူ ပညာပေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ပြည်နယ်) ဦးအေးကိုကို(ရုံးချုပ်)က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် တာဝန်ခံများအား ပေးအပ်သည်။ **သတင်းစဉ်**



# အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်း၍ "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Park Royal Hotel ၌ ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဦးမြင့်(စီးပွားရေးပညာရှင်)၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်(စီးပွားရေးပညာရှင်)၊ ဦးမြသိန်း(နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်-ငြိမ်း)၊ ဦးခင်မောင်ညို(ဘောဂဗေဒ) တို့က ဟောပြောမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဆိုပါခေါင်းစဉ်နှင့်ပတ်သက်၍ စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**နေသန်**

**✱ ကျောဖုံးမှ**

လစဉ် သီဆိုကပြဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အကပဒေသာဖျော်ဖြေတင်ဆက်မှုများကို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး လာရောက်ကြည့်ရှုကြသူများအား သွားလာရေးအဆင်ပြေစေရန် နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) သို့ မော်တော်ယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ ဝင်ရောက်လေ့လာလိုကြသည့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ပရဟိတကျောင်းများမှ လူငယ်များနှင့် ကလေးငယ်များအား ပုံမှန်ဝင်ကြေး လူကြီး ကျပ် ၁၀၀၀ နှင့် ကလေး ကျပ် ၅၀၀ သတ်မှတ်ထားသော်လည်း ယနေ့တွင် ၅၀ ရာခိုင်နှုန်း လျှော့ချပေးထားကြောင်း သိရသည်။

ယင်းဖျော်ဖြေပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ရေဆင်းသစ်တောတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

**သတင်းစဉ်**











အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများ အားပေးကြည့်ရှုကြစဉ်။





# စာကြည့်တိုက်မှူးများအတွက် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများကွန်ဂရက် (CONSAL) ကို ကျင်းပခြင်းဖြင့် အရှေ့တောင်အာရှဒေသအတွင်းရှိ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်နှင့် စာကြည့်တိုက်အဖွဲ့အစည်းများ၊ စာကြည့်တိုက်နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများကို ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်မှုနှင့် ကွန်ရက်တည်ဆောက်ရန်၊ ထိန်းသိမ်းရန်နှင့် တိုးတက်ခိုင်မာလာစေပါသည်။ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံအတွင်းရှိ စာကြည့်တိုက်နှင့် သုတပညာရပ်များ၊ အထောက်အထားများနှင့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ စာကြည့်တိုက်နှင့်ဆက်နွယ်နေသော အခြားဝန်ဆောင်မှုများကို အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုနိုင်သည်။ အရှေ့တောင်အာရှဒေသအတွင်းရှိ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်း၍ CONSAL ၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ အကျိုးစီးပွားကို ကူညီပံ့ပိုးကာ အရှေ့တောင်အာရှဒေသအတွင်းရှိ စာကြည့်တိုက်ဆိုင်ရာ အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကြပါသည်။

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ၏ အဓိကခေါင်းစဉ်မှာ Next Generation Libraries: Collaborate and Connect ဖြစ်ပါသည်။ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံသို့ စာကြည့်တိုက်ပညာရပ်နှင့် စာကြည့်တိုက်လုပ်ငန်းကို စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်ရန်အတွက် မှတ်ပုံတင်စာရင်းများ ရေးသွင်းနိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

မှတ်ပုံတင်ခြင်းကို ညီလာခံ၏ website www.consalxvii.org/ registration တွင်သာ ပြုလုပ်နိုင်ပါသည်။ website တွင် ဖော်ပြထားသော ပုံစံတွင်ဖြည့်သွင်းပြီး ပေးပို့ပါက ညီလာခံမှတ်ပုံတင်သည့် အီးမေးလ်လိပ်စာသို့ အမည်စာရင်းရောက်ရှိလာမည်ဖြစ်ပါသည်။ ကျင်းပရေးကော်မတီက မှတ်ပုံတင်ကြေးပေးသွင်းရန် စာပို့မည်ဖြစ်၍ မိမိတို့အီးမေးလ်ကို ပုံမှန်စစ်ရန် လိုအပ်ပါသည်။

ကြိုတင်မှတ်ပုံတင်ခြင်းနောက်ဆုံးနေ့ရက် - ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်
ညီလာခံမတိုင်မီမှတ်ပုံတင်ခြင်း - ၂၀၁၈ ခုနှစ် ဧပြီလ ၂၉ ရက်
ညီလာခံနေရာတွင်မှတ်ပုံတင်ခြင်း - ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်

မှတ်ပုံတင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | တစ်ရက်တည်း မှတ်ပုံတင်ခြင်း | ကြိုတင် မှတ်ပုံတင်ခြင်း | ညီလာခံမတိုင်မီ မှတ်ပုံတင်ခြင်း | ညီလာခံနေရာတွင် မှတ်ပုံတင်ခြင်း |
|---|---|---|---|---|
| နိုင်ငံခြားသားများ | US$ 100 | US$ 250 | US$ 300 | US$ 350 |
| မြန်မာနိုင်ငံသားများ (MLA အသင်းဝင်)** | | ၂၀၀၀၀ ကျပ် | - | ၃၀၀၀၀ ကျပ် |
| မြန်မာနိုင်ငံသားများ (MLA အသင်းဝင် မဟုတ်သူ) | | ၃၀၀၀၀ ကျပ် | - | ၄၀၀၀၀ ကျပ် |
| မြန်မာနိုင်ငံသား (ကျောင်းသား)*** | | ၁၅၀၀၀ ကျပ် | - | ၂၀၀၀၀ ကျပ် |

မှတ်ပုံတင်ကြေး အပြည့်အဝပေးသွင်းပြီးသူများကိုသာ ညီလာခံတက်ရောက်ခွင့်ပေးမည် ဖြစ်ပါသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရာတွင် အထက်ဖော်ပြပါ မှတ်ပုံတင်ကြေး အမျိုးအစားအလိုက်၊ နောက်ဆုံးပေးသွင်းရမည့်နေ့အလိုက် သတ်မှတ်ထားသော ပမာဏကို အပြည့်အဝပေးသွင်းရပါမည်။

မှတ်ပုံတင်ကြေးပေးသွင်းပြီးပါက ငွေသွင်းသည့်အထောက်အထားကို registration@ consalxvii.org သို့ ပို့ပေးရပါမည်။ သို့မှသာ ကျင်းပရေးကော်မတီက မှတ်ပုံတင်စာရင်းတွင် ပါဝင်ပြီးကြောင်းနှင့် ညီလာခံမှတ်ပုံတင်အမှတ်ကို သက်ဆိုင်ရာလူထံ အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်သည်။

မှတ်ပုံတင်ကြေးပေးသွင်းပြီးပါက ညီလာခံတက်ရောက်သူအနေဖြင့် အောက်ပါအခွင့်အလမ်းများကို ရရှိပါမည်။

- ညီလာခံ၊ စာတမ်းဖတ်ပွဲများနှင့် ပြပွဲများသို့ ဝင်ရောက်ခွင့်
- ညီလာခံမှ ပေးသော အိတ်နှင့်အခြားပစ္စည်းများရယူခွင့်
- ညီလာခံဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ညစာစားပွဲတက်ရောက်ခွင့်
- လေ့လာရေးခရီးတစ်ခု လိုက်ပါခွင့်

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ အသင်းဝင်များအနေဖြင့် အသင်းဝင်နံပါတ်ကို မှတ်ပုံတင်ပုံစံတွင် ဖော်ပြပေးရန် လိုအပ်ပါသည်။

ကျောင်းသားအဖြစ် မှတ်ပုံတင်နိုင်ရန် သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်မှ ထုတ်ပေးသော အသိအမှတ်ပြုကတ်ပြားသို့မဟုတ် အထောက်အထားတစ်ခုခုကို တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်ကြေးကို သတ်မှတ်ထားသော နေ့ရက်တွင် ပေးသွင်းပြီးဖြစ်ကြောင်း တင်ပြရမည်။

မီဒီယာများမှ သတင်းရယူလိုသူများသည် ညီလာခံမှတ်ပုံတင်ကြေး ပေးသွင်းရမည်ဖြစ်ပြီး သတင်းမှတ်တမ်းရယူမည့် အဖွဲ့အစည်း၏ သက်ဆိုင်သည့် အထောက်အထားများကို ညီလာခံ ကျင်းပရေးကော်မတီသို့ တင်ပြရမည်။ သတင်းသမားများသည် သက်ဆိုင်ရာက တရားဝင်ထုတ်ပေးသော မှတ်ပုံတင်ကတ်ကို တင်ပြရန်လိုအပ်ပါသည်။

**ညီလာခံပစ္စည်းများ**

ညီလာခံမှတ်ပုံတင်ကြေး အပြည့်အဝပေးသွင်းပြီးကြောင်း ငွေလက်ခံဖြတ်ပိုင်းနှင့် အကြောင်းကြားစာ လက်ခံရရှိပါက ညီလာခံနေ့ရက်တွင် အဆိုပါငွေလက်ခံဖြတ်ပိုင်းနှင့် အကြောင်းကြားစာကို မှတ်ပုံတင်နေရာတွင် တင်ပြ၍ ညီလာခံအိတ်နှင့် ပါဝင်သောပစ္စည်းများကို ထုတ်ယူနိုင်ပါသည်။

**ငွေပေးသွင်းခြင်းစနစ်**

ညီလာခံမှတ်ပုံတင်ကြေးကို ဘဏ်ငွေလွှဲစနစ်ဖြင့် ပေးသွင်းရပါမည်။ ငွေလွှဲရာတွင် ညီလာခံ တက်ရောက်မည့်သူ၏ အမည်ဖြင့်သာ ပေးသွင်းရပါမည်။ ငွေလွှဲရာတွင် ဘဏ်စရိတ်များကို ငွေလွှဲသူကသာ ကျခံရမည်ဖြစ်ပါသည်။ မိမိ၏ အမည်နှင့် CONSAL XVII ကို ဘဏ်ငွေလွှဲရာတွင် ဖော်ပြရန်မမေ့ပါနှင့်။ ဘဏ်ငွေလွှဲခြင်းကို **၂၀၁၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့အထိသာ လက်ခံမည်** ဖြစ်ပါသည်။

Bank Information
For International (US Dollar currency)
Bank Name: Cooperative Bank Limited (PLC)
Bank Account Holder: Myanmar Library Association
Account Number : 0010101200726548
SWIFT-CODE : CPOBMMMY
Bank Address : No. 334/336, corner of 23 st, & Strand Rd, Latha Township, Yangon, Myanmar
For local (Myanmar Currency)
Bank Name: Kanbawza Bank
Bank Account Holder: Myanmar Library Association
Account Number : 133-302-06002875101
Bank Address : New University Avenue Road, Yankin TSP, Yangon, Myanmar
Email: registration@consalxvii.org
Tel: 95 67 418427; 418426
Fax: 95 67 418426

**ဒေါ်မြဦး**
**အမျိုးသားစာကြည့်တိုက်(နေပြည်တော်)**

---

❍ မောင်တောမှ

စောင်၊ ဖိနပ်၊ ကော်ဖီမစ်တွေကို တင်ပို့ပါတယ်”ဟု ၎င်းက ပြောသည်။

ထို့အပြင် ဆန်ကုန်သည်တစ်ဦးက “ဆန်ကို ဘူးသီးတောင်ကနေတစ်ဆင့် မောင်တော လှေဆိပ်အထိ ကားနဲ့သယ်ပြီး စက်လှေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့တာဖြစ်ပါတယ်၊ စက်တင်ဘာလကတော့ ပို့ကုန်တင်ပို့မှုတွေ ယာယီရပ်ဆိုင်းထားရပါတယ်၊ အဲဒီနောက်ပိုင်း သုံးလဆက်တိုက်ကျော် တင်ပို့နိုင်တဲ့အတွက် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိသလို ကျွန်တော်တို့လို ကုန်သည်တွေအတွက် အဆင်ပြေပါတယ်၊ နောက်ပြီး ဒီလှေဆိပ်မှာ ကုန်တင်ကုန်ချလုပ်နေတဲ့ အလုပ်သမား ၁၀၀ ကျော်လောက်ရှိပါတယ်၊ ယာယီရပ်ဆိုင်းထားတဲ့ မောင်တောကုန်သွယ်စခန်း ပြန်လည်အသက်ဝင်လာတဲ့အတွက်ကြောင့် သူတို့တွေအတွက်လည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိပါတယ်”ဟု ပြောသည်။

“မောင်တောမြို့မှာ ကျွန်တော်အပါအဝင်ကုန်သည် ၁၀ ဦးလောက်ရှိပါတယ်၊ ကျွန်တော်ကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို အဓိကကုန်သွယ်တာက ဆန်ဖြစ်ပြီး ဆီးယို၊ ငါးခြောက်၊ ချင်းနဲ့ အလှကုန်ပစ္စည်းတွေကိုလည်း တင်ပို့နေပါတယ်၊ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပြီးနောက်ပိုင်း ကုန်ပစ္စည်းတင်ပို့တာ သုံးလကျော်နေပါပြီ၊ စက်လှေအခြေအနေ၊ ဒီရေအတက်အကျအပေါ်မူတည်ပြီး ကိုယ်ပိုင်စက်လှေတစ်စင်း၊ အငှားစက်လှေတွေနဲ့ တင်ပို့နေပါတယ်၊ တစ်ခါပို့မယ်ဆိုရင် အသွားအပြန်ခရီး သုံးရက်ကြာပါတယ်၊ ရေလမ်းကြောင်းလည်း အခုအချိန်မှာ ယုံကြည်စိတ်ချရနေပြီဖြစ်လို့ ဆက်တိုက်ဆိုသလို တင်ပို့ ဖြစ်နေပါတယ်၊ ဆန်တစ်ခါပို့ရင် အိတ် ၂၀၀၀ နီးပါး တင်ပို့ဖြစ်ပါတယ်၊ ဈေးကွက်အနေအထားကလည်း ဆန်ကုန်သည်တွေအတွက် တွက်ခြေကိုက်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

မောင်တောဒေသအကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားသည့် ၂၀၁၇ ဩဂုတ် ၂၅ ရက်မှစ၍ ရက်ပေါင်း ၄၉ ရက်တိုင် ခေတ္တရပ်ဆိုင်းသွားခဲ့သည့် ကုန်သွယ်မှုလုပ်ငန်းမှာ အောက်တိုဘာ ၁၄ ရက်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကုန်သွယ်မှုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ - အောင်မင်း**

---

# မင်းဘူးမြို့ရှိ နဂါးပွက်တောင်သို့ လာရောက်သူများ အထူးစည်ကား

**မင်းဘူး ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စတု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားခြေတော်ရာဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်တွင် စည်ကားစွာကျင်းပတော့မည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများမှာ မင်းဘူးမြို့ရှိ နဂါးပွက်တောင်သို့လည်း ဝင်ရောက်လေ့လာဖူးမြော်ကြသဖြင့် နဂါးပွက်တောင်တွင် လာရောက်သူများဖြင့် စည်ကားနေကြောင်း နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ထံမှ သိရသည်။



“နဂါးပွက်တောင်ပွဲတော်ကိုလည်း မန်းရွှေစက်တော်ဘုရားဖွင့်ပွဲနဲ့အတူ ဇန်နဝါရီ ၂၁ ရက်မှာ ဖွင့်လှစ်သွားမှာပါ၊ ဒီနေ့မှာတော့ ဘုရားဖူးမော်တော်ယာဉ်တွေ၊ ဘုရားဖူးပြည်သူတွေက မန်းရွှေစက်တော် ခြေတော်ရာဘုရားဖွင့်ပွဲလာရင်း နဂါးပွက်တောင်ဘုရားကို ဝင်ရောက်ဖူးမြော်ပြီး နဂါးပွက်တောင်ကို ဝင်ရောက်လေ့လာကြတဲ့အတွက် ကြိတ်ကြိတ်တိုးစည်ကားနေတာပါ၊ ပွဲတော်ရက်ဆိုတော့ဈေးသည်တွေလည်း တော်တော်ရောင်းရတယ်၊ ဒီနှစ်မှာ ကားရပ်နားကွင်းတွေ၊ ဧည့်သည်နားနေဆောင်တွေနဲ့ ဘုရားဖူးပြည်သူတွေ အဆင်ပြေအောင် ဆောင်ရွက်ထားပါတယ်၊ ဘုရားဖူးပြည်သူတွေ အန္တရာယ်မဖြစ်စေဖို့ နဂါးပွက်တောင်ပေါ် အတက်စောင်းတန်း လှေကားတွေနဲ့ တောင်ပေါ်မှာလည်း ကျောက်စီနံရံနဲ့ဘေးအကာလက်ရန်းတွေလည်း တည်ဆောက်ထားပါတယ်၊ ရေလောင်းအိမ်သာများကိုလည်း တိုးချဲ့ဆောက်လုပ်ထားပါတယ်”ဟု မင်းဘူးမြို့ နဂါးပွက်တောင် သာယာလှပရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲသို့လာရောက်သော ဘုရားဖူးကားများမှာ မကွေးမြို့ရှိ မြသလွန်ဘုရား၊ ကံ့ကော်(၁၀၀၀)ဘုရား၊ ပြည်လုံးချမ်းသာ မဟာဆုတောင်းပြည့် ရုပ်ရှင်တော်မြတ်နီးဘုရား၊ မင်းဘူးမြို့ရှိ ရှင်ပင်စက္ကိန်းတဲဘုရား၊ စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားများသို့ ဝင်ရောက်ဖူးမြော်ရင်း နဂါးပွက်တောင်သို့ပါ လာရောက်ကြသဖြင့် ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ကျန်းမာရေးနှင့် ဘဝနေထိုင်နည်းဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**
အနာရောဂါကင်းဝေးရေးသည် ကျန်းမာခြင်းမည်သလို ကျန်းမာခြင်းသည်က လူ့လောကတွင် အတုမရှိသော လာဘ်ကြီးတစ်ပါးဖြစ်၏ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုထုတ်ဝေလျက်ရှိသော Wellness မဂ္ဂဇင်း၏ (၁၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျန်းမာရေး၊ အလှအပ၊ ဘဝနေထိုင်နည်းဆိုင်ရာ ပညာပေးဟောပြောဆွေးနွေးပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

"လူတိုင်းလူတိုင်းကျန်းမာခြင်း၊ ချမ်းသာခြင်း ဆုလာဘ်တွေနဲ့ပြည့်စုံစေဖို့ လစဉ်ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေကို စာဖတ်ပရိသတ်ထံ မျှဝေပေးလျက်ရှိပါတယ်၊ ကျန်းမာရေး မကောင်းရင် ရုပ်ရည်လှတာပဲဖြစ်ဖြစ် ကြွယ်ဝချမ်းသာတာပဲဖြစ်ဖြစ် မပြည့်စုံနိုင်ပါဘူး၊ ကျန်းမာမှသာ ချမ်းသာခြင်းအစစ်ကို ရရှိမှာဖြစ်ပါတယ်၊ ကျန်းမာရေးကောင်းရင် လူတွေဟာပျော်ရွှင်မယ်၊ စိတ်ချမ်းသာမယ်၊ မိမိဆန္ဒရှိတာတွေလည်း လုပ်ကိုင်နိုင်မယ်၊ စိတ်သွားတိုင်း ကိုယ်ပါပြီး လိုအင်ဆန္ဒပြည့်နိုင်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် စာဖတ်ပရိသတ်တွေကို ကျန်းမာရေးဆိုင်ရာတွေ မျှဝေနိုင်အောင် ရည်ရွယ်ချက်နဲ့ ကျင်းပပေးခြင်း ဖြစ်ပါတယ်" ဟု Wellness မဂ္ဂဇင်းအယ်ဒီတာချုပ် ဒေါ်နန်းအိအိဇာက ပြောသည်။

အခမ်းအနားတွင် စာပေဟောပြောပွဲနှင့် အတွေ့အကြုံမျှဝေပွဲ အစီအစဉ်များ ပါဝင်ပြီး ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော်(လက်ာရည်ကျော်)က "တကယ်နော်ခက်သည့် အရွယ်တွေအကြောင်း" ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် ဆယ်ကျော်သက်အရွယ် လူငယ်များနှင့်ပတ်သက်၍ ဘဝနေထိုင်နည်း၊ မြန်ဆန်လွန်းသည့် ပြောင်းလဲမှု၊ ပညာရေး၊ ကျန်းမာရေးပြဿနာ၊ အစားအစာ၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အနားယူမှု၊ လူမှုဆက်ဆံရေး အစရှိသည်များကို မိဘများအနေဖြင့် မည်ကဲ့သို့ပြုစုပျိုးထောင်ရမည်ကို ဆွေးနွေးလမ်းညွှန်နိုင်မည့် နည်းလမ်းများအား ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကင်ဆာရောဂါကိုကြံ့ကြံ့ခံ အနိုင်တိုက်ခဲ့သည့် Myanmar Model Management မှ ကိုငွေးမင်းထွန်းက အတွေ့အကြုံများအား မျှဝေရာတွင် ၎င်း ကင်ဆာရောဂါခံစားနေရချိန်တွင် ဖြစ်ပေါ်လာသည့် စိတ်ခံစားချက်များ၊ စိတ်ခံစားချက်သည် အလွန်အရေးကြီးကြောင်း၊ ရောဂါတစ်ခုဖြစ်လျှင် စိတ်ဓာတ်ကျမလွယ်ဘဲ စိတ်ဓာတ်ခွန်အားမြှင့်တင်ခြင်းဖြင့် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း၊ မထင်မှတ်သည့် ကံကြမ္မာအလှည့်အပြောင်းတစ်ခုနှင့် ကြုံတွေ့သည့်အခါ စိတ်ဓာတ်ကြံ့ခိုင်မှုသည် အလွန်အရေးကြီးကြောင်း၊ စားသောက်နေထိုင်မှုပုံစံများလည်း ပြောင်းလဲသင့်ကြောင်း မျှဝေခဲ့သည်။



ဆက်လက်၍ ပေါင် ၃၀၀ ကျော်မှ ကိုယ်အလေးချိန် ချနိုင်ခဲ့သည့် Photographer အောင်ပြည့်စိုးက သူ၏အတွေ့အကြုံများအား မျှဝေရာတွင်လည်း အဝလွန်သူများအနေဖြင့် ကိုယ်အလေးချိန်လျှော့ချရာတွင် အစားအသောက်၊ အနေအထိုင်၊ ကိုယ်လက်လှုပ်ရှားမှုများသည် အလွန်အရေးကြီးကြောင်း၊ အသီးအရွက်နှင့်အသီးအနှံများကို စားသုံးပေးသင့်ကြောင်း၊ ကိုယ်အလေးချိန်ကျချင်စိတ်ဖြင့် လေ့ကျင့်ခန်းများကို ပြင်းပြင်းထန်ထန်လုပ်ခြင်းမှရှောင်၍ ပုံမှန်လေ့ကျင့်ခန်း လုပ်ဆောင်သင့်ကြောင်း၊ ကိုယ်အလေးချိန်လျှော့ချရာတွင် စိတ်ထိန်းချုပ်နိုင်မှုသည်လည်း အလွန်အရေးကြီးကြောင်း မျှဝေခဲ့သည်။ **ပေါက်ကြီး**




# ရတနာပုံအသင်း အိမ်ကွင်း၌ နိုင်ပွဲဆက်

**မန္တလေး ဇန်နဝါရီ ၂၀**
၂၀၁၈ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလာသီရိ၊ YUSC နှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ရတနာပုံ၊ ရန်ကုန်နှင့် GFA အသင်းတို့ အနိုင်ရခဲ့သည်။

**(မန္တလာသီရိကွင်း)**

ရတနာပုံ - လေးဂိုး
ရခိုင် - နှစ်ဂိုး

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားပြီး အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရထားသည့် ရတနာပုံအသင်းသည် ယခုပွဲတွင်လည်း အိမ်ကွင်း၌ နိုင်ပွဲဆက်ခဲ့သည်။ ရတနာပုံအသင်းသည် ရခိုင်အသင်း၏ ကစားပုံကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း ဂိုးပြတ်နိုင်ပွဲထပ်မံရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ရတနာပုံအသင်းသည် အဖွင့်ပွဲတွင် ရောဝတီကို ဂိုးပြတ်အနိုင်ရခဲ့သည့်လူစာရင်းမှ ကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ရခိုင်အသင်းမှာလည်း နိုင်ငံခြားသား ကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပြီးခဲ့သည့် ရာသီက နှစ်ကျော့စလုံး သရေကစားနိုင်ခဲ့သည့် ရခိုင်အသင်းသည် ယခုပွဲတွင် ရတနာပုံအသင်းကို အခက်တွေ့အောင်လုပ်နိုင်ခဲ့ပြီး ၁၁ မိနစ်တွင် ဇော်ဇော်နိုင်က ရတနာပုံဂိုးသမား ချမ်းငြိမ်းကျော် ရှေ့တက်နေသည်ကို အခွင့်ကောင်းယူ၍ ကွင်းလယ်စည်းအကျော်မှ ကန်သွင်းကာ အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရ၍ ရတနာပုံအသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၁၉ မိနစ်တွင် လူငယ်ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်က ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း ရတနာပုံနောက်တန်းမှာ အမှားများခဲ့၍ ရခိုင်အသင်း အခွင့်အရေးများရခဲ့ပြီး ၅၆ မိနစ်တွင် ရတနာပုံနောက်ခံလူ အမှားမှတစ်ဆင့် တိုက်စစ်မှူးမက်သရူးက ရခိုင်အတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ရခိုင်အသင်း၏ ဦးဆောင်မှုမှာ သုံးမိနစ်သာကြာခဲ့ပြီး ၅၉ မိနစ်တွင် လှိုင်းဘိုဘိုက ရတနာပုံအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းချုပ်ကစားသွားခဲ့ပြီး ၆၃ မိနစ်တွင် မျိုးကိုထွန်းက တတိယဂိုးသွင်းယူခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၉၀+၂ မိနစ်တွင် စည်သူအောင်က ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ဇွဲကပင်အသင်း၏ ခပ်မာမာတုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲပြီးခါနီးဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၈၆ မိနစ်တွင် ဆယ်လာ၊ ၉၀+၃ မိနစ်တွင် ကြည်လင်းတို့က သွင်းယူပေးခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် အန်တိုနီနှင့် ၂၂၊ ၃၅ မိနစ်တွင် စိုးမင်းထွန်းတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇန်နဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပုသိမ်ကွင်း၌ ရောဝတီနှင့် Southern၊ ပဲခူးကွင်း၌ ဟံသာဝတီနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ ကြယ်လိပ် ၉၀၀ လွှတ်

**နေပြည်တော် ဇန်နဝါရီ ၂၀**
ခြံလှောင်မွေးမြူရေးမှ အောင်မြင်စွာ ပေါက်ဖွားလာသော မြန်မာ့ကြယ်လိပ်အကောင် ၉၀၀ ကို ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ လွှတ်ခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ခြံကြီးလေးခြံ ပြုလုပ်၍ မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောက ကြယ်လိပ် ၁၅၀၊ လောကနန္ဒာဘေးမဲ့တော ဥယျာဉ်က ကြယ်လိပ် ၆၅၀ နှင့် ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောက ကြယ်လိပ် ၁၀၀ စသည့် မြန်မာ့ကြယ်လိပ် ၉၀၀ ကို အထီး၊ အမ မျှတစွာ ရောစပ်၍ ညင်သာစွာ စေလွှတ်ခြင်း အစီအစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက်က ယင်းတို့၏ သဘာဝနေရင်းဒေသများသို့ လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဘေးမဲ့တောသုံးခုမှ ကြယ်လိပ်များကို ရောစပ်၍ လွှတ်ပေးခြင်းမှာ ဆွေမျိုးအချင်းချင်း သားစပ်မှုမဖြစ်စေဘဲ သုံးမျိုးဆိုလျှင် ၎င်းတို့၏ မျိုးရိုးဗီဇ သန်စွမ်းမှု ပိုမိုမြင့်မားစေရန်ဖြစ်ကြောင်းသိရသည်။

"ဒီ ခြံလှောင်မွေးမြူခြင်းတွေကို လုပ်ရတဲ့ အဓိကရည်ရွယ်ချက်က တရားမဝင်ကုန်သွယ်မှုကနေ ဖမ်းဆီးရမိတဲ့ လိပ်တွေကို ခြံလှောင်မွေးမြူသားဖောက်ပြီးတော့ အောင်မြင်ဖြစ်ထွန်းလာတဲ့ လိပ်တွေကို ၅ နှစ်၊ ၄ နှစ် အရွယ်ရောက်တဲ့အခါ သဘာဝနေရင်း ဒေသတွေကို ပြန်လည်လွှတ်ပေးဖို့ပဲ ဖြစ်ပါတယ်၊ လိပ်တွေဟာ သဘာဝနေရင်း ဒေသတွေအတွက် တကယ့်ကို အရေးကြီးတဲ့ မျိုးစိတ်တွေဖြစ်ပါတယ်၊ သူတို့ဟာ သစ်ပင်တွေကိုလည်း မစင်ကနေ စိုက်ပေးတယ်" ဟု လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာကလျာက ပြောသည်။

မြန်မာတစ်နိုင်ငံတည်းတွင် ရှိသော မြန်မာ့ကြယ်လိပ်ထိန်းသိမ်းရေးကို သစ်တောဦးစီးဌာနနှင့်အတူ ဘေးမဲ့တော ဝန်ထမ်းများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ လိပ်မျိုးဆက် ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကြယ်လိပ်များကို နေရင်းဒေသသို့ ပြန်မလွှတ်မီ ရောဂါကင်းစင်ရေးစစ်ဆေးပြီး ကိုယ်ပိုင်နံပါတ် သုံးမျိုးလည်း တပ်ပေးသည်။ လိပ်ကျောခွံပေါ်တွင် တံစည်းတိုက်၍ တက်တူးဖြင့် ကိုယ်ပိုင်နံပါတ် ရေးထိုးပေးခြင်း၊ စဗဗဝ ဟူသော ဘုရားဂုဏ်တော် အက္ခရာလေးလုံးကို တက်တူးထိုးပေးခြင်းနှင့် ဒစ်ဂျစ်တယ်နံပါတ်ပါသော မိုက်ခရိုချပ်ကို ခန္ဓာကိုယ်ထဲကို ထိုးပေးကြောင်းနှင့် တံစည်းတိုက်ခြင်းနှင့် အက္ခရာရေးသားခြင်းများသည် မြန်မာပြည်မှ လိပ်ဖြစ်ကြောင်း၊ ဘုရားဂုဏ်တော်ဖြစ်၍ အန္တရာယ်ကင်းစေရန် ရည်ရွယ်ကြောင်းလည်း သိရသည်။

လွန်ခဲ့သည့် နှစ်နှစ်ကလည်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ပထမဆုံးအကြိမ် ကြယ်လိပ်အကောင် ၁၅၀ ကို စမ်းသပ်လွှတ်ခဲ့ပြီး သုတေသနပြုလုပ်ချက်များအရ ၉၇ ရာခိုင်နှုန်း ရှင်သန်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

**နိုင်လင်းကြည်**



# ၂၀၁၇ ခုနှစ်အတွင်း ပြည်ပဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇၃ သန်း ရရှိ

**ဖျာပုံ ဇန်နဝါရီ ၂၀ ။** ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြည်ပဆန်တင်ပို့မှုမှာ တန်ချိန်သုံးသန်းရှိပြီး အမေရိကန်ဒေါ်လာ ၆၇၃ သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

နိုင်ငံတော်တွင် စပါးအများဆုံးထုတ်လုပ်ပေးသည့် တိုင်းဒေသကြီးများမှာ ဧရာဝတီ၊ ပဲခူးနှင့် စစ်ကိုင်းတို့ဖြစ်ကြပြီး စပါးအများဆုံးစိုက်ပျိုးထုတ်လုပ်ပေးသည့် တိုင်းဒေသကြီးမှာ ဧရာဝတီဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး စပါးထွက်ရှိမှုပမာဏ၏ ၃၈ ရာခိုင်နှုန်းကျော်အား စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးဧက ၁၇၇ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းပေါင်း ၁၃၀၈ သန်း ထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **အောင်ဝင်း(ဖျာပုံ)**

# ကျောက်ဖြူ-ရန်ကုန်ကားလမ်း၌ လမ်းကြိတ်စက် ရိုလာနှစ်စီး ဖျက်ဆီးခံရ

**ကျောက်ဖြူ ဇန်နဝါရီ ၂၀**

ကျောက်ဖြူ-ရန်ကုန် ကားလမ်း (ကျောက်ဖြူမြို့နယ်အပိုင်း) ရေမျက်ကျေးရွာအုပ်စု ရေမျက်ကျေးရွာနှင့် ကျူလွင့်ကျေးရွာကြား မိုင်တိုင် (၈၇ နှင့် ၈၈ မိုင်ကြား)၌ လမ်းဦးစီးဌာနက လမ်းခင်းလျက်ရှိရာ ဇန်နဝါရီ ၁၉ ရက် ညပိုင်းတွင် လမ်းငန်းခွင်အတွင်း ရပ်နားထားသည့် လမ်းကြိတ်စက် ရိုလာနှစ်စီးကို အမည်မသိလူတစ်စုက မီးရှို့ဖျက်ဆီးသွားခဲ့ရာ ရိုလာနှစ်စီးအနက်တစ်စီးမှာလုံးဝပျက်စီးသွားခဲ့ပြီး ကျန်တစ်စီးမှာ အနည်းငယ်ပျက်စီးသွားခဲ့သည်။

အဆိုပါ လမ်းအပိုင်းကို ကျောက်ဖြူမြို့နယ် လမ်းဦးစီးဌာနမှ အလုပ်သမားခေါင်းဆောင် ဦးစိုးမိုးသူ (၃၄)နှစ် ကြီးကြပ်လုပ်ကိုင်လျက်ရှိပြီး ၎င်းမှာ ဇင်ချောင်းတွင် အခြေပြုညအိပ်ရပ်နားပြီး နေ့ဘက်တွင် လုပ်ငန်းခွင်သို့ အလုပ်လုပ်ကိုင်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက် နံနက် ၄ နာရီတွင် အလုပ်သမားများ ကတ္တရာကျိုရန်လာရောက်သည့် အခါမှသာ



ရိုလာနှစ်စီးအား မီးရှို့ဖျက်ဆီးထားကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး လမ်းဦးစီးဌာနမှ လ/ထ အင်ဂျင်နီယာ စနဲမြို့ အုပ်ချုပ်ရေးမှူးတို့က အခင်းဖြစ်နေရာသို့ သွားရောက်ပြီး ရေမျက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်း၍ တရားခံအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး စုံစမ်းစိစစ်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ် ရဲကျေးရွာတွင် အမျိုးသားတစ်ဦးထံမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျောက်ဆည် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့ ဆက်သွယ်ထားသော ဒုဋ္ဌဝတီမြစ်ကူးတံတားထိပ်အနီး ကျောက်ဆည်မြို့နယ်ပိုင် ရဲကျေးရွာအုပ်စုအတွင်းနေထိုင်ပြီး အိမ်ဆိုင်ဖွင့်စျေးရောင်းနေသူထံမှ ဇန်နဝါရီ ၁၇ ရက်က မူးယစ်ဆေးပြား ၁၇၇ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲရွာနယ်မြေစခန်းမှုစခန်းမှူး ရဲအုပ်ရွှေညွန့်နှင့်အဖွဲ့သည် ရဲကျေးရွာအပိုင် ဒုဋ္ဌဝတီမြစ်ကူးတံတားထိပ်အနီးတွင် အိမ်ဆိုင်ဖွင့်စျေးရောင်းနေသူ ဝက်ကြီး(ခ)ဇော်မင်းဦး(၄၆)နှစ် နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်းသတင်းရသဖြင့် ကျောက်ဆည်ခရိုင် မူခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ နေအိမ်ဘုရားစင်ပေါ်တွင် ကွမ်းယာဘူးအတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်ဆေးပြား ၁၁၅ ပြားနှင့် အစိမ်းရောင်ဆေးပြားနှစ်ပြား၊ အခန်းခြေရင်း ခုတင်ပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော အချိုရည်ဘူးခွံတစ်ခုနှင့် ခါးပတ်အိတ်အတွင်းမှ မြန်မာငွေရောရာ သုံးသိန်းတစ်သောင်းနှစ်ထောင်ကျပ်တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းပြီး ရဲရွာနယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



**နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင် ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီမှ ၁၂ နာရီအထိ နေပြည်တော်အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်ဝင်းရွှေနှင့်တပ်ဖွဲ့ဝင်များ၊ ရွှေတွင်းကုန်းမြို့မရဲစခန်းမှ ရဲအရာခံ ဇော်လွင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ အငယ်တန်းစာရေး ဦးကျော်ရဲဦးနှင့် သာစည်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြဝင်းတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးအတွက် မော်တော်ယာဉ်များအား စစ်ဆေးဆောင်ရွက်စဉ်။**

ခွန်းဆက်နေ

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၁၀၂၀၊ သွင်းကုန် ၉၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈ စီး၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၅၁၄ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၂၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၈၃၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇန်နဝါရီ ၁၉ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Suzuki Swift မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်၏ကြမ်းခင်းအောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်စုံ ၈၁ တုံး (၃၂၈ ကီလိုဂရမ်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၉ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# အရက်အတူသောက်စားပြီးစကားများရာမှ လူသတ်မှုဖြစ်ပွား

**ကျောက်တံခါး ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ကင်မွန်းအင်းကျေးရွာအုပ်စု ပန်းကန်ကွဲကျေးရွာ တုံကန်ချောင်းဘေးရှိ လယ်တဲ၌ ဇန်နဝါရီ ၁၉ ရက်နံနက်၁၁နာရီခွဲကလူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မကျီးပင်ကျေးရွာအုပ်စု ကြို့ပင်ရိုးကျေးရွာ ပဲနွယ်ကုန်းမြို့နေသူ မမိုးအေးပိုင်ဆိုင်သော ပန်းကန်ကွဲကျေးရွာ၏တောင်ဘက် တုံကန်ချောင်းအနီးလယ်တဲ၌ သန်းဝင်း(ခ)ကရင်(၃၅)နှစ် ကြို့ပင်ရိုးကျေးရွာ မကျီးပင်ကျေးရွာအုပ်စု ကျောက်တံခါးမြို့နယ်နေသူနှင့် တစ်ရွာတည်းနေ ကြည်ခင် (၄၅)နှစ်၊ ဇော်လင်းအောင်(၃၂) နှစ်တို့ သုံးဦးသည် အရက်အတူသောက်ပြီး ထမင်းစားစဉ် တောင်ပေါ်သို့ ဝါးခုတ်သွားရန်ပြောဆိုရာမှ ဇော်လင်းအောင်က တောင်ပေါ်သို့ ဝါးခုတ်မလိုက်နိုင်ကြောင်းပြောဆိုရာက တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်ကြပြီးသန်းဝင်းက ၎င်းတွင်အသင့်ပါလာသော ဝါးခုတ်ဓားမဖြင့် ဇော်လင်းအောင်အားခုတ်လိုက်ရာ ဇော်လင်းအောင်တွင် လည်ပင်းပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲပါး ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာပါးပြတ်ရှဒဏ်ရာတစ်ချက် ရရှိကာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး ဓားမဖြင့်ခုတ်သူ သန်းဝင်း(ခ)ကရင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်လှစ်၍တရားခံကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



**ရထားရဲတပ်ဖွဲ့ အမှတ်(၂၀)တပ်ခွဲ (ဟသ်ာတ)အပိုင် နယ်မြေအတွင်း ရထားသံလမ်းကူးနေရာများတွင် ရထားနှင့်ကား၊ ဆိုင်ကယ်၊ ထော်လာဂျီတိုက်မိသည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းရေးအတွက် အင်္ဂပူမြို့နယ် ထူးကြီးဘူတာတွင် တပ်စု(၂)ကြံ့ခင်းမှ တပ်စုမှူး ရဲတပ်ကြပ်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁၈ ရက်တွင် အသိပညာပေးဆောင်ရွက်စဉ်။**

ကြေးမုံ

# ရေကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သစ်လှကျင်းကျေးရွာ၌ ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ စိုင်ကောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အဆိုပါကျေးရွာနေ မအေးလဲ့မွန် (၁၃)နှစ်ဖြစ်ပြီး ၎င်းသည် တစ်ရွာတည်းနေ မယဉ်နွယ်မိုး (၁၂)နှစ်နှင့်အတူ ကျောင်းဆင်းပြီး ရွာ၏တောင်ဘက်ရှိ ရေကန်အတွင်း၌ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် စိုင်ကောင်းနယ်မြေရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# စကားများရန်ဖြစ်ရာမှ တူမီးသေနတ်ဖြင့်ပစ်သတ်မှုဖြစ်

**နတ်တလင်း ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အရှေ့ခြမ်းတောင်ညိုရဲကင်းစခန်းနှင့် ၁၀မိုင်ခန့်အကွာ အောင်သာယာကျေးရွာအုပ်စုတယ်လေးရွာတွင် ဇန်နဝါရီ ၁၇ ရက် ညနေတွင် စကားများရန်ဖြစ်ရာမှ တူမီးသေနတ်ဖြင့်ပစ်ခတ်၍ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကြူလေး(၂၀)နှစ်သည် နေအိမ်၌ ရှိနေစဉ် ခင်ပွန်းဖြစ်သူ အောင်ကိုဝင်း(၂၅)နှစ်သည် တူမီးသေနတ်ဖြင့် အပစ်ခံရ၍သေဆုံးသွားကြောင်း တစ်ရွာတည်းနေ ဦးမြင့်ကြည်က ဖုန်းဆက်အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုရာ တယ်လေးရွာကျောက်ဖြူ အိမ်ကုန်းအဝင် ကုက္ကိုပင်အောက်၌ ခင်ပွန်းဖြစ်သူ အောင်ကိုဝင်းမှာ ယာဘက်နို့အုံအထက်တစ်လက်မခွဲခန့် ပေါက်ပြဲဒဏ်ရာရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ ခင်ပွန်းဖြစ်သူမှာ တယ်လေးရွာ ကျောက်ဖြူအိမ်ကုန်းမှ အထွက်တွင် မင်းနိုင်(၃၃)နှစ်နှင့် တွေ့ဆုံပြီး လွန်ခဲ့သော သုံးနှစ်ခန့်က လူမှုရေးကိစ္စတစ်ခုနှင့် ပတ်သက်၍ စကားများရန်ဖြစ်ပြီး မင်းနိုင်က အသင့်ပါလာသော တူးမီးလုပ်သေနတ်ဖြင့် ပစ်ခတ်၍ သေဆုံးသွားသဖြင့် မင်းနိုင်အား အရေးယူပေးပါရန် တိုင်တန်းရာ တောင်ညိုရဲကင်းစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝ၇၁**

# အဲဗာတန်တောင်ပံကစားသမား အာရွန်လန်နွန် ဘန်လေအသင်းသို့ ပြောင်းရွှေ့မည်



အဲဗာတန်အသင်း၏ တောင်ပံကစားသမား လန်နွန်သည် ဘန်လေအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီထားပြီဖြစ်ကြောင်း သိရသည်။ အသက်(၃၀) အရွယ်ရှိ လန်နွန်သည် အဲဗာတန်အသင်းသို့ အာဆင်နယ်တောင်ပံကစားသမား သီယိုဝဲလ်ကော့ ရောက်ရှိလာခဲ့ပြီးနောက် ဂွတ်ဒီဆင်ပတ်နှင့် လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လန်နွန်သည် ၂၀၁၅ ခုနှစ်အတွင်းက စပါးအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အဲဗာတန်အသင်းတွင် ပွဲပေါင်း ၆၃ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးခုနစ်ဂိုး သွင်းယူပေးထားသူဖြစ်သည်။ အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်း လန်နွန်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အဲဗာတန်အသင်းအတွက် ၁၉ ပွဲ ပါဝင်ကစားပေးထားသည်။

# ပီအက်စ်ဗွီတိုက်စစ်မှူး လိုကာဒီယာအား ဘရိုက်တန်အသင်း စာချုပ်ချုပ်ဆိုခေါ်ယူ



ဘရိုက်တန်အသင်းသည် နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းမှ တိုက်စစ်မှူး လိုကာဒီယာအား ပြောင်းရွှေ့ကြေး ပေါင် ၁၄ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး လိုကာဒီယာသည် ယခုနှစ် ဘောလုံးရာသီတွင် ပီအက်စ်ဗွီအသင်းအတွက် ပွဲပေါင်း ၁၅ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ကိုးဂိုး သွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး လိုကာဒီယာသည် ကစားသမားဘဝတစ်လျှောက်လုံး ပီအက်စ်ဗွီအသင်းတွင်သာ ပါဝင်ကစားခဲ့သူဖြစ်ပြီး ယနေ့တွင်မူ ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ရန် ကျန်းမာရေးဆေးစစ်မှုများ လုပ်ဆောင်ကာ ၂၀၂၂ ခုနှစ်အထိ ဘရိုက်တန်အသင်းတွင် ရှိနေမည့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



# မန်ယူနည်းပြအဖွဲ့ဝင်ဖြစ်လာဖို့ ကားရစ် သဘောတူလိုက်ပြီ

မန်ယူကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်ဟာ ယခုဘောလုံးရာသီကုန်ဆုံးပါက မန်ယူအသင်းရဲ့ နည်းပြအဖွဲ့ဝင်တစ်ဦးဖြစ်လာဖို့ သဘောတူညီလိုက်ပြီဖြစ်တယ်လို့ မန်ယူအသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့ပါတယ်။ အသက်(၃၆)နှစ်ရှိပြီဖြစ်တဲ့ မိုက်ကယ်ကားရစ်ဟာ ပုံမှန်မဟုတ်သောနှလုံးကျန်းမာရေးပြဿနာတစ်ခုကြောင့် ပြီးခဲ့တဲ့စက်တင်ဘာလကတည်းက မန်ယူအသင်းမှာ ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် နိုဝင်ဘာလအတွင်းကတော့ အသင်းဖော်တွေနဲ့အတူ လေ့ကျင့်ရေးဆင်းခဲ့ပါသေးတယ်။

ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်အနေနဲ့ ၂၀၀၆ ခုနှစ်မှာ စပါးအသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား ငါးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်၊ ယူရိုပါလိဂ်ဖလားတစ်ကြိမ်နဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားကိုလည်း ရယူနိုင်ခဲ့တဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါ့အပြင် မန်ယူအသင်းနဲ့အတူ လိဂ်ဖလားသုံးကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်တို့ကိုလည်း ရယူနိုင်ခဲ့ပါတယ်။

မိုက်ကယ်ကားရစ်ဟာ စက်တင်ဘာလအတွင်းက ဘာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘာအိုဖလားပွဲစဉ်ပြီးကတည်းက ဆေးဝါးကုသမှုခံယူနေရတာဖြစ်ပြီး လာမယ့်ဇူလိုင်လမှာ အသက်(၃၇) ပြည့်တော့မှာ ဖြစ်ပါတယ်။ လက်ရှိမှာ မိုက်ကယ်ကားရစ်အနေနဲ့ မန်ယူအသင်းရဲ့နည်းပြအဖွဲ့ဝင်အဖြစ် ပါဝင်လာဖို့ သဘောတူညီထားပြီဖြစ်တာကြောင့် အလွန်ဝမ်းမြောက်မိကြောင်းလည်း နည်းပြမော်ရင်ဟိုက ဆိုပါတယ်။

ငွေကြယ် - ရေးသားသည်

# အာဆင်နယ်အသင်းရဲ့ ပရိသတ်တွေကို ဖြေသိမ့်လိုက်တဲ့ ကိုကွီလင်

အာဆင်နယ်ကနေ ဗလင်စီယာကို ပြောင်းရွှေ့သွားခဲ့တဲ့ ကွင်းလယ်လူ ကိုကွီလင်က အာဆင်နယ်ပရိသတ်တွေရဲ့ ပူပန်မှုကို ဖြေသိမ့်လိုက်ပါတယ်။ ကိုကွီလင်က ဆန်းချက်ဇ် အာဆင်နယ်မှ ထွက်ခွာသွားလည်း သင့်လျော်တဲ့အစားထိုးမှုပြုလုပ်နိုင်မှာဖြစ်ကာ ဒီအတွက်လည်း အာဆင်နယ်ကွဲပြားသွားစရာမရှိကြောင်း ဆိုပါတယ်။

ဆန်းချက်ဇ်ကို ပြည်တွင်းပြိုင်ဘက် အသင်းဆီ လက်လွှတ်ပေးလိုက်တာက ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်စေတယ်ဆိုတဲ့ အာဆင်နယ်ပရိသတ်များက စွဲချက်တွေရှိနေပေမယ့် ကိုကွီလင်က "ဒါက ကပ်ဆိုက်နေတာ မဟုတ်ပါဘူး၊ ရလဒ်တွေ ဆက်တိုက်ထွက်လာဖို့အတွက် လုပ်စရာရှိတာ ဆက်လုပ်ရမှာပါ၊ လူတွေက ဝင်းဂါး အသင်းအတွက် ဘာလုပ်နေလဲဆိုတာ အခုအချိန်မှာ မေ့လျော့နေကြပါတယ်၊ ဒီလို အခြေအနေမှာ ပရိသတ်တွေက သူ့ဘေးမှာ ရပ်တည်ပေးရမယ်၊ သူ့နောက်မှာ ရပ်တည်ပေးရပါမယ်"လို့ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ကိုကွီလင်က ဆန်းချက်ဇ်နေရာ သင့်လျော်တဲ့အစားထိုးမှု ပြုလုပ်နိုင်မှာဖြစ်ပြီး ဒီလို အစားထိုးနိုင်ခြင်းကသာ မဖြစ်မနေလိုအပ်တဲ့ ကိစ္စရပ်လို့ ထောက်ပြပါတယ်။

မန်ယူနည်းပြ မော်ရင်ဟိုက ဆန်းချက်ဇ်ကို ခေါ်ယူနိုင်မယ်ဆိုရင် လာမယ့် ဘောလုံးရာသီ မန်ယူအသင်းအတွက် အကျိုးများစွာရှိမှာဖြစ်တယ်လို့ ဆန်းချက်ဇ်ကို ခေါ်ယူဖို့ တောက်လျှောက်ကြိုးပမ်းခဲ့တဲ့ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ မန်စီးတီးနည်းပြ ဂွါဒီယိုလာကို ရလိုက်ပါတယ်။

**မေလှဲ့သင်း**





# ရီးယဲလ်မက်ဒရစ်တွင် စီရိုနယ်လ်ဒို ဝမ်းနည်းနေသည့်ပုံပေါက်ဟု မီဂျာတိုဗစ် ရှမြင်

ရီးယဲလ်မက်ဒရစ် စူပါစတား တိုက်စစ်မှူး စီရိုနယ်လ်ဒို အနေဖြင့် လာလီဂါတွင် ဂိုးပေါက်ပျောက်ဆုံးနေမှုနှင့်အတူ ဝမ်းနည်းနေသည့် ပုံသဏ္ဍာန်ပေါ်လွင်နေကြောင်း ရီးယဲလ်ကစားသမားဟောင်း မီဂျာတိုဗစ်က သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုနှစ်ဘောလုံးရာသီတွင် စီရိုနယ်လ်ဒိုမှာ ဂိုးဖန်တီးမှု အခွင့်အရေးများစွာရရှိခဲ့သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ဘဲ သူ၏လာလီဂါသွင်းဂိုးအရေအတွက်သည် နောက်ခံလူ ရာမို့စ်ထက်ပင် နည်းပါးနေသည်မှာ သူကဲ့သို့ ထိပ်တန်းတိုက်စစ်မှူးအတွက် အံ့အားသင့်ဖွယ်ရာပင်ဖြစ်သည်။

မီဂျာတိုဗစ်က "စီရိုနယ်လ်ဒိုအနေနဲ့ အသင်းမှာ မပျော်မရွှင်ဖြစ်နေရင် ဒီကိစ္စအတွက် ပြောကို ပြောရမှာပါ၊ ချန်ပီယံလိဂ်မှာ သူဒီလို ဝမ်းနည်းနေတာ မမြင်ရပါဘူး၊ ဒါပေမယ့် လာလီဂါမှာတော့ မြင်ကို မြင်နေရတယ်၊ ဒါက လစာကြောင့်တော့ မဖြစ်နိုင်ပါဘူး၊ သူ့အနေနဲ့ ချန်ပီယံလိဂ်မှာ ပိုပြီးတက်တက်ကြွကြွနဲ့ ကစားတာကို မြင်တွေ့ရဖို့ ရှိနေပါတယ်"ဟု ပြောကြားခဲ့သည်။

ရီးယဲလ်က စီရိုနယ်လ်ဒိုနေရာ ကြယ်ပွင့်တိုက်စစ်မှူး နေမာဖြင့် အစားထိုးရန်အသင့်ကမ်းလှမ်းထားပြီးဖြစ်သည်ဆိုသော သတင်းများထွက်လာခဲ့ပြီးနောက် ခြေစွမ်းပိုင်းမှာ လုံးဝကျဆင်းသွားခဲ့သည်။

နည်းပြ ဇီဒန်းက စီရိုနယ်လ်ဒိုအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသည့် သတင်းများထက် ဂိုးပေါက်ပျောက်ဆုံးနေမှုအပေါ် အာရုံစိုက်ထားရန် သတိပေးမှုပြုထားပြီးဖြစ်သည်။ မီဂျာတိုဗစ်က နေမာကို ဘာနေဗျူးသို့ ခေါ်ယူနိုင်ပါကလည်း စီရိုနယ်လ်ဒိုကို ထုတ်ရောင်းရန် မသင့်ဘဲ သူတို့နှစ်ဦး၏ ပူးပေါင်းတိုက်စစ်က ပြိုင်ဘက်များအတွက် ကြောက်ရွံ့ဖွယ်ဖြစ်လာမည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

**မေလှဲ့သင်း**

## ဇန်နဝါရီ ၂၀ ရက် အနိုင်/အရှုံးရလဒ်များ

### ပရီမီယာလိဂ် ပွဲစဉ် - ၂၄

| | | |
|---|---|---|
| ဘရိုက်တန် | ၀ - ၄ | ချယ်လ်ဆီး |
| အာဆင်နယ် | ၄ - ၁ | ပဲလေ့စ် |
| ဝက်စ်ဟမ်း | ၁ - ၁ | ဘုန်းမောက် |
| လက်စတာ | ၂ - ၀ | ဝက်ဖို့ဒ် |
| စတုတ်စီးတီး | ၂ - ၀ | ဟက်ဒါဖီးလ် |
| အဲဗာတန် | ၁ - ၁ | ဝက်စ်ဘရွန်း |
| ဘန်လေ | ၀ - ၁ | မန်ယူ |

### စပိန်လာလီဂါ ပွဲစဉ် - ၂၀

| | | |
|---|---|---|
| ဂီတာဖေး | ၂ - ၂ | ဘီဘာအို |
| အက်စ်ပန်ညို | ၀ - ၃ | ဆီဗီလာ |

### ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၉

| | | |
|---|---|---|
| ဂလာဘတ် | ၂ - ၀ | အော့စ်ဘတ် |
| ဝုဖ်ဘတ် | ၁ - ၃ | ဖရန့်ဖတ် |
| မိန့်ဇ် | ၃ - ၂ | စတုဂတ် |
| ဟော်ဖန်ဟိမ်း | ၁ - ၄ | လေဗာကူဆင် |
| ဖရိုင်းဘတ် | ၂ - ၁ | လိုက်ပ်ဇစ် ခိုင်ဝင်း |

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း မရှိလျှင် သို့မဟုတ်

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီကို ဖျက်သိမ်းခြင်းသည် သင့်လျော် မှန်ကန်သည်ဟု တရားရုံးက ထင်မြင်လျှင် ၎င်းအပြင်

(ဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ဤဥပဒေပါ ကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ် တစ်ရပ်ရပ် ပေါ်ပေါက်ပါက ယင်း၏ ကြွေးမြီများကို ပေးချေနိုင်ခြင်း မရှိဟု မှတ်ယူရမည်-

(ကက) လွှဲအပ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ ကုမ္ပဏီက ကျပ်နှစ်သိန်းငါးသောင်းထက် ပိုမိုသော ငွေတစ်ရပ်ကို ပေးချေရန်ရှိသည့် မြီရှင် တစ်ဦးက မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ အပေါ်တွင် ထိုကုမ္ပဏီထံမှ ၎င်းကရရှိမည့်ငွေများ ကို ပေးချေစေရန်အတွက် တောင်းဆိုချက်တစ်ရပ် ကို ထိုကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်း နေရာ သို့ ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးကလက်ခံသော သို့မဟုတ် ညွှန်ကြား သော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့ လျှင်၊ မှတ်ပုံတင်ထားခြင်း မရှိသည့်ကုမ္ပဏီသည် တောင်းဆိုချက်ကို လက်ခံရရှိပြီးနောက် ၂၁ ရက် အတွင်း ထိုငွေကိုပေးချေရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ် မြီရှင်က ကျေနပ်လက်ခံစေမည့် အာမခံ ထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများ ပြုလုပ် ရန် ပျက်ကွက်ခဲ့လျှင်၊

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူအဖြစ် ရှိသူထံမှ ကြွေးမြီ သို့မဟုတ် တောင်းဆိုထားသည့် ငွေများအတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင်၊ အဆိုပါ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ် အတွက် စာဖြင့်ရေးသားထားသည့် အကြောင်း ကြားစာကို မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ ထံသို့ ထိုကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်း နေရာသို့ ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ ဖြစ်စေ၊ တရားရုံးကလက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မှတ်ပုံတင်ထားခြင်း မရှိသည့်ကုမ္ပဏီ သည် အကြောင်းကြားစာအား လက်ခံရရှိပြီး နောက် ၁၀ ရက်အတွင်း အဆိုပါကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကိုပေးချေခြင်း၊ အာမခံ ထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများပြုလုပ်ရန် ပျက်ကွက်လျှင် သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုကို ဆိုင်းငံ့ထားစေရန် မပြု လုပ်ခဲ့လျှင် သို့မဟုတ် ထိုသို့တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုအပေါ် တရားပြိုင်က ကျေနပ်လက်ခံနိုင်သည့် လျော်ကြေးကို ပေးချေမှု မပြုခဲ့လျှင် အထက်ပါအတိုင်း ၎င်းကကျခံရမည့် ကုန်ကျစရိတ်များ၊ နစ်နာကြေးများနှင့် အသုံး စရိတ်များကို ပေးချေမှု မပြုခဲ့လျှင်၊

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် ထိုကုမ္ပဏီ ၏ ကိုယ်စားအမည်ခံတရားပြိုင်အဖြစ် တရားစွဲ ဆိုခံရန် သတ်မှတ်ခံရသူတစ်ဦးဦးအား ဆန့်ကျင် ၍ တရားရုံးတစ်ခုခုတွင် မြီရှင်အား အနိုင်ပေး သည့် ဒီကရီ သို့မဟုတ် အမိန့်အပေါ် အတည်ပြု ခြင်း သို့မဟုတ် အခြားကိစ္စများကို ဆောင်ရွက်ခြင်း သည် ကျေနပ်ဖွယ်ရာမရှိခဲ့လျှင်၊

(ဃဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးကလက်ခံနိုင်မည့် အခြားသော သက်သေခံတင်ပြချက်များရှိခဲ့လျှင်။

(ဂ) ဤအပိုင်းတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခြား သက်ဆိုင်ရာဥပဒေ သို့မဟုတ် ဤဥပဒေအရဖျက်သိမ်းထားသည့် ဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအဖြစ်လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုအဖြစ်လည်းကောင်း ဖျက်သိမ်းမည့် ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုအတွက် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရ။ သို့သော် ဖျက်သိမ်းထားသည့် ပြဋ္ဌာန်းချက်များကို ရည်ညွှန်းထား သည့်ကိစ္စရပ်များကို ဤဥပဒေ၏ သက်ဆိုင်သည့် ပြဋ္ဌာန်းချက် များ (ရှိခဲ့လျှင်) ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

**မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ကြွေးမြီပေးဆပ်ရသူများ**

၄၁၄။(က) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်ကိုပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူ များအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန် အတွက် ငွေကြေးတစ်ရပ်ရပ်ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်း ရာတွင် ကျသင့်သည့် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များကို ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက်လည်းကောင်း တာဝန်ရှိ သူများအားလုံးကို ကြွေးမြီပေးဆပ်ရသူများအဖြစ် မှတ်ယူရမည် ဖြစ်သည်။ ကြွေးမြီပေးဆပ်ရသူများအားလုံးသည် ဖော်ပြပါတာဝန် ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းတို့ထံမှ ပေးချေရမည့် ငွေ ပမာဏအားလုံးကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ရရန် ပိုင်ခွင့်များသို့ ထည့်ဝင်ရန် တာဝန်ရှိသည်။

(ခ) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် သေဆုံးခြင်း သို့မဟုတ် လူမွဲအဖြစ် သတ်မှတ်ခံရခြင်းများ ဖြစ်ပေါ်ခဲ့လျှင် သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူများ၏ တရားဝင်ကိုယ်စားလှယ်များနှင့် အမွေ ဆက်ခံသူများ၊ လူမွဲအဖြစ်ခံယူရသော ကြွေးမြီပေးဆပ်ရသူများ၏ လွှဲအပ်ခြင်း ခံရသူများနှင့် စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**တရားစွဲဆိုစစ်ဆေးမှုများကိုဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားထားရန်ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

၄၁၅။ကုမ္ပဏီဖျက်သိမ်းရန် လျှောက်ထားတင်ပြပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ချမှတ်ခြင်း မပြုမီကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအပေါ်တရားစွဲဆိုမှုနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားခြင်း၊ ရပ်နားထားခြင်းတို့နှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတွင် မြီရှင်က ထိုသို့ဆိုင်းငံ့ထားရန် သို့မဟုတ် ရပ်နားထားရန် လျှောက်ထားတင်ပြခဲ့လျှင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရမည်။

**ကုမ္ပဏီဖျက်သိမ်းရန်အမိန့်အား ဆိုင်းငံ့ထားစေရန် စွဲဆိုမှု**

၄၁၆။မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံး၏ခွင့်ပြုချက်နှင့် တရားရုံးကသတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်သည်မှအပ မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီ၏ကြွေးမြီတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုကုမ္ပဏီ၏ ကြွေးမြီ ပေးဆပ်ရသူတစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**အချို့သောကိစ္စများတွင် ပစ္စည်းများနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ**

၄၁၇။မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီတွင် ယင်း၏အမည်ဖြင့် တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုခံနိုင်ခြင်းအတွက် အခွင့်အာဏာမရှိခဲ့လျှင် သို့မဟုတ် အကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်လာလျှင် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်ဖြင့်ဖြစ်စေ၊ နောက်ထပ် အမိန့်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီကိုယ်စား ယုံကြည်အပ်နှံခြင်းခံရသူများနှင့် သက်ဆိုင်သောရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်နှင့် အခွင့်အရေးများ၊ တာဝန်များ၊ တရားစွဲဆို တောင်းဆိုမှုများအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို တရားဝင် ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ ၎င်း၏အမည်ဖြင့်အပ်နှံရမည်။ ယင်းနောက် အမိန့်တွင် သတ်မှတ်ဖော်ပြထားသော အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကို ဖော်ပြပါအတိုင်း အပ်နှံရမည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်း ရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တရားရုံးက ညွှန်ကြားသည့်အတိုင်း လျော်ကြေး ငွေများ (ရှိခဲ့လျှင်)ကို ပေးပြီးနောက် အဆိုပါပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏ အမည်ဖြင့် အမှုများကိုစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် စွဲဆိုသည့် မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများတွင် ခုခံချေပခြင်းတို့ကို မှတ်ပုံတင် ထားခြင်းမရှိသည့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် ထိုကုမ္ပဏီ၏ပစ္စည်းများကို ပြန်လည်ရယူခြင်း များအား ထိရောက်စွာဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သလိုတရားစွဲဆို ခြင်း သို့မဟုတ် ခုခံချေပခြင်းများကို ပြုလုပ်ရမည်။

**ဤအပိုင်းတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို ဆက်စပ်အသုံးပြုရခြင်း**

၄၁၈။မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် တရားရုံးဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သော ဤဥပဒေ၏ ရှေ့ပိုင်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များအား ကန့်သတ်ထားခြင်းမရှိဘဲ ယင်းတို့နှင့် ဆက်စပ်အသုံးပြုရမည်။ တရားရုံးနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့သည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ၎င်းတို့အနေဖြင့် ကျင့်သုံး ဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။ သို့သော် မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီတစ်ခုသည် ယင်းအားဖျက်သိမ်းသည့် ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ ကုမ္ပဏီတစ်ခု ဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ ဤအပိုင်းတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များအတွက်သာလျှင် ကုမ္ပဏီဖြစ်သည်ဟု မှတ်ယူရမည်။

**အပိုင်း (၆)**

**မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ရုံး၏ အခွင့်အာဏာများ**

**အခန်း(၂၈)**

**မှတ်ပုံတင်အရာရှိ၊ မှတ်ပုံတင်ရုံး၊ စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း၊ စစ်ဆေးကြည့်ရှုနိုင်သည့် အခွင့်အာဏာများနှင့် အခကြေးငွေများ**

**မှတ်ပုံတင်အရာရှိ**

၄၁၉။(က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏ လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သည် မှတ်ပုံတင်အရာရှိ ၏ အခွင့်အာဏာများကိုရရှိပြီး ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ထိုဥပဒေများအရ အခါ အားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရာ တွင် သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိ သည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာ များနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ် တားမြစ်ခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယေဘုယျအခြေ အနေတွင်သော်လည်းကောင်း၊ အထူးအခြေအနေ တစ်ရပ်ရပ် တွင် သော်လည်းကောင်း လမ်းညွှန်ချက်များထုတ်ပြန်နိုင်သည့် အခွင့်အာဏာရှိသည်။

(င) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သို့ မှတ်ပုံတင်အရာရှိ၏ တာဝန်များကို လွှဲအပ်ထားသည့် ကာလ တစ်လျှောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာ သို့မဟုတ် အလားတူ ရာထူးနေရာကို ရယူထားသောသူသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကိုကျင့်သုံးနိုင်ပြီး ၎င်း၏ လုပ်ငန်းတာဝန်များ ကို ထမ်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ညွှန်ကြား ရေးမှူးချုပ်၏ ကြီးကြပ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏ လုပ်ငန်းကို ဆက်ခံမည့် ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်၏ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသို့ ၎င်း၏အခွင့်အာဏာများနှင့် လုပ်ငန်း တာဝန်များကို တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် အခွင့်အာဏာ လည်းပါဝင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာဥပဒေ တစ်ရပ် ရပ်အရ မှတ်ပုံတင်အရာရှိအားခန့်အပ်နိုင်သည့် သို့မဟုတ် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို အပ်နှင်းနိုင် သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိ စေရ။

**မှတ်ပုံတင်ရုံးများ**

၄၂၀။(က) ဤဥပဒေအရ ကုမ္ပဏီများကို မှတ်ပုံတင်ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုဝန်ကြီးက သင့်သည်ထင်မြင်သည့်နေရာ များတွင် ရုံးများဖွင့်လှစ်ရမည်ဖြစ်ပြီး မည်သည့်ကုမ္ပဏီမျှ အဆိုပါ ဖွင့်လှစ်ထားသည့်ရုံးများအနက် ရုံးတစ်ရုံးတွင်မှတစ်ပါး မှတ်ပုံတင်ခြင်းမပြုလုပ်ရ။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီများအား မှတ်ပုံတင်ခြင်း အတွက် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် လိုအပ် သောစာရွက်စာတမ်းများသည် အစစ်အမှန်ဖြစ်ကြောင်း ဖော်ပြ နိုင်ရေးအတွက် ရုံးတံဆိပ် သို့မဟုတ် ရုံးတံဆိပ်များကို ပြုလုပ် ဆောင်ရွက်ထားရန် ညွှန်ကြားနိုင်သည်။

**မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်းနှင့် စစ်ဆေး ကြည့်ရှုခြင်း**

၄၂၁။(က) မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် ဤဥပဒေအရ ထိန်းသိမ်း ထားရှိရန်လိုအပ်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် ဤဥပဒေအရ ၎င်းထံတင်ပြရသည့် မှတ်တမ်းများ အားလုံးကို ပြုစုထားရှိထိန်းသိမ်းရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်တမ်းများနှင့်မှတ်ပုံတင်စာရင်းများ ကို အီလက်ထရွန်နစ်နည်းဖြင့် ဆန်းသစ်ခြင်း၊ တင်ပြခြင်း၊ စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဤဥပဒေအရ မှတ်ပုံတင်ရမည့် အဖွဲ့အစည်းများအားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း များအတွက် ထိုစနစ်များနှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်း များအပါအဝင် မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့် တာဝန်များနှင့် ၎င်းကသင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်တာဝန်များကို ထမ်းဆောင်ရ မည်။ ဤပုဒ်မခွဲသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အဆိုပါကိစ္စရပ်များအတွက် ကြီးကြပ်နိုင် သည့် အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ သက်ဆိုင်စေရမည်။

**ဆက်လက်ဖော်ပြပါမည်။**













# ပြည်သူ့အရေး ရှုမြော်တွေး အဂတိဝေးပါမှ

ကိုရင်ဩ

ဗီယက်နမ်နိုင်ငံ၌ မကြာသေးမီက ရာထူးမှ ဖယ်ရှားခံခဲ့ရသော နိုင်ငံပိုင် ရေနံလုပ်ငန်း၏ အကြီးအကဲဖြစ်သူ ဒင်လာသန်းနှင့် သူ၏ကြံရာပါများအား နှစ်ရှည်ထောင်ဒဏ် စီရင်ချက်ချမှတ်သင့်သည်ဟု အစိုးရရှေ့နေများက အကြံပြုတင်ပြလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ကြားသိရလေသောအခါ ပြည်သူ့ဝန်ထမ်းများနှင့် အဂတိလိုက်မှု ဆက်နွှယ်မှုတည်းဟူသော စနိုးစနောင့်ဖြစ်ဖွယ်ရာ အကြောင်းခြင်းရာနှင့် ပတ်သက်၍ သဘောသကန်ကို စိစစ်စူးစမ်းမိလေ၏။

ဒင်လာသန်းဆိုသူသည်ကား ကွန်မြူနစ်ပါတီ၏ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်ပါပေတည်း။ သူသည် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် တစ်ဦးဖြစ်ခဲ့ပြီးလျှင် ပက်ထရိုဗီယက်နမ် ရေနံကုမ္ပဏီနှင့် အိုးရှင်းဘဏ်တို့တွင် ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရမှုအတွက် အဂတိလိုက်စားမှုနှင့် စီးပွားရေးစီမံခန့်ခွဲမှု လွဲမှားခြင်းစွဲချက်များအရ တရားရင်ဆိုင်နေရသူ ဖြစ်လေသည်။

ဤတွင်ရွေ့ကား ကျွန်ုပ်သည် ဝန်ထမ်းများအနေဖြင့် မုရာမာယာများလှသော အဂတိတရားမှ ကင်းဝေးရန် အထူးလိုအပ်ပုံကို သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ စေ့ငုမိလေတော့သတည်း။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်း**

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူ၍ ရေးသားထားသော အသိပေးစာတန်းကို မြန်မာနိုင်ငံရှိ အစိုးရရုံးဌာနအချို့တွင် ကျွန်ုပ် တွေ့မြင်ရဖူး၏။ ယင်းစာတန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အနုလုံပဋိလုံ (အပြန်ပြန် အလှန်လှန်) စဉ်းစားကြည့်ပြီးသော် ကျွန်ုပ်က "ဝန်ထမ်းဆိုးလျှင် နိုင်ငံဆိုးမည်" ဟု ထပ်တွန့်မိ၏။ ထုံတေတေ ပေကတ်ကတ် ဝန်ထမ်းများ၊ မလုပ်မရှုပ် မပြုတ် ဝန်ထမ်းများ၊ အမြီးကျက် အမြီးစား ခေါင်းကျက် ခေါင်းစား စိတ်ဓာတ်ရှိသော ဝန်ထမ်းများ၊ ရပေါက်ရလမ်းနောက်သို့ တသွတ်သွတ် လိုက်တတ်သော ဝန်ထမ်းများ၊ ရာထူးအာဏာပါဝါဖြင့် ကိုယ်ကျိုးရှာရန် အကျင့်သွမ်းမှု 'ဇ' ရှိသော ဝန်ထမ်းများ၊ စားနေကျ ကြောင်ဖား ဝန်ထမ်းများ၊ လူကြီးလစ်လျှင် လစ်သလို ခြေပုန်းခုတ်တတ်သော ဝန်ထမ်းများ၊ ပြည်သူတို့၏ မျက်ရည်များပါဝင်နေသော ထမင်းလုတ်များကို မြိန်မြိန်ရှက်ရှက်စားတတ်သူများ၊ အထက်ဖား အောက်ဖိ ပုတ်သင်ညို (ကဲ့သို့ အရောင်ပြောင်းတတ်သော) ဝန်ထမ်းများ၊ ပြည်သူကို ဗဟိုပြုရမည့်အစား ကျောခိုင်းနေသော ဝန်ထမ်းများ အစရှိကုန်သော ဝန်ထမ်းဆိုးများ ကျွန်ုပ်တို့၏ နိုင်ငံတော်၌ မရှိပါလျှင် ဝန်ထမ်းလောကကြီး လွန်ကဲထူးမြတ်သော ဂုဏ်ဒြပ်အပေါင်း ခညောင်းကာ 'ကျက်သရေ တက်နေသင့်၊ ခက်ငွေပွင့်သော်တာ၊ မျက်ရွှေပွင့် နော်ဇာလို၊ မော်တကာ ခေါင်ဆုံး' ဖြစ်ပေလိမ့်မည်။

အရေးကြီးလှသည်မှာကား မြဲမြံခိုင်သန့် တည်တံ့သော နှလုံးသားရှိကြကုန်သော ဝန်ထမ်းကောင်းများ တိုးပွားလာဖို့ အရေး မြော်ရှုတွေးကာ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကြဖို့၊ ပုံဖော်ထုဆစ်ကြဖို့ ဖြစ်လိမ့်မည်။

ဒီမိုကရေစီ ပန်းတိုင်သို့ တူရှုပြုလျက် မနားမနေ ခရီးရှည်ချီတက်ပွဲကြီး ဆင်နွဲနေသော ကျွန်ုပ်တို့၏ အမိနိုင်ငံတော်ကြီးတွင် စေတနာအိတ်သွန်ဖာမှောက် လုပ်ကိုင်တတ်သော ဝန်ထမ်းကောင်းများ (ဝါ) ဝန်ထမ်းသူတော်စင်များ တိုးပွားလာစေဖို့ မဟာဗျူဟာများ၊ နည်းဗျူဟာများ ပတ်မဥသုံအလုံးစုံစွာ တပ်အပ်သေချာရေးဆွဲကြပြီးလျှင် တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်လုပ်နိုင်ကြလျှင် မြင့်မြတ်တည်ကြည်သော နိုင်ငံ့ပုံရိပ်ကို ကမ္ဘာသူ၊ ကမ္ဘာသားတို့က မျက်ဝါးထင်ထင် တွေ့မြင်ချိမ့်မည်။

**ရဟန်းမှာဝိနည်း လူမှာစည်း**

'ရဟန်းမှာ ဝိနည်း လူမှာစည်း' ဟူဘိသို့ပင် စည်းကမ်းကလနားဖြင့် ထိန်းကွပ်ထားသော လူ့အဖွဲ့အစည်း ပေါ်ထွန်းရေးတွင် ဝန်ထမ်းများ၏ စွမ်းပကားမှာ အခြေခံကျ



ဓာတ်ပုံ- ရိုက်တာ

လိမ့်မည်ဟု ကျွန်ုပ်တွေးတောမိ၏။

၃၈ ဖြာ မင်္ဂလာတရား၊ သိင်္ဂါလော ဝါဒသုတ်၊ ကန်တော်မင်းကျောင်း ဆရာကဲ့သို့ အကျော်ဒေးယျ ပုဂ္ဂိုလ်တော်ကြီးများ၏ ဆုံးမသြဝါဒများ၊ လောကနီတိကျမ်းနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးဖွဲ့သော စာဏကျနီတိကျမ်း၊ နီတိမဉ္ဇရီကျမ်း၊ နီတိမာလာကျမ်း၊ သုတ္တန္တနီတိကျမ်း အစရှိကုန်သော လောကီလောကုတ် ကောင်းကျိုးဂုဏ်ပုဒ်များ အတိပြီးသော ဘဝလမ်းညွှန်ချက်များ အခိုင်အမာရှိသော ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးတွင် ဝန်ထမ်းများ 'စည်း' ရှိကြဖို့၊ သူတော်စင်ပမာ 'ကျင့်ဝတ်' ရှိကြဖို့ လိုအပ်သည်မှာကား သေချာလှ၏။

မြန်မာတို့ ဦးထိပ်ပန်ဆင်သော ဗုဒ္ဓကျမ်းဂန်လာ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ စောရသုတ်၊ ၁၅၃ ၌ လူတို့ စည်းမပျက်ဖို့ သြဝါဒပေးထားသည်ကို ကျွန်ုပ်လေ့လာတွေ့ရှိပေရကား မြန်မာ့ဝန်ထမ်းများ အသိတရားမြင့်မားစေဖို့ စေတနာဗရပွဖြင့် ဤနေရာမှနေ၍ ကျွန်ုပ် မျှဝေလိုသေး၏။

**စည်းကမ်းပျက်လျှင် တာရှည်မခံ**

၁။ မရိုက်ပုတ် မသတ်ဖြတ်သင့်သူကို ရိုက်ပုတ်သတ်ဖြတ်ခြင်း၊

၂။ အကြွင်းမဲ့ထား ယူငင်သွားခြင်း၊

၃။ မိန်းမများကို ညှဉ်းဆဲခြင်း၊

၄။ သမီးပျိုများကို ဖျက်ဆီးခြင်း၊

၅။ ရှင်ရဟန်းများကို လုယက်ခြင်း၊

၆။ ပြည်သူ့ ရိက္ခာထောက်ပံ့ရုံကို လုယက်ခြင်း။

၇။ မိမိတို့ ဒေသနှင့် အလွန်နီးကပ်သော အရပ်ကို တိုက်ခိုက်ခြင်း၊

၈။ သိုမှီးသိမ်းဆည်း၍ မလိမ္မာခြင်း

ဤအကြောင်းများကြောင့် သူခိုးဓားပြတို့သည် တာရှည်မခံ၊ မြန်စွာမသွေပျက်ရချေသည်ဟု ဟောတော်မူရကား . . .

လူဆိုးသူဆိုးပင် စည်းကမ်းပျက်လျှင် လျင်မြန်စွာ ပျက်စီးရချေသေး၏။ သို့အတွက် လူအားလုံးတို့သည် စည်းကမ်းပျက်လျှင် မိမိတို့လည်း ပျက်စီးကြရမည်ဟု နှလုံးထား၍ လူ့တာဝန်၊ လူ့ စည်းကမ်းများ မပျက်ကြစေကုန်သတည်း။

အထက်ဖော်ပြပါ သြဝါဒကို ကျွန်ုပ်ဆက်နွှယ်တွေးတောမိလေသော် လူဆိုး၊ သူခိုး၊ ဂျပိုး၊ ဂျပ်ကောင်တို့ပင်လျှင် စည်းကမ်းရှိဖို့ လိုအပ်ပါလျှင် နိုင်ငံ့ဝန်ထမ်းဘဝကို ပြည့်ပြည့်ဝဝ ခံယူဆောက်တည်ထားကြသော ပြည်သူ့ ဝန်ထမ်းတို့မှာ စည်းကမ်းသေဝပ်ရေး အထူးလိုအပ်သည်ဟု အဘယ်ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။

'မြန်မာတွေ စည်းဖောက်လို့ ထီးနန်းပျောက်ခဲ့သည်' ဟူ၍ ပြောစမှတ်ပြုခဲ့ကြသည်ကို ကျွန်ုပ်တို့ ရွှေမြန်မာများ အလေးထားကြဖို့ လိုပေမည်။

အရေးအကြီးဆုံး အချက်အဖြစ် ကျွန်ုပ်နားလည်မိသည်မှာ မိမိက အစပြု၍ စည်းကမ်းရှိရေး (ဝါ) Self -Discipline (ဝါ) ကိုယ်တိုင် စည်းကမ်းသေဝပ်ရေးဖြစ်၏။

'စည်းကမ်းရှိကြပါ' ဟု နှိုးဆော်နေရုံမျှဖြင့် လူ့အဖွဲ့အစည်းအတွင်း စည်းကမ်းသေဝပ်ကောင်းမွန်လာမည်ဟု တပ်အပ်မဆိုနိုင်ရာ။ ပြုပ်ရှပ်ရှပ် (မချောမညက်) ဝန်ထမ်းများ၊ စားမယ်ဝါးမယ်ဆိုသော ညှဉ်းသိုးသိုးဝန်ထမ်းများ၊ စုန်းပြူးဝန်ထမ်းများ၊ သိုးမည်း ဝန်ထမ်းများ၊ ငါးခုံးမ ဝန်ထမ်းများဖြင့် ပေါင်းလန်နေသော ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းမှာ ပန်းဥယျာဉ်အတွင်း ရောက်ရှိနေသည့် ညှီစော်နံနေသော ကြွက်သေကောင်ပုပ်ရှိသည့် ဌာနန္တရအခင်းအကျင်းမျိုးနှင့်တူနိုင်သေးသည်ဟု ကျွန်ုပ်၏ အတွေးကမ္ဘလာပြင်ပေါ်ဝယ် အာရုံနိမိတ်ပုံ ခြယ်မှုန်းမိသေးသည်။

သို့ဖြစ်ရကား ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများမှ အကြီးတန်း စီမံခန့်ခွဲရေးမှူးများက မိမိတို့၏ စက္ခု (မျက်လုံး) နှင့် သောတ (နားရွက်) တို့ကို အစွမ်းကုန်ဖွင့်ထားကြလျက် ဝန်ထမ်းဆိုးများ အရဲကိုးကာ ရှေ့တိုး မမိုက်နိုင်စေဖို့ စည်းကမ်းမဲ့မှုတည်းဟူသော သင်းတို့၏အစွယ်ကို အာဏာစက်ဖြင့် ရိုက်ချိုးပစ်ကြဖို့ ခေါင်းဆောင်ကောင်းစိတ်ဓာတ်ဖြင့် လုပ်ကိုင်ကြရန်လိုသည်ဟု ကျွန်ုပ် ထင်မြင်ယူဆမိ၏။

'ခြင်္သေ့ပုံနှယ် မင်းကျင့်ဖွယ်တည်း' ဟူဘိသို့ပင် ကြီးသောအမှုပင်ဖြစ်စေ၊ ငယ်သော အမှုပင်ဖြစ်စေ အကြင်အမှုမှန်သမျှကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ခေါင်းဆောင်ကောင်းသည် ခြင်္သေ့မင်းက အားကုန်သွန်၍ ဟောက်သကဲ့သို့ အားထည့်၍သာလျှင် လုပ်ကိုင်သင့်သည်ဟူပေ။

မိမိ၏ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအတွင်း ဗွေဆိုးဖောက်ကာ မွှေနှောက်နေသော ဝန်ထမ်းဆိုးများဘက်မှ အဆိပ်ပင်ရေမလောင်းကြမူ၍ ဆုံးမသွန်သင်ခြင်း၊ လက်တွဲခေါ်ခြင်းတို့ ပြုကြရန်မှာ ဌာနအသီးသီးရှိ ခေါင်းဆောင်ကောင်းများ၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းကောင်းများ အားလုံး အတူယှဉ်တွဲ၍ အဖွဲ့အစည်းတိုးတက်အောင် လုပ်ကိုင်ကြရန်မှာ ပြာပူငရဲခံအကုသိုလ်ကံ ကင်းသော ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအဖြစ် ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် ရပ်တည်နိုင်စေဖို့ အထူးလိုအပ်ပေလိမ့်မည်။

ပြည်သူ့ဝန်ထမ်းများဟူသော ဝေါဟာရကို ကျွန်ုပ်စေ့ငုကြည့်မိလိုသေးသည်။ ပြည်သူ့ ဝန်ထမ်းဟူသည်ကား နိုင်ငံတော်ကြီး၏ ယန္တရားတစ်ခုလုံး ကောင်းစွာသက်ဝင်လှုပ်ရှားစေရေးအတွက် ဆောင်ရွက်ကြရသူများ ပါပေတည်း။

ခေတ်စနစ်တို့ ပြောင်းလဲလာစေကာမူ နိုင်ငံတော်ကြီး၏ ယန္တရား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြသူတို့မှာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြကုန်ရာ၏ဟု ဆင်ခြင်မိကြအပ်၏။

သို့ရာတွင် ဝမ်းနည်းဖွယ်ရာကောင်းသော အချက်တစ်ချက်မှာ ပြည်သူ့ဝန်ထမ်းအချို့မှာ 'ဝန်ထမ်းကျင့်ဝတ်' မည်ကဲ့သို့ရှိသည်ကို ဂဃနဏ တိတိပပ ခရေစေ့တွင်းကျ မသိကြခြင်းဖြစ်သည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရ၏။


အချိန်တန်လျှင် လခရမည်၊ သားကျွေးမှု၊ မယားကျွေးမှု၊ မိသားစုဘဝ ဝင့်ထည်မှုအတွက် အခြေအနေ၊ အခွင့်အရေးပေးလျှင် ပေးသလို 'လုပ်စား' မည်၊ 'ခွင်' ဖော်မည်၊ ဆရာနှင့်တပည့် ပေါင်းရိုက်မည်၊ 'ထောင်' မြင်လျှင် 'ရာ' စွန့်မည်၊ လိုချင်ရမ္မက်ဇောအရ ကာမဂုဏ်ခံစားနိုင်ရေး (ဇိမ်ခံနိုင်ရေး၊ ကာမဂုဏ်အာရုံလိုက်စားနိုင်ရေး) အတွက် အကြံအဖန်နည်းဖြင့် ငွေရှာမည်ဆိုသော ဝန်ထမ်းဆိုးတို့ ကျွန်ုပ်တို့ နိုင်ငံတော်၏ ယန္တရားတွင် ဦးရေတိုးနေပါလျှင် 'ဖွတ်ချက်ဖွတ်ချက်' လော်ရီကားကြီးမောင်းနှင်နေသည့်ပမာ အစိုးရလုပ်ငန်းများ ခရီးတွင်မည်မဟုတ်ဟု ကျွန်ုပ်တွေးတောမိ၏။

အရပ်ဘက်ဝန်ထမ်း၊ စစ်ဘက်ဝန်ထမ်းဟူ၍ နှစ်မျိုးရှိပြီးလျှင် ဝန်ထမ်းအဖွဲ့အစည်းများ အားလုံးအတွက် ပြည်ထောင်စု အစိုးရအဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ကျင့်ဝတ်ထိန်းသိမ်းရေး ဌာနကြီးများ ထားရှိကာ ပြည်သူ့ဝန်ထမ်းတို့ကို အကဲခတ်စောင့်ကြည့်ရပေလိမ့်မည်။

ပြည်သူ့ရေးရာ ဝန်ဆောင်မှုကောင်းစေဖို့၊ ပြည်သူတို့ ယုံကြည်မှုရှိသော ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေဖို့ ပြည်သူ့ဝန်ထမ်းမဟူ ကျင့်ဝတ်သိက္ခာရှိရှိ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များသိသိ ပြုမူကျင့်ကြံကြမည်ဆိုပါလျှင် 'ဗလဝ' နိုင်ငံတော် (ဝါ) အားကောင်းမောင်းသန် နိုင်ငံတော်အဖြစ် မယိမ်းမယိုင်ကျောက်စာတိုင်ပမာ ရပ်တည်နိုင်မည်ဟု ကျွန်ုပ် သတ္တုချမိလေသည်။

ပြည်သူ့ဝန်ထမ်းများ၏ ပုံရိပ်ကို အိုးမည်းသုတ်နေသော အဂတိလိုက်မှုများ၊ အလွဲသုံးစားပြုမှုများ၊ ရာထူးအာဏာပြ ခြိမ်းခြောက်အနိုင်ကျင့်မှုများ၊ လိမ်လည်ညာဝါးမှုများ၊ ပြည်သူ့ဘဏ္ဍာ ပျက်စီးပြုန်းတီးစေမှုများကို ဖာထေးပြုပြင်နိုင်ရန် အားမာန်သစ်ဖြင့် အသစ်ပြန်လည် ပေါ်ထွန်းလာသော မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပြည်သူ့ဝန်ထမ်းများ အပါအဝင် ပြည်သူတစ်ရပ်လုံးအား အသိပညာပေးရေး အစီအစဉ်တစ်ရပ်အရ ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ရန်ကုန်မြို့၌ စာတမ်းဖတ်ပွဲကြီးတစ်ရပ် ပြုလုပ်တော့မည်ဆိုသော သတင်းကောင်းကို ဝမ်းမြောက်စွာ ကြိုဆိုလျက် အဆင်းလှသည့်တိုင် အချင်းမလှသော 'ရေသဖန်းသီးများ' တည်းဟူသော ပြည်သူ့ဝန်ထမ်းဆိုးတို့ကို ယင်းကော်မရှင်က ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်မည်ဟု တွေးတောမိရင်း "ပြည်သူ့အရေး ရှုမြော်တွေး အဂတိဝေးပါမှ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

*Ref:*
*Vietnam energy executives stand trial on corruption charges.*



# တက္ကသိုလ်ဝင်ခွင့် ပယ်ဖျက်ခံခဲ့ရတဲ့ ဂျန်ယန်ဟွာ

တောင်ကိုရီးယားရဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "CN Blue"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း အောင်မြင်နေတဲ့ ဂျန်ယန်ဟွာဟာ လတ်တလောမှာတော့ ကောလာဟလတွေထဲမှာ ပါဝင်နေခဲ့တာဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာမှာ မသမာတဲ့ နည်းလမ်းတွေကို သုံးကာ ကျောင်းတက်ခွင့်ရယူခဲ့ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် သူ့ကို ချစ်ခင်အားပေးတဲ့သူတွေ သတင်းကြောင့် စိတ်ပျက်ရမယ်ဆိုပါက သူ့အနေနဲ့ တောင်းပန်ကြောင်း လက်ရေးစာမူတစ်စောင်ကို သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပါတယ်။ ဒီလို ဖော်ပြခဲ့ပြီးတဲ့နောက် ဇန်နဝါရီ ၁၉ ရက်မှာတော့ ဂျန်ယန်ဟွာရဲ့ တက္ကသိုလ်ဝင်ခွင့်ကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်ယန်ဟွာဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ကွန်ဟီးတက္ကသိုလ်မှာ တက်ရောက်ခွင့် လျှောက်ထားခဲ့ရာမှာတော့ တက္ကသိုလ်က လက်ခံခဲ့ခြင်းမရှိပါဘူး။ နောက်ပိုင်းမှာတော့ နောက်ဆက်တွဲအနေနဲ့ ဝင်ခွင့်တွေကို ထပ်မံခေါ်ယူခဲ့ပြီး နောက်ဆက်တွဲ ဝင်ခွင့်အတွက် အင်တာဗျူး ဖြေဆိုရာမှာလည်း ယန်ဟွာလာရောက်ဖြေဆိုခဲ့တာကို မတွေ့ရတာဘဲ ဝင်ခွင့်အောင်စာရင်းထွက်လာချိန်မှာတော့ ပါဝင်နေတာ တွေ့ရပါတယ်။ ဒီလိုအဖြစ်အပျက်တွေကြောင့် ယန်ဟွာဟာ တက္ကသိုလ်ဝင်ခွင့်အတွက် မသမာတဲ့နည်းနဲ့ ရယူခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး လတ်တလောမှာတော့ စုံစမ်းမှုတွေ ခံယူနေရတာ ဖြစ်ပါတယ်။

ဒီလို သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက်မှာတော့ ဂျန်ယန်ဟွာရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်ဖ်အန်စီအန်တာတိန်းမန့်က ပြန်လည်ရှင်းချက်ထုတ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဆိုပါအေဂျင်စီက ၂၀၁၆ ခုနှစ်အတွင်း တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခဲ့ရာမှာ ငြင်းပယ်ခံခဲ့ရကြောင်း၊ နောက်ဆက်တွဲဝင်ခွင့်ခေါ်ယူချိန်မှာ ထပ်မံလျှောက်ထားခဲ့ကြောင်း၊ နောက်ဆက်တွဲခေါ်ယူခဲ့ရခြင်းဟာ တက္ကသိုလ်မှာ ကျောင်းသားဦးရေနည်းလွန်းတာကြောင့် ကျောင်းသားတွေကို ထပ်မံခေါ်ယူခဲ့တာဖြစ်ကြောင်း၊ နောက်ဆက်တွဲနဲ့ လျှောက်ခဲ့သူအားလုံးဟာ ယှဉ်ပြိုင်ရွေးချယ်ခြင်းမရှိဘဲ အားလုံးကို ကျောင်းကလက်ခံခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒီလို စုံစမ်းမှုတွေ ခံခဲ့ရချိန်မှာ ယန်ဟွာဟာ ကျောင်းကနေ ခေတ္တနားထားကြောင်းလည်း သိရပါတယ်။

ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ယန်ဟွာက သူ့ရဲ့ ကောလာဟလတွေကြောင့် အရှက်ရစေခဲ့တဲ့အတွက် မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို တောင်းပန်ကြောင်း လက်ရေးစာတစ်စောင်ရေးကာ အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ ရက်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

တောင်းပန်စာကို ဖော်ပြခဲ့ပြီးနောက် လတ်တလောမှာတော့ ဂျန်ယန်ဟွာရဲ့ တက္ကသိုလ်ဝင်ခွင့်ကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း တက္ကသိုလ်က ထုတ်ဖော်ပြောကြားလာခဲ့ပြီး သူ့ကို ဝင်ခွင့်ရအောင် ကူညီပေးခဲ့သူ ပါမောက္ခတစ်ဦးကိုလည်း အလုပ်ထုတ်လိုက်ကာ နောက်ထပ်အရေးယူမှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ ဆက်လက်စုံစမ်းနေဆဲဖြစ်ကာ စုံစမ်းမှုတွေ အပြီးမှာတော့ အရေးယူမှုတွေကို ထပ်မံလုပ်ဆောင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိအချိန်အထိ စုံစမ်းမှုတွေအရ ဂျန်ယန်ဟွာဟာ တက္ကသိုလ်ဝင်ခွင့်အတွက် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့တာကို တွေ့ခဲ့ရတာကြောင့် ဝင်ခွင့်ပယ်ဖျက်ခံခဲ့ရတာ ဖြစ်ပါတယ်။ ယန်ဟွာကဲ့သို့ တက္ကသိုလ်ဝင်ခွင့်နဲ့ပတ်သက်ပြီး စုံစမ်းမှုတွေ ခံနေရတဲ့ နောက်ထပ် ပေါ့ပ်ကြယ်ပွင့် တစ်ဦးကတော့ ဂျိုကူချန်းဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်
စုစည်းသည်

# အမေရိကန်ဒေါ်လာ ခြောက်ထောင်ကျော်တန် သားမွေးအင်္ကျီဝတ်ဆင်ခဲ့တဲ့ လေဒီဂါဂါ



ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်မှာ မီလန်မှာ နယ်လှည့်ဖျော်ဖြေပွဲ ကျင်းပခဲ့ပါတယ်။ လေဒီဂါဂါရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Joanne" အတွက် နယ်လှည့်ဖျော်ဖြေပွဲ အစီအစဉ်တွေအနက် တစ်ခုအဖြစ် မီလန်မှာ ပြုလုပ်ခဲ့တဲ့ပွဲမှာတော့ လေဒီဂါဂါဟာ အမေရိကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိတဲ့ ဆိတ်မွေးနဲ့ ပြုလုပ်ထားတဲ့ အပေါ်ထပ်အင်္ကျီကို ဝတ်ဆင်လာခဲ့တာကို တွေ့ခဲ့ရကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂရမ်မီဆုရှင် ပေါ့ပ်တေးသံရှင် လေဒီဂါဂါ ဝတ်ဆင်ခဲ့တဲ့ ဆိတ်မွေးအင်္ကျီဟာ အီတလီလူမျိုး ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ ဖရန်စစ်ကို ကွန်နမ်မစ်ဂ်လီရိုရဲ့ လက်ရာတစ်ခုဖြစ်ပြီး ယင်းအပေါ်ထပ်အင်္ကျီကို လေဒီဂါဂါက အသားရောင် ဂါဝန်ရှည်နဲ့ တွဲဖက်ဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနေ့က ဝတ်ဆင်ခဲ့တဲ့ လေဒီဂါဂါရဲ့ ဝတ်စုံတစ်စုံလုံးတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ခန့် တန်ဖိုးရှိကြောင်းလည်း သိရပါတယ်။

# အစ္စရေးမှာ ဂဲလ်ဂတ်ဒေ့ါရုပ်ရှင်ရုံ ဖွင့်လှစ်


အစ္စရေးနိုင်ငံမှာရှိတဲ့ ရုပ်ရှင်ရုံတစ်ရုံကို မကြာသေးမီက ဖွင့်လှစ်ခဲ့ပြီး ယင်းရုံရဲ့ အမည်ကိုတော့ ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ အမျိုးသမီးလူစွမ်းကောင်း ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Wonder Woman"ရဲ့ ဇာတ်ဆောင်မင်းသမီး ဂဲလ်ဂတ်ဒေ့ါရဲ့ အမည်ကိုအစွဲပြုကာ ဂဲလ်ဂတ်ဒေ့ါလို့ ပေးထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမျိုးသမီး လူစွမ်းကောင်းတစ်ဦးရဲ့ ဇာတ်ကောင်ကို ပီပြင်စွာ သရုပ်ဆောင်ခဲ့ပြီး "Wonder Woman" ရုပ်ရှင်ကို ဝင်ငွေအရ အထူးအောင်မြင်စေခဲ့တဲ့အပြင် ကျော်ကြားမှုတွေကိုပါ သယ်ဆောင်ပေးခဲ့တဲ့ ယင်းရုပ်ရှင်ရဲ့ အဓိက ဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သူ ဂဲလ်ဂတ်ဒေ့ါဟာ အစ္စရေးလူမျိုး ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ ကျော်ကြားမှုနဲ့အတူ အစ္စရေးနိုင်ငံသားဖြစ်နေခြင်းကို ဂုဏ်ယူမိကြောင်းလည်း ပရိသတ်တစ်ဦးက ဖွင့်ဟခဲ့တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် ၎င်းက ဂဲလ်ဂတ်ဒေ့ါဟာ အစ္စရေးလူငယ်တွေအတွက် စံပြတစ်ဦးဖြစ်ပြီး ကြိုးစားပါက အိပ်မက်တွေ အမှန်တကယ်ဖြစ်လာကြောင်း ပြသနိုင်သူတစ်ဦးဖြစ်တယ်လို့လည်း ဆိုပါတယ်။

ဂဲလ်ဂတ်ဒေ့ါဟာ လတ်တလောမှာ အသက် (၃၂)နှစ်အရွယ်ရှိပြီဖြစ်ကာ ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ် အသက် (၁၈)နှစ် အရွယ်မှာ အစ္စရေးမယ်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ အဲဒီနောက် နှစ်နှစ်ခန့် စစ်မှုထမ်းခဲ့ရပြီး စစ်မှုထမ်းကာလတွေအလွန်မှာတော့ မော်ဒယ်လ်လောကနဲ့ ဟောလိဝုဒ်ရဲ့ ရုပ်ရှင်လောကအတွင်း ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ သူဟာ ၂၀၀၉ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ ဟောလိဝုဒ်ရုပ်ရှင် "Fast And Furious"နဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် လူသိများလာခဲ့တာဖြစ်ပါတယ်။




# ဂျိုအီးနဲ့ပတ်သက်တဲ့ ကောလာဟလတွေကို အေဂျင်စီငြင်းဆို



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "MOMOLAND"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျိုအီးဟာ ကျောင်းမှာ အခြားသောအတန်းဖော်တွေကို အနိုင်ကျင့်ခဲ့သူတစ်ဦးဖြစ်ကြောင်း လတ်တလော အွန်လိုင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့မှုတွေရှိခဲ့ရာ ပေါ့ပ်ကြယ်ပွင့်ရဲ့ အေဂျင်စီဖြစ်တဲ့ ဒပ်ဘယ်ကစ်ခ်ကုမ္ပဏီက အဆိုပါသတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂျိုအီးရဲ့ ကျောင်းတုန်းက ဓာတ်ပုံကို တွေ့မြင်ခဲ့ရပြီးတဲ့နောက် စွပ်စွဲမှုတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပြီး ဒီလိုအခြေအမြစ်မရှိ ရေးသားဖော်ပြခဲ့သူတွေကို အေဂျင်စီက မှားယွင်းတဲ့သတင်းတွေကို ထပ်မံဖော်ပြပါက ဥပဒေအရ အရေးယူသွားမှာဖြစ်ကြောင်းလည်း ဆိုပါတယ်။

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ **(အပျို)** ဖြစ်ရမည်။

(ခ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများ ဖြစ်ရမည်-

(၁) **ဝိဇ္ဇာဘွဲ့များ** (မြန်မာစာ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်နှင့်သုတပညာ)။

(၂) **ဝိဇ္ဇာဘွဲ့(နိုင်ငံခြားဘာသာ)များ** (တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ)။

(၃) **သိပ္ပံဘွဲ့များ** (ရူပဗေဒ၊ ဇီဝနည်းပညာ၊ ကုန်ထုတ်ဓာတုဗေဒ)။

(၄) **စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့**။

(၅) **တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့**။

(၆) **ဥပဒေဘွဲ့**။

(၇) **နည်းပညာဆိုင်ရာဘွဲ့များ** (သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ချည်မျှင်နှင့်အထည်)။

(၈) **မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့**။

(င) ဘွဲ့လက်မှတ် **(မူရင်း)** နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(စ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(ဆ) ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၂၇ နှစ်ထိ လည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်ထိ လည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှလေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၇ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များအား တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ပတ္တမြားရတုမင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင်ဖခင်ဖေဖေ သီရိပြံ့ဖြိုး ဦးလှထွန်း ပြည်ထောင်စုဝန်ကြီး (ငြိမ်း)
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန နှင့်
ကျေးဇူးရှင်မိခင်မေမေ ဒေါ်စင်သန်းဝင်း တို့၏
(၄၀) နှစ်မြောက် ပတ္တမြားရတုမင်္ဂလာအချိန်အခါမှသည် မင်္ဂလာသက်တမ်း
နှစ်တစ်ရာတိုင် သန္တာနိုင်မြဲရှေ့လက်တွဲ၍ လောကီလောကုတ္တရာ နှစ်ခြာအကျိုး
ရွက်သယ်ပိုးရင်း တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး
ဆောင်ရွက်နိုင်ပါစေကြောင်း။

ချစ်သားသမီးများ – မောင်နေလင်းနိုး + မခြတ်ဝေဟန်ထွန်း၊ မောင်အောင်ကျော်ကို
ချစ်မြေးလေး – မောင်အံ့မော်ကွန်း (စ) ဖဲဖဲ



STANDARD
your affordable quality
SG Eco laminate floor
New Designs
ဝက်ရှတိုက်ရိုက် အထူးဈေးနှုန်း
12 mm-၁ ကျင်း
134,000 Ks
(ပစ္စည်း+လက်ခ အပြီးအစီး)





အညိုအဝေရောင် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်သည်
Hotline: 09 4555 444 30, 09 4555 444 03






TNC THE NUTRITION CENTER
GNC BRANDED အစည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို
အောက်ပါTNC Showroom များတွင် ရရှိနိုင်ပါပြီ။
Junction City, Junction Mawtin, Junction
• Orderများမှာယူလိုပါက ၀၉-၄၅၅၅ ၁၉၃၃ ၁၀၄ သို့ တိုက်ရိုက်ဖုန်းဆက်မှာယူနိုင်ပါသည်။
အမြို့မြို့အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။



၂၀၁၇ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် များတွင် မိုးလုံးပတ်နီးညဲ အောင်ပွဲခံသွားသော

၂၀၁၈ တိုင်းကျော်အားသား
ဝတ္ထုတန်း
မေးခွန်း ၅ ခု နှင့် ဖြေဆိုချက်များ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊
ရူပဗေဒ၊ အထွေထွေသိပ္ပံ
ဘာသာစုံတစ်အုပ် (၁၅၀၀) ကျပ်

၂၀၁၈ တိုင်းကျော်အားသား
အဋ္ဌမတန်း
မေးခွန်း ၅ ခု နှင့် ဖြေဆိုချက်များ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊
ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ
ဘာသာစုံတစ်အုပ် (၁၀၀၀) ကျပ်

၂၀၁၈ တိုင်းကျော်အားသား
တက္ကသိုလ်ဝင်တန်းသင်ရိုးညွှန်းတမ်းအကျဉ်း
မေးခွန်း ၃ ခု နှင့် ဖြေဆိုချက်များ
သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ၊ ဝိဇ္ဇာတွဲ
တစ်ဘာသာတစ်အုပ် (၁၀၀၀) ကျပ်

ဖြန့်ဝေရေး စာပေ – အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၁-၃၈၅၁၇၆၊ ၀၉-၇၃၀၂၉၉၂၉



"နေပြည်တော်" တာမေသက်ကုန်လုပ်ငန်းမှ အသစ်ထုတ်လုပ်သော
မြန်မာ့ငွေပြာရည်
မြန်မာ့ရိုးရာနည်းအတိုင်း စပ်ဆိုးများဖြင့် နှစ်ရှည်နေလှန်ထားသော ထိုးတက်ငွေပြာရည်စစ်စစ်
အချိုဓာတ် နှင့် အာဟာရဓာတ်ကြွယ်ဝစွာ ပါဝင်ပါ၏။
ဖုန်း – 09-5004986, 09795004986
01-578728



အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355



Bio U THAN LINN (ထူးချွန်ဂိတ)
— BIO SUMMER CLASS —
Special Section & Home
Grade(10) Chapter - 6,7,8,10,12
Ph: 09 73005991, 09 443005991, 09 773005991



STRATEGY FIRST INSTITUTE

Professional စာရင်းကိုင်အဖြစ် အသက်မွေးလိုသူများအတွက် နှစ်ပေါင်း(၃၀)ကျော် သက်တမ်းရှိ
Association of Accounting Technicians (AAT), UK မှ အဆင့်မြင့်စာရင်းကိုင် ဒီပလိုမာ

(၆) ဘာသာအတွက် အထူးသင်တန်းကြေး ၇၀၀,၀၀၀ ကျပ် ဖြင့်အပ်နှံနိုင်ပါပြီ။
Exam Fees - 50 GBP per Subject | Textbook Fees - 80,000 Ks

Advanced Diploma
in Accounting (Level 3)
1. Advanced Bookkeeping (UA)
2. Final Account Preparation (UA)
3. Management Accounting: Costing (UA)
4. Indirect Tax (UA)
5. Ethics for Accountants (SA)
6. Spreadsheets for Accounting (SA)
aat



LCCI Level 1 & 2 ပြီးထားသူများအတွက် အထူးသင်ပေးပြီး
တက္ကသိုလ်ဝင်တန်းအောင်သူများလည်း တက်ရောက်နိုင်ပါသည်။
ဇန်နဝါရီလ (၂၀) ရက်နေ့
ရန်ကုန်မြို့တွင် အတန်းများ စမည်။
Call Now : 09 250 717166~68




# ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

မွေးရပ်မြေ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်(၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်လှူဒါန်း ပူဇော်ပါမည်။ ဇန်နဝါရီလ(၂၈)ရက် ရန်ကုန်မှထွက်၍ ဖေဖော်ဝါရီလ(၁)ရက်တွင် ကန့်ဘလူမှ ပြန်လည်ထွက်ခွာကာ(၂)ရက်နေ့ ရန်ကုန်ပြန်ရောက်ပါမည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့လိုက်ပါလိုသူများ၊ လှူဒါန်းလိုသူများသည် ဇန်နဝါရီလ(၂၅)ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

- ဦးတင်ဝင်း ၀၉-၂၅၄၆၅၇၈၃၄
- ဦးသစ်ထွန်း ၀၉-၄၀၀၄၂၉၄၂၇
- ဦးစိုးသူရ ၀၉-၅၀၁၀၅၀၆
- ဒေါ်ခင်သန်းညွန့် ၀၉-၄၂၁၀၈၇၃၂၇

အလုပ်အမှုဆောင်အဖွဲ့
ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)










တော မဲ့ မြေ သား ရေ တိုက် စား ၏

JADE MOTION

095179754, 09799225883

NEW GENERATION

09 426887227, 09 426887228

ရွှေလင်းပြည်

09-450224339, 09-423720047

ရွှေပဲ့ဗ္ဗီနီအင်ကြင်း ခရီးသွားလုပ်ငန်း

ရွှေပေါင်းညွှန့်

115000

50000

09-420087371, 09-259302029

ကိုကျော်နိုင်

CAR RENTAL

ALPHARD, HIACE

09 25 358 2510

09 515 8803

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

## “နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ”

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၇ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး Lion City Restaurant (ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်ကြား၊ ရေကြောင်းသိပ္ပံရှေ့)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပြုစာများကို ၂၁-၁-၂၀၁၈ရက် နောက်ဆုံးထားပေးပို့ပါရန်၊ အသင်းဝင်သားသမီးများ ၂၀၁၈ခုနှစ်၊ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာများကို ၃၁-၃-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နံနက် ၈း၃၀နာရီတွင် စတင်ပါမည်။ နံနက် ၁၀း၃၀နာရီတွင် အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိပါမည်။

**အမှုဆောင်အဖွဲ့.**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကောလင်းမြို့နယ်၊ ပန်းမရဲအုပ်စု၊ ရွာသစ်(၂)၊ (အဖ)ဦးအုန်းကျော်၊ (အမိ)ဒေါ်အေးသန်းတို့၏ သမီးဖြစ်သူ ဒေါ်ဦး(ခ)ဒေါ်မိုးမိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၁၉၈၅ ဖြစ်ပါကြောင်း။

**ဒေါ်ဦး(ခ)ဒေါ်မိုးမိုး**

nice style

အတာရေမစိုဘဲ ကမ္ဘာမြေဘယ်လိုလဲဆိုတာ သွားကြည့်ကြရအောင် ၂၀၁၈ သင်္ကြန်ခရီးစဉ်များ

HOTLINE : 09 799 700 099, 09 799 700 090, 09 775 775 660, 09 775 775 661, 09 775 775 662

www.nicestyletravel.com

www.facebook.com/nicestyletravel

## မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

## စက်မှုလက်မှုအထက်တန်းကျောင်း၊ ဟင်္သာတမြို့

၁၉၇၇ မှ ၁၉၈၁ ခုနှစ်၊ ဟင်္သာတ THS တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် ပူဇော်ကန်တော့ခြင်းနှင့် ညစာအတူသုံးဆောင်ခြင်း အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ကျင်းပပါမည်။ ငယ်သူငယ်ချင်း ကျောင်းသားဟောင်းများအားလုံးကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ပူဇော်ပွဲကျင်းပမည့်နေ့ရက် | - ၂၇-၁-၂၀၁၈ရက် (စနေနေ့) |
| ပူဇော်ပွဲကျင်းပမည့်အချိန် | - ညနေ ၃း၀၀ နာရီ |
| ပူဇော်ပွဲကျင်းပမည့်နေရာ | - မူလ THSကျောင်း “ရွှေဝါထွန်းခန်းမ” ဟင်္သာတမြို့ |
| ညစာဧည့်ခံပွဲကျင်းပမည့်နေရာ | - “ဟုန်စံစီခန်းမ” ဟင်္သာတမြို့ |
| ညစာဧည့်ခံပွဲကျင်းပမည့်အချိန် | - ညနေ ၅း၀၀ နာရီ |

(ညစာစားပွဲတွင် ဆရာကြီး၊ ဆရာမကြီးများနှင့် မိသားစုများ၊ ကျောင်းသားဟောင်းများနှင့် မိသားစုများအားလုံး အတူတကွ တည်ခင်းဧည့်ခံ ဖျော်ဖြေပါမည်။)

ဆက်သွယ်လှူဒါန်းရန် သူငယ်ချင်းများ

**ရန်ကုန်** - သောင်းစိန် (၀၉-၅၀၂၂၅၂၅)၊ မောင်မောင်ဝေ(၀၉-၅၁၃၆၉၉၁)၊ သန်းဟုတ် (၀၉-၅၁၂၃၀၀၂)၊ ဝင်းခင် 80 BC (၀၉-၅၀၈၅၇၈၇)၊ စိန်လှိုင် (၀၉ ၅၁၇၅၇၂၈)၊ စိန်ပန်း (၀၉ ၄၃၀၉၅၆၈၃)

**ဟင်္သာတ** - တင်ဝင်း (၀၉ ၄၀၁၅၃၈၈၄၂)

**မအူပင်** - ကျင်ထွန်း (၀၉ ၇၇၈၇၅၆၃၇၃)

**ပုသိမ်** - စဝင်းနိုင် (၀၉ ၅၀၉၃၈၆၇)

heart

Curtain, Sofa, Furniture

KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း

No.38, ဇဗ္ဗူလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

Ph: 09-30066799, 09-257335855

ဝါရင့်ပါမောက္ခဆရာကြီးများစီစဉ်ကြီးကြပ်သော

2018

EC Edu-Care

ထွက်ပြီ

၂၀၁၈ တက္ကသိုလ်ဝင်တန်း

မေးခွန်း(၅)စုံ နှင့် စံပြအဖြေများ

၂၀၁၈ အဋ္ဌမတန်း မေးခွန်း(၅)စုံနှင့်စံပြအဖြေများ

၂၀၁၈ ဒသမတန်း မေးခွန်း(၅)စုံနှင့်စံပြအဖြေများ

ရောင်းမည်

(B.C.C ရပိုင်)

ဖုန်း-09-5401011, 09-73095677, 09-5002931

မင်္ဂလာပါ

09-450042704

09-250095116

09-420096296

ဖျံ-၅-ကောင်

Ph.D (Alternative Medicines)

Since 1996

ပုလဲ

နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်

ဆရာဝန်များဦးစီးသော

ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၈- ကြိုတင်သင်တန်း

Guide

facebook page

## အမည်ပေါက်ရောင်းမည်

ပေ(၄၀×၆၀)၊ ဧရိယာ(၁)ကျောက်တန်း၊ ဝါမဲ့အမည်ပေါက်၊ ရင်းနီးမြှုပ်နှံသင့်သည့်မြေ။

ဦးလိုသိန်း

ဖုန်း-၀၉-၉၇၂၆၆၃၃၃၆

ရောင်းမည်

ဆေးရုံသုံးကုတင်

သတိုးအောင်ငွေယုမှ ရောင်းပါမည်။

၀၉-၄၅၂၂၀၂၂၂၄

၀၉-၅၀၇၃၇၇၈

Facebook:hospitalbed-ttazy

5BB
BROADBAND
Global Technology Company

BIG SALE PROMOTION
YANGON

အကောင်းဆုံးနှင့်
အတန်ဆုံး
ဖိုင်ဘာအင်တာနက်

The Best and Cheapest FTTH Internet

* 3 Mbps XS | * 9 Mbps S | * 14 Mbps M | * 22 Mbps L | * 40 Mbps XL

**For Home User**

| | | | Initial Fees | Monthly Fees | |
|---|---|---|---|---|---|
| XS | Plan | 3 Mbps | 300,000 ks | 49,500 ks | 6 Months Free |
| S | Plan | 9 Mbps | 300,000 ks | 99,500 ks | 3 Months Free |

**For High Speed User**

| | | | | Monthly Fees |
|---|---|---|---|---|
| M | Plan | 14 Mbps | ~~300,000 ks~~ | 149,500 ks |
| L | Plan | 22 Mbps | ~~300,000 ks~~ | 249,500 ks |
| XL | Plan | 40 Mbps | ~~300,000 ks~~ | 449,500 ks |

● Terms and Conditions Apply

**Promotion Period 15th - 26th January 2018**

ဈေးအတန်ဆုံးအင်တာနက် · လိုင်းအကောင်းဆုံးအမြဲမ်ဆုံး · အကန့်အသတ်မရှိ (Unlimited Data Download)

24x7 Call Center · Lifetime warranty for Equipments

5BB FTTH သည် Global Technology Company ၏ဝန်ဆောင်မှုဖြစ်ပါသည်။
Global Technology Company ကို ၂၀၀၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ပုဂ္ဂလိကအင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများအကြား သက်တမ်းအကြာဆုံးနှင့် အယုံကြည်ရဆုံးဖြစ်ပါသည်။
The Biggest Fiber Network Operator in Yangon

* Speed Up to

● 471, Pyay Road, Kamayut Township, Yangon, Myanmar
● Phone : 01524978, 09424170940, 0949208223, 0949208224 Call Center : 012305425
● 5BBbroadband ● www.5BB.com.mm

သမားစဉ်ဆက် ဆေးစွမ်းထက်မြက် သုံးစွဲသူတိုင်းလွန်နှစ်သက်
စိန်ဘယက် လေးကွဲဆေး နှင့် ဆက်

ဆောင်းနွေမိုး

A.1 Education Centre
Ph : 09 5125882, 09 252210320, 09 451808977

2018-2019 ပညာသင်နှစ်အတွက်.....
ဒေါက်တာဇော်ဦး
Ph: 09-252210320, 09-457535822

တိုက်ခန်းများ ရောင်းရန် ရှိသည်
200 သိန်း
220 သိန်း
270 သိန်း
440 သိန်း
325 သိန်း
225 သိန်း
PH: 09 50 42 919

ဓာတ်ခဲ
ဒေါင် (ဆေးသုတ်အခွံ)
Unitex = 200-250
Orient = 300-350
Premier = 350-400

Skin Care & Cosmetic
H&B Cosmetic Myanmar မှ
တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် တင်သွင်းဖြန့်ဖြူးလျက်ရှိသော
ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံထုတ်
အလှကုန်ပစ္စည်းများအား ရန်ကုန်မြို့နှင့် နယ်မြို့များမှ အရောင်းကိုယ်စားလှယ်
အနေဖြင့်တစ်ဆင့်ဖြန့်ချိလိုပါက ဆက်သွယ်ရန်
Healthy & Beauty World Wholesale & Retails Showroom တွင်
လည်းလာရောက်စုံစမ်းနိုင်ပါသည်။
No.76, Ground Floor, Upper Pazundaung Road, Mingalartaungnyunt Tsp, Yangon
Ph : 01 707093, 01 706305, 09 455588891~4

ပါကေ့ခ်အစားထိုး ကြမ်းခင်း
အလှ လက်ဆောင်(၃)မျိုး
Home
ကြမ်းခင်း ၃ ကျွင်း ဝယ်
MIRROR
T&G SKIRTING
LATEST ACCESSORIES
* Grade A,B,C only *
09-79 700 70 70 09-79 700 70 80

အလိုရှိသည်
ပန်းထိုးအမျိုးသမီးများ
ပညာသင်ပေးမည်။
စရိတ်ငြိမ်း 81000ks
Ph:09-5119068,01-2348108

"ညီနိုင်းဈေးနှင့်စက်မှုဇုန်မြေကွက်ရောင်းမည်"
ရောင်းဈေး -သိန်း (၁၀၀၀) (သိန်းတစ်ထောင်)
09 785133119, 09 5133119,09 250021585

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း

23
မဆလ

Survey ကျွမ်းကျင်သူ ဝန်ထမ်းအလိုရှိသည်
၁။ အဆောက်အဦ (Building Survey) - ကျား (၆) ဦး
Total Station ဖြင့် Building Survey လုပ်နိုင်သူ
ဖြစ်ရမည်။
Taw Win Family Company Limited

ပိုင်ရှင်ကိုယ်တိုင်ငှားမည်
Flat Roof
Bathtube, CCTV
Wifi (3HB-Connection)
2000sqft, 2MBR, 1BR, 5A/C
2 lift, CCTV, Bathtube
ဆက်သွယ်ရန် -01-371702, 09-30210415, 09-420165602

1st~31st January, 2018
20% DOWN PAYMENT
5 YEARS PROGRAM
+ More Benefit
Call Hyundai Showroom
HYUNDAI Official Partner



H-1
MODERN AND POWERFUL, COMPLETE YOUR OWN H-1
$373/Month
2 Sliding Rear Doors
12 Seaters
• 2.5 CRDi Engine / 2.5 TCi Engine
• 6-Speed A/T / 5-Speed M/T
• 12-Seaters (Mini Bus)
• 3 Years or 100,000 km Warranty
Hyundai Car Showroom
INTERNATIONAL KLM CO.,LTD.
Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 ,09 2500 100 10 Service Center : ( 01 ) 522 724
GLOBAL KLM CO.,LTD.
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 971 347 001
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm
All information and illustrations are based on data avilable at the time of publication and subject to change without notice.

THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆောင်ရွက်ပေးသည့်လုပ်ငန်း
1 HP - 245000/-Ks
အဟောင်း/အသစ် လဲလှယ်ပေးခြင်း
အသစ်တပ်ဆင်ခြင်း -300000/-Ks
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပဲခူးမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932



## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌

# အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တင်ဆက်သည့် ပဒေသာကပွဲများကို ယနေ့ နံနက် ၁၀ နာရီမှ စတင်၍ ဖျော်ဖြေတင်ဆက်သည်။

ပဒေသာကပွဲ နံနက်ပိုင်းတွင် အနုပညာရှင်များက ကောင်းချီးသိင်္ခါနန်းတွင်းယိမ်းအက၊ ကြံ့တိုင်းအောင်ပါစေယိမ်းအက၊ ကမျိုးကိုးလီ နဝရတ်စီယိမ်းအက၊ မကိုဋ်မှလေးကောက်ယိမ်းအက၊ ကချင်တိုင်းရင်းသားရိုးရာအက၊ ကယားတိုင်းရင်းသားရိုးရာအက၊ ရှပ်သေး(ဟိမဝန္တာခန်း)(မြင်း၊ မျောက်၊ ဘီလူး၊ ဇော်ဆင်)အက၊ ပန်းချီယိမ်းအက၊ ခြေကအလှမြူးကြွကြွယိမ်းအက၊ ပုဂံယိမ်းအက၊ မွန်ဟင်္သာယိမ်းအကတို့အပြင် တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် ချင်းတိုင်းရင်းသားရိုးရာ ဝါးညှပ်အက၊ ရုပ်သေးအစီအစဉ်(သူငယ်တော်၊ ဦးရွှေရိုး+ဒေါ်မိုး၊ ရုပ်သေးနှစ်ပါးသွားအက)၊ ခေတ်ပြောစုံတွဲယိမ်းအက၊ ပြည်ထောင်စုအင်အားယိမ်းအက၊ ခုနစ်ထွေအက၊ ကရင်တိုင်းရင်းသားရိုးရာဒုံးအက၊ တူနှစ်သွယ်နှစ်ပါးသွားအက၊ ရခိုင်တိုင်းရင်းသားအက၊ ရှမ်းလက်ဖက်ခူးယိမ်းအက၊ အငြိမ့်အစီအစဉ်(ရွှေထွက်မင်းသမီး-ခိုင်ဇာဖြိုး၊ ခေါင်းဆောင်မင်းသမီး-စန်းနီလာဝင်း)၊ လူရွှင်တော်များ-ကုလားမ၊ ငွေတိုး၊ စာကလေး၊ လမုန့်တို့က တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယခုပဒေသာအကဖျော်ဖြေတင်ဆက်မှုများကို အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ လစဉ် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီးဖြစ်

**မောင်တော ဇန်နဝါရီ ၂၀**

မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းမျိုးစုံ တင်ပို့လျက်ရှိသည့်အနက် ဆန်တင်ပို့မှုသည် အများဆုံးဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးချိုထွေးက ပြောကြားသည်။

အဆိုပါစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီ ၁၄ ရက်အထိ ဆန်တင်ပို့မှုပမာဏမှာ ဧည့်မထဆန် တန်ချိန်စုစုပေါင်း ၁၃၄၂၀ ကျော် တင်ပို့ဆောင်ရွက်ပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကုန်သွယ်မှုအနေနဲ့ ရာသီအလိုက်ဖြစ်ပေါ်တဲ့အခြေအနေနဲ့ လုပ်ရတာပါ၊ ဒီရာသီကတော့ ဆန်စပါးထွက်ရှိတဲ့ ရာသီဖြစ်ပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့လည်း နှစ်နိုင်ငံဆန်တင်ပို့မှု MoU ထိုးထားပြီးဖြစ်တဲ့အတွက် တင်ပို့နိုင်တဲ့ ဆန်တန်ချိန်ပမာဏ ပြည့်မီအောင် ဆန်တင်ပို့နိုင်တဲ့ ကုန်သွယ်မှု စခန်းပေါက် အသီးသီးကနေ တင်ပို့ပါတယ်၊ ဒီရာသီကတော့ ဘင်္ဂလားဒေ့ရှ်ကို ဆန်တင်ပို့မှုအများဆုံးရာသီလို့ ပြောလို့ရပါတယ်" ဟု ၎င်းကဆိုသည်။

ကုန်သွယ်မှု အများဆုံးပစ္စည်းမှာ ဆန်ဖြစ်ပြီး ဒုတိယအနေဖြင့် ရေထွက်ပစ္စည်း၊ တတိယအနေဖြင့် အဆင်သင့် စားသုံးနိုင်သည့် စက်မှုထုတ်ကုန်ပစ္စည်းတို့ တင်ပို့ဆောင်ရွက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"စက်မှုကုန်ချောပစ္စည်းကတော့ ကျွန်တော်တို့နိုင်ငံကထုတ်တဲ့ သကြားလုံး၊ သနပ်ခါး၊ ဝက်ခြံပျောက်ခရင်၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**






ဝတ္ထုတို

# တောင်းဆိုခွင့်



**အမေ့သား**

၁

အဆက်မပြတ်ရွာနေသော မိုးအအေးဓာတ်က သူပြန်မြင်ယောင်နေမိသော နောင်တအမှားတွေကို ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်။ သူမေဖူးငုံနှင့် တွေ့ချင်မိသည်။ သူ့အမှားတွေကို ဖွင့်ဟပြောဆိုပြီး တောင်းပန်ချင်သည်။ ထိုအချိန်က မေဖူးငုံ၏ စေတနာစကားတွေကို သူနားလည်လက်ခံခဲ့မည်ဆိုလျှင် အခုလိုအခက်အခဲမျိုး သူတွေ့ကြုံနိုင်ဖွယ်မရှိ။ သူယုံကြည်ခဲ့သော၊ သူဂုဏ်ယူကျေနပ်စွာ ကျင့်သုံးခဲ့သော လမ်းစဉ်သည် မှားနေခဲ့မှန်း သူကောင်းကောင်းသဘောပေါက်ခဲ့ပြီ။ သူ၏တစ်ပွဲတိုးလမ်းစဉ်သည် တကယ့်တကယ် တက္ကသိုလ်နယ်မြေ ခြေချခွင့်ရသည့်အချိန်မှာတော့ အားလုံးဟာ အသစ်အသစ်တွေသာ ဖြစ်နေတော့၏။ သူ့မှတ်ဉာဏ်ထဲမှာ ဘာမှမရှိတော့။ သူဘာကိုမှ ဂဃနဏ မသိတော့။ အရာအားလုံး ဝေဝေဝါးဝါးသာ ဖြစ်လို့နေ၏။ မေဖူးငုံသာ ကျောင်းဆရာမတစ်ယောက် ဖြစ်နေမည်ဆိုလျှင် သူ့လို တပည့်မျိုးတွေ မွေးထုတ်မပေးဖို့ သူတောင်းဆိုချင်မိသည်။ သူတောင်းဆိုခွင့် ရချင်သည်။

"အမေအစည်းအဝေးက ဘာတဲ့လဲဗျ"

ကျေးရွာအစည်းအဝေးမှ ပြန်လာသောအမေ့အားဆီးကြိုလို့ မေးလိုက်သည်။ "ရွာကို ဆရာမအသစ်တစ်ယောက် ရောက်ဖို့ရှိလို့ နေဖို့ထိုင်ဖို့ စီစဉ်ပေးဖို့အတွက် အစည်းအဝေးခေါ်တာပါ၊ ရွာကျောင်းက မူလွန်ကျောင်းဖြစ်သွားပြီဆိုတော့ ဆရာအင်အားလိုလို့ အထက်က ချပေးတယ်ပြောတာပဲ၊ ဆရာမနာမည်ကြားရတာတော့ သဘောကောင်းမယ့်ပုံပဲ"။

"ဟား ဟား. . . အမေကတော့လုပ်ပြီ၊ လူတောင်မမြင်ရသေးဘူး၊ နာမည်ကြားရုံနဲ့ မှတ်ချက်ကပေးပြီးသား၊ လုပ်စမ်းပါဦး၊ ဆရာမနာမည်က ဘယ်လိုများခေါ်လို့လဲ။"

"မေဖူးငုံတဲ့"

"ဘယ်လို မေဖူးငုံ ဟုတ်လား အမေ"

သူ့အံ့အားတသင့် ပြန်မေးတော့ အမေက ကြောင်အမ်းအမ်းဖြင့် သူ့ကို ကြည့်နေသည်။ "သားက အဲဒီဆရာမလေးကို သိလို့လား"ဟုမေးတော့ သူခပ်သွက်သွက်ပင် ခေါင်းညိတ်ပြလိုက်သည်။ သူခေါင်းညိတ်ပြပြီးမှ နာမည်တူတာဖြစ်ပြီး သူတွေ့ချင်နေသည့်မေဖူးငုံမဟုတ်ဘဲ တခြားတစ်ယောက်များ ဖြစ်နေမည်လားဟူသည့် အတွေးက ဝင်လာပြန်သည်။ ဘာပဲပြောပြော သူ့မှာမျှော်လင့်ချက်ကလေး ရှိလာတာတော့ အမှန်ပင်။ အံ့သြဖွယ်ကောင်းသည့် ကံကြမ္မာကြီးအား ဆက်ပြီးအံ့သြဖွယ်ကောင်းသွားအောင် သူတွေ့ချင်နေသည့် မေဖူးငုံအား ခေါ်ဆောင်လာပေးဖို့ တောင်းဆိုရင်း မေဖူးငုံနှင့် ပတ်သက်သည့် အတွေးတွေက စီကာစဉ်ကာ။

၂

ဆရာမ စားပွဲပေါ်ရှိ ပန်းအိုးဆီမှ ပန်းရနံ့များက စာသင်ခန်းတစ်ခန်းလုံး သင်းပျံ့နေလေ၏။ လပတ်စာမေးပွဲ အမှတ်စာရင်းတွေကိုကြည့်ကာ တစ်ဦးချင်းစီ၏ သုံးသပ်ချက်များအား ပြောပြနေသော အတန်းပိုင်ဆရာမ ဒေါ်ခင်သန်း၏ စကားသံတွေကြောင့် ထိုပန်းရနံ့လေးက တစ်ခါတစ်ခါ ပျောက်ကွယ်သွားလိုက်၊ တစ်ခါတစ်ခါ ပိုပြီးသင်းပျံ့လာလိုက်နှင့်။ စာသင်ခန်းလေးကတော့ တိတ်ဆိတ်လို့နေ၏။

"သား အေးမောင် ဒီလအမှတ်တွေ တက်လာတယ်၊ ဆက်ပြီး ကြိုးစား" ကြားလားသား။

"ဟုတ်ကဲ့ပါ ဆရာမ"

"သမီး နွေးသစ္စာလည်း တိုးတက်မှုရှိတယ်၊ နောက်လတွေမှာ ဒီထက်ပိုပြီး အမှတ်များများရအောင် ကြိုးစားနော် သမီး။"

"ဟုတ်ကဲ့ပါ ဆရာမ၊ သမီး ကြိုးစားပါ့မယ်။"

"သားခင်ဇော် ထပါဦး"

ဆရာမအသံက ပန်းအိုးဆီမှ ပန်းရနံ့ကဲ့သို့ မွှေးပျံ့နေလေ၏။ ရှေ့ဆုံးတန်းမှ သူထလိုက်စဉ် တစ်ခန်းလုံး၏ အကြည့်များကလည်း သူ့ဆီသို့သာ။

"သားကတော့ အပြစ်ပြောစရာကို မရှိတာ၊ တခြားဆရာ ဆရာမတွေကလည်း သားကိုချီးကျူးနေကြတယ်၊ သားဖြေထားတာတွေက ပုံနှိပ်စာအုပ်ကို ကြည့်ပြီးရေးထားသလား အောက်မေ့ရတယ်၊ ၏သည်မလွဲမှန်အောင် ဖြေနိုင်တဲ့သားကို ဆရာမချီးကျူးပါတယ်၊ သားအနေနဲ့ ဒီအတိုင်းပဲ ဆက်ကြိုးစားသွားဖို့ ဆရာမမှာချင်တယ်၊ ကျန်တဲ့သူတွေလည်း မောင်ခင်ဇော်ကိုကြည့်ပြီး အတုယူကြိုးစားကြဖို့ ဆရာမမှာချင်တယ်၊ အားလုံးနားလည်ကြလား။"

"နားလည်ပါတယ် ဆရာမ" ဟု တစ်တန်းလုံးက သံပြိုင်ပြန်ဖြေကြသည်။ ဆရာမက "သား ထိုင်"ဟု ပြောတော့ ဂုဏ်ယူစွာဖြင့်ပင် သူထိုင်လိုက်၏။

ဆရာ ဆရာမအားလုံး၏ အချစ်တော်အဖြစ် သူသည် မျက်နှာပွင့်လန်းနေ၏။ ကျောင်းသား ကျောင်းသူများကလည်း "ခင်ဇော် ခင်ဇော်"ဟူသည့်နာမည်ကို ပါးစပ်ဖျားမှ မချ။ သူ၏အဖြေလွှာကိုစစ်ရသည့် ဆရာ ဆရာမအားလုံး သူ့ကိုမချီးကျူးဘဲ မနေနိုင်ကြ။

သူသည် စာမေးပွဲဖြေလျှင် ၏သည်မလွဲမှန်အောင် ဖြေနိုင်စေဖို့ စာကိုသေချာကျက်သည်။ ရလျှင် အကြမ်းစာအုပ်ထဲ ချရေးသည်။ သင်္ချာဆိုလျှင်လည်း ထိုနည်းငင်းပင်။ ဆရာမတွက်ပြထားသည့်အတိုင်း အဆင့်လိုက်တွက်သည်။ တွက်၍ခက်သည့် ပုစ္ဆာများဆိုလျှင် အကြမ်းစာအုပ်ထဲ အခေါက်ခေါက်အခါခါ ချရေးသည်။ ရေးပါများတော့ မျက်လုံးထဲ မြင်လာသည်။ မှတ်မိသည်။ ရေးရင်းဖြင့် လက်က အလိုလိုရေးနိုင်သွားသည်အထိ အလွတ်ရသွားသည်။ ထို့ကြောင့်လည်း လပတ်စာမေးပွဲ အမှတ်စာရင်းထွက်တိုင်း အမှတ်အများဆုံး၊ အဆင့်(၁)က သူပင်ဖြစ်၏။

"မေဖူးငုံ"

ဆရာမကထိုင်နေရာမှ ဘုန်းခနဲထရပ်လိုက်သည်။

"ထစမ်းပါဦး" ဆရာမအသံက စားပွဲပေါ်ရှိ မြေဖြူခဲကဲ့သို့ပင် ကြွပ်ဆတ်မာကြောနေ၏။ တစ်ခန်းလုံး ငြိမ်ကျသွားပြီး အကြည့်အားလုံးကလည်း မိန်းကလေးတန်း၏ ဒုတိယမြောက်ခုံမှ မတ်တတ်ရပ်လိုက်သည့် သူမဆီသို့သာ။

"ညည်းကတော့လေ ဘယ်လောက်ပြောပြော နားမထောင်ဘူး၊ ကျန်တဲ့သူတွေ ပြောင်းလဲတိုးတက်မှုရှိသလောက် ညည်းကတော့ ဒုံရင်းကဒုံရင်းပဲ၊ ဆရာမတွက်ပြထားတဲ့ သီအိုရီနဲ့မတွက်ဘဲ တခြားသီအိုရီနဲ့ ဘာလို့တွက်ရတာလဲ၊ ဆရာမသင်ကတည်းက သေချာပြောပြထားတယ်လေ၊ ဆရာမတွက်ပြထားတာ အမှတ်ပေးစည်းမျဉ်းနဲ့အညီပဲ၊ ကျန်တဲ့နည်းနဲ့လာမတွက်နဲ့၊ လက်မခံဘူးဆိုတာကို၊ ကျန်တဲ့သူတွေအားလုံး အဲဒီပုစ္ဆာကို အမှတ်ပြည့်ရကြတယ်၊ ညည်းတစ်ယောက်ပဲ၊ သီအိုရီက စမှားထားတော့ တစ်မှတ်မှ ပေးမရဘူး။"

"အဖြေချင်းက အတူတူပဲလေ ဆရာမ"

သူမ မဝံ့မရဲ ပြန်ပြောလိုက်သည်။

"အဖြေချင်းတူလည်း အမှတ်ပေးစည်းမျဉ်းနဲ့မညီရင်မရဘူး၊ နောက်ဆိုရင် သေချာမှတ်ထား၊ ဆရာမတွက်ပြထားတဲ့အတိုင်းပဲ တွက်၊ အဆင့်လည်းမကျော်နဲ့၊ သင်္ချာဆိုတာ အဆင့်ကျော်လို့မရဘူး၊ အဆင့်လိုက်အမှတ်ပေးတာ၊ အဲဒီစကားတွေ ညည်းကိုပြောရတာလည်း အခေါက်ပေါင်းမနည်းတော့ဘူး၊ ပြောလည်း ပြောတဲ့သူပဲမောတယ်၊ ညည်းကတော့ ညည်းသဘောနဲ့ညည်း တွက်ချင်သလိုတွက်တုန်းပဲ၊ နောက်စာမေးပွဲတွေ အမှတ်ပြည့်ရချင်ရင် အမှတ်ပေးစည်းမျဉ်းနဲ့အညီဖြစ်တဲ့ ဆရာမတွက်ပြထားတဲ့အတိုင်းပဲတွက်၊ အေး အမှတ်မရချင်ဘူးဆိုရင်တော့ ညည်းတွက်ချင်သလိုသာတွက်၊ ရပြီ ထိုင်တော့။"

ဆရာ ဆရာမများသာမက ကျောင်းသား ကျောင်းသူအချင်းချင်းပင် သူမကို အမြင်မကြည်ကြ။ အမေးအမြန်းအလွန်ထူသောကြောင့်ပင်။

အတန်းထဲတွင် သူမလောက် Complain တက်သည့်သူမရှိ။ ဆရာမက သီအိုရီတစ်ခုဖြင့် တွက်ပြလျှင် သူမက အခြားသီအိုရီတစ်ခုဖြင့် တွက်ကြည့်ပြီး အဖြေမှန်ထွက်ပါက "ဒီနည်းနဲ့ တွက်လို့ရလား"ဟု ဆရာမကို ဝမ်းသာအားရမေးတတ်သည်။ ဆရာမကမရကြောင်း၊ သူတွက်ပြထားသည်ကသာ အမှတ်ပေးစည်းမျဉ်းနှင့် ညီကြောင်း၊ အမှတ်ပေးစည်းမျဉ်းနှင့်ညီမှ အမှတ်ရမည်ဖြစ်ကြောင်း ပြန်ရှင်းပြရသည်မှာ အခေါက်ပေါင်းမနည်းတော့။ ထိုအချိန်တွင် သူမ ငြိမ်ကျသွားတတ်သော်လည်း လက်လျှော့လိုက်သည်တော့ မဟုတ်။ ဆရာမတွက်ပြသည့်အတိုင်းကိုပင် မလိုအပ်ဟုယူဆသည့် အဆင့်များကို ဖြုတ်ပစ်တတ်သည်။

၃

"ဟေ့ သူငယ်ချင်း၊ ငါ နားမလည်တဲ့ စာလေးမေးချင်လို့ နင် အချိန်ရလား။" တစ်ခါမှ ထိုကဲ့သို့ စာမမေးဖူးသည့် "မေဖူးငုံ"က စာမေးချင်လို့ဆိုတော့ သူအနည်းငယ်တော့ ကြောင်စီစီနိုင်သွားသည်။

"အေးရပါတယ်ဟာ၊ မေးလေ၊ ဘယ်စာကို နားမလည်တာလဲ။" သူမက သူနှင့်မျက်နှာချင်းဆိုင် အနေအထားတွင် ဝင်ထိုင်လိုက်ပြီး လက်ထဲမှ သင်္ချာပုံနှိပ်စာအုပ်ကို ဖွင့်ပြနေလေ၏။ သေးသွယ်နေသော လက်ချောင်းများက ခဲတံရာဗရပွနှင့် ကိုယ်ပိုင်မှတ်စုလို ရှုပ်ပွနေသည့် စာမျက်နှာပေါ်မှ ပုံနှိပ်စာလုံးအချို့ကို ထောက်ပြလို့ မေးလာသည်။

"ဒီပုစ္ဆာထဲမှာဟာ ပုံသေနည်းအစားသွင်းတဲ့အဆင့်မှာ ငါနားမလည်လို့၊ ဘာကြောင့် အစားသွင်းရတယ်ဆိုတာ နင်သိရင် ပြောပြပေးပါလား။"

"အဲဒါတော့ ငါလည်းသေချာမသိဘူးဟ၊ ဒီလိုပုစ္ဆာလာရင် ဒီလိုပုံသေနည်းသုံးရတယ်လို့ ပုံသေမှတ်ထားလိုက်ပေါ့ဟာ၊ ဘာခက်တာမှတ်လို့၊ ပြီးရင် များများချရေးလိုက်၊ အလွတ်ရသွားလိမ့်မယ်။"

သူမမျက်နှာ တည်တံ့တံ့ဖြစ်သွားသည်။

"ဘာလဲ၊ နင်က ရှင်းမပြချင်တာလား၊ ရပါတယ်ဟာ နင်ရှင်းမပြချင်လည်းနေပေ့ါ၊ ငါ့ဘာသာဆရာမဆီပဲ သွားမေးလိုက်တော့မယ်။"

သူမကခပ်စွာစွာ ပြန်ပြောလိုက်ပြီး စာအုပ်ကို ပြန်ပိတ်လိုက်၏။

"ဟ နင်ကလည်း ရှင်းမပြချင်လို့ မဟုတ်ပါဘူးဟ၊ နင်မေးတာကို ငါလည်းရှင်းမပြတတ်ဘူး၊ အဲဒီပုစ္ဆာကိုတော့ ငါရတယ်၊ အလွတ်ချရေးပြဆို အခုချက်ချင်း ချရေးပြလို့ရတယ်၊ ဒါပေမဲ့ နင်နားလည်အောင်တော့ ငါရှင်းမပြတတ်ဘူး၊ ငါကိုယ်တိုင်လည်း ကောင်းကောင်းနားမလည်ဘူး၊ ခုန ငါပြောသလိုပဲလေ၊ အကြမ်းစာအုပ်ထဲမှာ များများချရေးလိုက်၊ နင် အလွတ်ရသွားလိမ့်မယ်။"

"နင်ရတာမှန်ရင် ရှင်းပြတတ်ရမှာပေ့ါ၊ ထားပါတော့၊ ငါ့ဘာသာဆရာမပဲ သွားမေးလိုက်တော့မယ်။"

"သွားမေးပေ့ါဟာ"

သူစိတ်မရှည်တော့။ သူများထက်ကို ပိုထူးချင်တဲ့ဟာမဆိုတဲ့ စကားကိုတော့ အခန်းအပြင်ရောက်နေပြီဖြစ်တဲ့ သူမ ကြားနိုင်မည် မဟုတ်ပေ။ သူ့စိတ်ထဲ ကသိကအောက်ဖြစ်သွားသည်ထင်။ တွက်လက်စ စာအုပ်ကိုပိတ်လိုက်ပြီး အပြင်ထွက်ကာ သစ်ပင်စိမ်းစိမ်းလေးများအား ငေးမောနေမိ၏။

"ဟေ့ ခင်ဇော်၊ ဆရာမရှင်းပြပေးလို့ ငါနားလည်သွားပြီ၊ နင့်ကို ပြန်ရှင်းပြပေးရမလား၊ ဆရာမတွေ နားနေခန်းထဲမှ ထွက်လာကာ အားတက်သရော ပြောလိုက်သောသူမ၏ စကားတွေက သူ့အတွက်တော့ လူ့ရွှင်တော်ပြက်လုံးမျှသာ။"

"ဟဟ မလိုပါဘူး၊ ငါကအဲဒီပုစ္ဆာကို ရနေပြီပဲ။"

"အော် အေးပါ၊ နင် မလိုဘူးဆိုရင်လည်း ပြီးရောလေ၊ ဒါပေမဲ့ နင့်ကိုတစ်ခုတော့ အကြံပေးချင်တယ်၊ နင် စာကို နားမလည်ဘဲနဲ့တော့ အလွတ်ရရင် ပြီးရောဆိုပြီး အတင်းမလုပ်စေချင်ဘူး၊ နားမလည်ဘဲနဲ့ အလွတ်ရအောင်လုပ်ရင် နင်ခဏပဲမှတ်မိလိမ့်မယ်၊ ကြာရင် နင်အခက်တွေ့မှာစိုးလို့ စေတနာနဲ့ ပြောတာပါ၊ ကဲ ငါသွားကစားလိုက်ဦးမယ်။"

'တောက်' သူ၏ တောက်ခေါက်သံက ကျယ်လောင်လွန်းလှပေမယ့် ခပ်သွက်သွက် ပြန်လှည့်ထွက်သွားသော သူမ၏ ခြေလှမ်းတွေကတော့ ရပ်တန့်သွားခြင်းမရှိပါ။

နင်သာအဲလောက်သိ၊ အဲလောက်တတ်နေရင် ငါ့ထက်သာအောင် လုပ်ပြလိုက်စမ်းပါ။

၄

ကံကြမ္မာကြီးက သူ့အားမျက်နှာသာပေးခဲ့သည်ဟုဆိုရမည်။ ရွာသို့ကျရောက်လာသည့် ဆရာမအသစ်မေဖူးငုံက သူတွေ့ချင်နေသည့် မေဖူးငုံစစ်စစ်ပင်။ ဆယ်တန်းပြီးကတည်းက ဘယ်ရောက်လို့ ဘယ်ကျောင်းတက်နေမှန်းမသိသည့် မေဖူးငုံ။ ကျောင်းတုန်းကရင်းနှီးမှုမရှိသည့်အပြင် သူက ရန်ပင်စောင်ခဲ့သေးသည့်အတွက် မေဖူးငုံအကြောင်း မေးမြန်းစုံစမ်းနေခြင်းမရှိခဲ့။ တက္ကသိုလ်မှာ အခက်အခဲတွေ့ကာမှ မေဖူးငုံအားသတိရ၊ နောင်တရမိခဲ့ပြီး မေဖူးငုံအား တွေ့ချင်လာခဲ့သည်။ အခုသူတွေ့ချင်နေသည့် မေဖူးငုံက သူ့ရှေ့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာတော့ သူပျော်ရွှင်လို့မဆုံး။ သူအိမ်ရှင်ပီသစွာ မေဖူးငုံအား လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးတော့ မေဖူးငုံက သူ့အား ကျေးဇူးတင်လိုက်သည့် ဖြစ်ခြင်း။ ကျောင်းနေဖက်နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပြန်ပြောဖြစ်ကြတော့ ကျောင်းတုန်းက အခန့်မသင့်ဖြစ်ရပ်များက ရယ်ရွှင်ဖွယ် ဟာသများသာ။ သူတက္ကသိုလ်မှာ တွေ့ကြုံခဲ့ရသည့် အခက်အခဲများအား ပြောပြကာ မေဖူးငုံ၏ အကြံပေးချက်အား လက်မခံခဲ့လို့ နောင်တရခဲ့ကြောင်း ပြောတော့ မေဖူးငုံက ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။

"ဟားဟား အဲဒီအချိန်ရောက်မှ ငါတို့အခန်းထဲက စွာတေးမလေး နင့်စေတနာကို ငါနားလည်တော့တယ်၊ ရှေ့က ဆရာကစာသင်ရင်း ဒါတွေကမင်းတို့ ကိုးတန်း၊ ဆယ်တန်းတုန်းက သင်ခဲ့ပြီးသားလို့ ပြောလိုက်ရင် ငါ့မှာ ပြန်စဉ်းစားလိုက်ရတာ၊ ခေါင်းတွေ ပူထူလာတဲ့အထိ စဉ်းစားတယ်၊ ငါမမှတ်မိဘူး၊ အဲဒီအချိန်မှာ ငါဘာကို သင်ခန်းစာရလိုက်သလဲဆိုတော့ နင်ပြောသလို ငါက စာတွေကို နားလည်အောင်မလုပ်ခဲ့လို့၊ စာမေးပွဲမှာ အမှတ်ကောင်းဖို့ကိုပဲ အာရုံစိုက်ပြီး အလွတ်ကျက်ခဲ့လို့၊ စာမေးပွဲမှာ အမှတ်ကောင်းပြီး အဆင့်(၁) အမြဲရနေတော့ ငါ့ကိုငါ ဟုတ်လှပြီထင်နေတာ၊ တက္ကသိုလ်ရောက်မှ အခက်တွေ့တော့တာပဲ၊ တချို့ပုစ္ဆာတွေကျ ဆင့်ကဲဆင့်ကဲ တွေးပြီးမှ တွက်လို့ရတာလေ၊ အဲသလိုပုစ္ဆာတွေဆို ငါမတွက်နိုင်တော့ဘူး၊ မတွေးနိုင်တော့ဘူး၊ အဲဒီအချိန်မှာ မဆီမဆိုင် ငါ့ရွာက ကလေးတွေကို စိတ်ပူမိတယ်၊ ငါ့လို ဖြစ်သွားမှာစိုးလို့လေ၊ အခုတော့ ငါ စိတ်မပူတော့ဘူး၊ အရင်က ငါအော့ကြောလန်ခဲ့ရတဲ့ စွာတေးမလေးက အခု ငါလေးစားအားကျရတဲ့ ကျောင်းဆရာမလေးအဖြစ် ငါတို့ရွာကို ရောက်လာပြီဆိုတော့လေ၊ နင်စာသင်ရင် ငါ့ကို ဥပမာပေးပြီး သင်ဖို့မမေ့နဲ့နော်၊ ဒါလေးတစ်ခုတော့ ငါတောင်းဆိုပါရစေ။"

မေဖူးငုံက သဘောကျစွာရယ်တော့ သူလည်းရယ်မိသည်။ သူပျော်သည်။ အခုလိုသူလွတ်လပ်ပျော်ရွှင်စွာ မရယ်မောရသည်မှာ ကြာခဲ့ပြီ။ အပြစ်ကင်းစင်စွာ ရယ်မောနေသည့် မေဖူးငုံကို ကြည့်ပြီး အခုလိုမကြာခဏ အိမ်ကိုခေါ်ပြီး ရေနွေးကြမ်းတိုက်ဖို့ရာ အမေ့ထံ သူတောင်းဆိုရပေဦးမည်။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# အားသာချက်၊ အားနည်းချက်

ကောင်းစံသာ (ရေကြည်)

**"ငှက်ချင်းတူစေဦးတော့ တောင်ပံခတ်သံချင်း ထပ်တူမကျနိုင်ပါဘူး။ လူချင်းတူစေဦးတော့ အားသာချက်၊ အားနည်းချက်ချင်း ထပ်တူမကျနိုင်ပါဘူး။ ဒါကြောင့် တန်ဖိုးရှိတဲ့ငှက်ငယ်ဟာ တောင်ပံခတ်သံချင်း ပြိုင်ဆိုင်နေမယ့်အစား အဓိပ္ပာယ်ရှိတဲ့ ပျံသန်းခြင်းတွေဖြစ်ဖို့သာ အားစိုက်နေသလို တန်ဖိုးရှိတဲ့သင်ဟာလည်း အားသာချက်၊ အားနည်းချက်ချင်း ယှဉ်ပြိုင်နေမယ့်အစား အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုဖန်တီးနိုင်ဖို့သာ အားစိုက်ထုတ်နေသင့်ပါတယ်"**

စာရေးသူတို့လူသားတိုင်းမှာ မတူညီတဲ့ အားသာချက်တွေ၊ အားနည်းချက်တွေ အသီးသီးပိုင်ဆိုင်ထားကြပါတယ်။ တစ်ဦးက လုပ်ငန်းစွမ်းဆောင်ရည်မှာ အားသာသလို တစ်ဦးက စဉ်းစားတွေးခေါ်မှုအပိုင်းမှာ အားသာနေတတ်ပြန်ပါတယ်။ သူတို့နှစ်ဦး ပေါင်းစပ်အလုပ်လုပ်ဖြစ်တဲ့အခါ အတွေးမှန်၊ အလုပ်မှန်ပြီး ရလဒ်ကောင်းတွေ ထွက်ပေါ်လာပါတယ်။ သဘာဝတရားက ဒီလိုမတူညီတဲ့အရာတွေကို ပေးစွမ်းထားတာဟာ လူသားတွေကို ပေါင်းစပ်လုပ်ဆောင်စေဖို့နဲ့ ရိုင်းပင်းကူညီကြဖို့ ရည်ရွယ်တယ်လို့ စာရေးသူအနေနဲ့ သုံးသပ်မိပါတယ်။ အလွန်အခြေခိုင်ခဲ့ပါတယ်ဆိုတဲ့ အဆောက်အအုံတွေ၊ လမ်းတွေရဲ့အောက်မှာ အရွယ်အစား မတူညီတဲ့ ကျောက်တုံး၊ ကျောက်ခဲတွေကိုသာ ပေါင်းစုအမာခံယူထားတာဖြစ်ပါတယ်။ သို့ဖြင့် မတူညီတာတွေ ပေါင်းစည်းခြင်းဖြင့်သာ ကြီးမြတ်တဲ့ဖြစ်မြောက်အောင်မြင်မှုတွေကို တည်ဆောက်ယူနိုင်မယ်လို့ မှတ်ယူမိပါတယ်။ တကယ်တော့ ကိုယ့်ရဲ့အားသာချက်ဟာ တစ်ပါးသူရဲ့အားနည်းချက်ကို ဖြည့်စွက်ကူညီပေးဖို့ ဖြစ်သင့်ပြီး တစ်ပါးသူရဲ့ အားသာချက်ဟာလည်း ကိုယ့်ရဲ့အားနည်းချက်ကိုပြန်လည်ဖြည့်စွက်ပေးဖို့ ဖြစ်သင့်ပါတယ်။

ဒါပေမယ့် စိတ်မကောင်းစွာပဲ တစ်ဦးက သူ့ရဲ့ အားသာချက်နဲ့ တစ်ပါးသူရဲ့အားနည်းချက်အပေါ် လှောင်ပြောင်တတ်ကြသလို ကိုယ်အခွင့်သာရင် ဘယ်လို ပညာပြလိုက်မယ်၊ ဘယ်လိုသင်ခန်းစာပေးလိုက်မယ်လို့ စဉ်းစားဖြစ်သူက ပိုများပါတယ်။ ဒီလိုနဲ့တစ်ပါးသူကလည်း ငါ့တုန်းကတော့ သူကဘယ်လိုပညာပြထားတာပဲဆိုပြီး သူ့အလှည့်ရောက်ပြန်တော့ အစွမ်းပြပြန်ပါတယ်။ ဒီလိုနဲ့ လူတချို့ဟာ သူတစ်ပြန်ကိုယ်တစ်ပြန် ပညာပြရင်း ကရွတ်ကင်းလျှောက် ပြုမူနေတတ်ကြသလို တန်ဖိုးရှိတဲ့အချိန်တွေ ကုန်လွန်နေပြီး ဘဝရဲ့အဓိပ္ပာယ်၊ ဘဝရဲ့တန်ဖိုးကိုလည်း မေ့လျော့လာခဲ့ကြပါတယ်။

လူဟာ အရာတိုင်း၊ နယ်ပယ်တိုင်းမှာ ထူးချွန်ထက်မြက်နေသူ မဖြစ်နိုင်ပါဘူး။ ဆိုင်ရာဆိုင်ရာ နယ်ပယ်အနည်းငယ်စီမှာသာ ကျွမ်းကျင်ပိုင်နိုင်ကြတာဖြစ်ပါတယ်။ စဉ်းစားတွေခေါ်မှုပိုင်းမှာ ပိုင်နိုင်နှံ့စပ်အောင် သိမြင်နိုင်စွမ်းပါတယ်ဆိုတဲ့ ပညာရှိကြီးတွေမှာတောင် သူတို့ရဲ့လုပ်ဆောင်နိုင်စွမ်းမှာတော့ အကန့်အသတ်နဲ့သာရှိနိုင်တာ ဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ဦးမှာ ဦးဆောင်မှု အရည်အသွေးတွေ ရှိနေသည်ဆိုဦးတော့ နောက်လိုက်နောက်ပါများမှာ အကောင်အထည်ဖော်ဆောင်နိုင်စွမ်းတွေရှိမှသာ ဖြစ်မြောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

ဆိုးလှသည်မှာ တချို့က အရာရာမှာ သူတို့သာ သိရှိနားလည်ထားတယ်၊ စွမ်းဆောင်နိုင်တယ်လို့ အထင်ရှိနေပြီး တစ်ပါးသူရဲ့ အားသာချက်တွေကိုလည်း အသိအမှတ်ပြု လက်ခံခြင်း မပြုပြန်ပါဘူး။ ဆရာဝန်ဟာ ဆေးကုသမှုအပိုင်း၊ ကျန်းမာရေးအပိုင်းမှာ အားသာပေမယ့် ဘောလုံးပွဲသွားကြည့်တဲ့အခါ ပရိသတ်ဖြစ်သွားပါတယ်။ ဒီလိုပါပဲ ဘောလုံးနည်းပြဟာ ဘောလုံးပွဲမှာ အားသာသူ၊ အရေးပါသူဖြစ်ပေမယ့် ဆေးရုံရောက်တဲ့အခါ လူနာစောင့် (သို့မဟုတ်) လူနာဖြစ်သွားပြန်ပါတယ်။ ဒီအချင်းအရာကို ကြည့်ခြင်းဖြင့် အားသာချက်၊ အားနည်းချက်တွေဟာ အချိန်၊ နေရာ၊ အခြေအနေတွေအပေါ် မှီတည်နေတာကို သတိပြုမိပါလိမ့်မယ်။ ဒ့ါအပြင် ကိုယ့်ရဲ့အနည်းငယ်သော အားသာချက်အပေါ် မာနထောင်လွှား ဂုဏ်မောက်နေဖို့ မလိုသလို တစ်ပါးသူတွေရဲ့အနည်းငယ်သော အားသာချက်တွေကိုလည်း သိမြင်လက်ခံပေးနိုင်ဖို့ လွန်စွာအရေးကြီးလှပါတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အဓိကလက်နက်ဟာ အားနည်းချက်တွေကို ရှာဖွေအပြစ်တင်ဖို့ မဟုတ်ဘဲ အားသာချက်တွေကို တတ်နိုင်သမျှ ဆွဲထုတ်ပြီး ချီးမွမ်းစကားဆိုကာ စိတ်ဓာတ်မြှင့်တင်ပေးရတာပဲ ဖြစ်ပါတယ်။ မဖြစ်မနေ ပြုပြင်သင့်တဲ့အရာကို ထောက်ပြလိုတဲ့တိုင်အောင် အားသာချက်တစ်ခု၊ ကောင်းကွက်တစ်ခုနဲ့ စတင်စကားဆိုကြရတာ ဖြစ်ပါတယ်။

တစ်ခါက တိုင်းပြည်တစ်ပြည်မှာ ပညာရှင်အသီးသီးက ခေါင်းဆောင်နေရာအတွက် အငြင်းပွားနေကြပါတယ်။ သူ့ကိုမတင်သင့်ဘူး။ ကိုယ်သာ ဖြစ်သင့်တယ်။ ကိုယ်က တိုင်းပြည်အတွက် ဘယ်လောက်အထိ အရေးပါတာဆိုပြီး အပြန်အလှန်ငြင်းခုံရင်း တစ်နှစ်နီးပါး ကြာမြင့်လာခဲ့ပါတယ်။ အဲဒီပညာရှင်တွေထဲမှာ ပန်းပဲပညာရှင်၊ သိုင်းပညာရှင်၊ အတွေးအခေါ်ပညာရှင်၊ ဆောက်လုပ်ရေးပညာရှင်၊ စိုက်ပျိုးရေးပညာရှင်၊ မွေးမြူရေးပညာရှင်၊ ရေလုပ်ငန်းပညာရှင်နဲ့ဗေဒင်ပညာရှင် စသဖြင့် ပါဝင်နေပါတယ်။ ဒါပေမယ့် ထူးခြားသည့်အချက်အဖြစ် သူတို့တိုင်းပြည်ကို လာရောက်ကျူးကျော်ရန်စသူများကို အလဲအကွဲနဲ့ရှုံးပွဲကြုံကာ နောက်ပြန်လှည့်သွားအောင် ဝိုင်းဝန်းတွန်းလှန်နိုင်ကြမြဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ တစ်နေ့တော့ တိုင်းပြည်ရဲ့ကွင်းပြင်ကျယ်တစ်ခုမှာ ပညာရှင်အားလုံးနဲ့ တိုင်းသူပြည်သားအားလုံး စုဝေးရောက်ရှိနေကြပါတယ်။ အဲဒီစုဝေးပွဲရဲ့ အမည်ကို တိုင်းပြည်ရဲ့အနာဂတ်လို့ ပေးထားပြီး ဦးဆောင်စုဝေးသူက ပညာရှိ အဖွားအိုကြီးတစ်ဦးပါ။ သူဟာတိုင်းပြည်ရဲ့ ဦးဆောင်သူနေရာကနေ ကျန်းမာရေးအခြေအနေကြောင့် အနားယူနေခဲ့တာ နှစ်နှစ်ခန့်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် တိုင်းပြည်ရဲ့စစ်ဘက်ဆိုင်ရာ အောင်မြင်မှုတွေကို နောက်ကွယ်ကနေ ထောက်လှမ်းနေခဲ့ရှာပါတယ်။ စုဝေးပွဲအစပိုင်းမှာ ပညာရှိအဖွားအိုကြီးက စစ်ပွဲတိုင်းမှာ ပညာရှင်အသီးသီးက ကာယအား၊ ဉာဏအားနဲ့ အစွမ်းကုန်အားဖြည့်ကူညီခဲ့ကြတဲ့အတွက် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရှင်အသီးသီးဟာ ဆိုင်ရာဆိုင်ရာ နယ်ပယ်တွေမှာ ပြိုင်ဘက်ကင်းအောင် ထူးချွန်ပြောင်မြောက်သူတွေဖြစ်ကြောင်း ချီးမွမ်းပြောဆိုလိုက်ပါတယ်။

အဲဒီနောက်တော့ အောင်မြင်ခဲ့တဲ့ စစ်ပွဲတွေကနေ အတုယူပြီး တိုင်းပြည်ရဲ့အနာဂတ်ကိုလည်း ဖန်တီးနိုင်ဖို့ ကြိုးစားရမှာဖြစ်ကြောင်း ဆက်ပြောပါတယ်။

နောက်တော့ လူငယ်တစ်ဦးရဲ့အကြောင်းကို သူက ဆက်ပြောပြန်ပါတယ်။ အဲဒီလူငယ်ဟာ စစ်ပွဲတွေဖြစ်တိုင်းမှာ ပန်းပဲပညာရှင်လိုအပ်တဲ့ မီးသွေးနဲ့ သံထည်တွေကို တခြားမိတ်ဖက်တိုင်းပြည်တွေက တိတ်တဆိတ်သယ်ယူပေးခဲ့သလို တခြားပညာရှင်အသီးသီးအတွက်လည်း လိုအပ်သမျှကို လိုက်လံအားဖြည့်ကူညီနေခဲ့တာ ဖြစ်ပါတယ်။ စစ်ပွဲဖြစ်တဲ့ကာလတွေမှာဆို အဲဒီလူငယ်ဟာ တစ်မေ့သာ အိပ်လေ့ရှိပြီး အချိန်တိုင်း တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ပေးဆပ်ကာ အလုပ်လုပ်နေခဲ့ပါတယ်။ ပညာရှိအဖွားအိုရဲ့စကားကို ကြားရတဲ့အခါ ပညာရှင်အသီးသီးဟာ လူငယ်လေးကို ပြန်လည်သတိပြုမိလာကြပြီး တီးတိုးတီးတိုး ပြောဆိုနေကြပါတယ်။ ပညာရှိအဘွားအိုရဲ့ဆိုလိုခြင်းကိုလည်း နားလည်လိုက်ကြတဲ့အတွက် ခဏကြာတော့ အားလုံးတိတ်ဆိတ်သွားကြပါတယ်။

အဲဒီနောက် အဖွားအိုက တိုင်းပြည်ရဲ့ဦးဆောင်သူနေရာကို အဲဒီလူငယ်ကို ပေးလိုက်မယ်ဆိုရင် ဘယ်လိုသဘောရှိပါသလဲလို့ ပညာရှင်တွေနဲ့ တိုင်းသူပြည်သားအားလုံးကို မေးလိုက်ပါတယ်။ အားလုံးသဘောတူညီပါကြောင်း ပြောဆိုကြပြီး လက်ခုပ်တီးကာ ဂုဏ်ပြုနေခဲ့ကြပါတယ်။ ပညာရှိအဖွားအိုက လူငယ်လေးကို ပရိသတ်ရှေ့ထွက်လာဖို့ ဖိတ်ခေါ်လိုက်ပြီး အခုလိုပြောခဲ့ပါတယ်။ **ဒို့တွေဟာ နယ်ပယ်တချို့မှာ ထူးချွန်ထက်မြက်နေသူတွေဖြစ်တယ်။ ဒါပေမယ့် တစ်ပါးသူတွေရဲ့အားနည်းချက်တွေကိုတော့ ဖြည့်စွက်ပေးဖို့မေ့လျော့နေခဲ့ကြတယ်။ ဒီနေ့တော့ တိုင်းပြည်ရဲ့အနာဂတ်ကို ဦးဆောင်မယ့် ဒီလူငယ်လေးဟာ ပညာရှင်အသီးသီးရဲ့အားနည်းချက်တွေကို အားဖြည့်ကူညီပေးနိုင်ပြီး အားသာချက်တွေကိုလည်း သိမြင်လက်ခံနိုင်သူဖြစ်တယ်။ ဒ့ါကြောင့် အနာဂတ်မှာလည်း ဖြစ်ထွန်းအောင်မြင်မှုတွေကို ရယူနိုင်မယ်လို့ ယုံကြည်ပါတယ်။**

အဲဒီနေ့ကစလို့ ပညာရှင်အသီးသီးဟာ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တွေကို ပိုမိုအားစိုက်ထုတ်ကာ အရည်အသွေးရော အရေအတွက်ပါ မြင့်တက်လာအောင် စွမ်းဆောင်ခဲ့ကြသလို ဦးဆောင်သူ လူငယ်လေးဟာလည်း လိုအပ်ချက်မှန်သမျှကို အချိန်တိုင်းရှာဖွေဖြည့်ဆည်းနေခဲ့ပြီး တိုင်းပြည်အတွက် ယခင်ထက် ပိုမိုပေးဆပ်ကာ အလုပ်လုပ်ခဲ့တဲ့အတွက် အချိန်တိုအတွင်းမှာ များစွာ ဖြစ်ထွန်းအောင်မြင်လာခဲ့ပါတယ်။ တိုင်းပြည်ရဲ့ ဂုဏ်သတင်းဟာလည်း ထင်ပေါ်ကျော်ကြားလာခဲ့ပြီး တခြားတိုင်းပြည်များကပါ လေးစားအတုယူလာကြသလို ကုန်သွယ်ရောင်းဝယ်မှုကိုလည်း တိုးမြှင့်လုပ်ဆောင်လာခဲ့ကြပါတယ်။ သို့ဖြင့် တိုင်းပြည်ဟာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အင်အားကြီး တိုင်းပြည်တစ်ပြည်အဖြစ်သို့ ရောက်ရှိသွားခဲ့ပါတော့တယ်။

**"လူတိုင်းလူတိုင်းမှာ သူ့တန်ဖိုးနဲ့သူရှိတယ်၊ ဘယ်သူ့ကိုမှ အထင်မသေးသင့်သလို လျှော့လည်း မတွက်သင့်ဘူး။ ပါမောက္ခတစ်ယောက်ဟာ တက္ကသိုလ်ဝန်းကျင်မှာ အရေးပါအရာရောက်သူတစ်ဦး ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် သမုဒ္ဒရာထဲလှေစီးပြီး ခရီးသွားတဲ့အခါ လှေသမားလောက်အရေးပါအရာရောက်မှုမရှိနိုင်ဘူး"**

"သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရ"

## တပို့တွဲ

တပို့တွဲ
စို့ရွှဲစ နှင်းမှုန်ရီ
သင်းထုံကြည် ရနံ့ထူး
သရက်ကယ်ဖူး။
နွှဲပျော်ကြ
ပွဲတော်လ ဒီရာသီ
ချိန်ခါမီမရိုး
ထမနဲတွေထိုး။
တပို့တွဲ
ပေါက်လဲရယ်ငုံစီစီ
ကံ့ရာသီကြည်မွှေ့ကာ
ရော်ရွက်တို့ဝါ။
ဘုရားရှင်
လက်တော်ကင်ဖို့
နံ့သာတို့စုံစီ
မီးပူဇော်ကြသည်။ ။

**အဂ္ဂမိုး**

## ထမနဲထိုးကြစို့

တပို့တွဲလ ရောက်ပြီလေ
ပေါင်းသင်းရောင်းရင်းတွေ။
ကောက်ညှင်း မြေပဲရှိသလား
အုန်းသီးပါသလား။
ဆီ၊ ဆား၊ နှမ်း လည်းရှိပါတယ်
ချင်း(ဂျင်း)လည်းပေါပါတယ်။
ထိုးမယ် နှဲမယ် ထမနဲ
ချွေးသံတရွှဲရွှဲ။
ထမနဲအိုး ကျက်တဲ့ခါ
လှူဒါန်းပေးဝေမှာ
ညီညီညာညာ အတူနွှဲ
တို့ထမနဲပွဲ။ ။

**မိုးမြင့်မေ (ရာဝတီ)**

## အဆန်ခရီး

- အတူခရီးဆက်နိုင်မှ
ကိုယ်စီးတဲ့လှေပေါ်တက်ပါမိတ်ဆွေ။
- လှော်တက်မကိုင်တောင်မှ
အငြိမ်ထိုင်ကာ ကူညီဦး
လှေကိုတော့ မလှူးနဲ့ဟေ့။
- ရေဆန် လေဆန်ခရီးကြမ်းမှာ
အနေမှန်ဖို့အရေးကြီး
ခရီးက အဝေးကြီးလေ။
- အတည့်ပဲထိုင်ထိုင်
နောက်ပြန်ပဲလိုက်လိုက် နေရာတကာ
ကန့်လန့်မတိုက်ဖို့တော့လိုမယ်။
- အတွေတွေနားထင်ရောက်
လှေကြမ်းကိုသွားမဖောက်ကြေး
ရေဆိုတာ မျက်နှာမရွေးဘူး
ရေကူးကျွမ်းသူပဲ ရှေ့ခရီးဆက်နိုင်မယ်။

**အောင်မြင့်(ချင်းတွင်း)**

## လက်ပံပွင့်ချိန် လွမ်းတချိန်

- တောတိုင်းမှာ နီရင့်လို့
လက်ပံပွင့် နွေကြင်ဆွေ
ပွင့်လို့အာနေ။
- လေပြင်းမှာကြွေ
လေပြည်တော့သင်း
ရွှေပန်းချီ လက်မှိုင်ချ
လှရက်လေခြင်း။
- ဥဩရှင် ကြင်ဖော်ဝေးလို့
လွမ်းတေးကိုဆို
နွေကြိုတဲ့တေး
တောင်လေရယ်လာ
ရော်ဝါကပြေး
ဖော်ကွာသူ စုံမြိုင်နန်းမှာ
လွမ်းလောက်ရဲ့လေး။ ။

**မောင်နွေလွမ်း(ကချင်မြေ)**

ဝတ္ထုတို

# ရွာဆော် ငပွေး

**■ ကိုလင်းအောင် (လက်ပုကန်)**



"ဘာရယ် အေးစိန်မ၊ နောက်တစ်ခွန်းလောက် ထပ်ပြောစမ်းပါဟာ. . . အာ. . . ကိုပွေးကလည်း ခဏခဏ မပြောချင်ပါဘူးရှင်"

ငပွေးတစ်ယောက် ကြားခါစက ကိုယ့်နားကိုယ်တောင် မယုံချင်ဘူး။ တကယ်ဟုတ်မှ ဟုတ်ရဲ့လား၊ အိပ်မက်များ မက်နေသလားပေါ့။ အနားမှာရှိတဲ့ အေးစိန်မလက်ကို ဆိတ်ကြည့်လိုက်တော့ အို. . . ကိုပွေး ဘာလုပ်တာလဲ ဆိုပြီး အေးစိန်မအော်လိုက်တော့မှ အကြောက်ကြောက် အလန့်လန့်နဲ့ လက်ကိုပြန်လွှတ်ပစ်လိုက်တယ်။ ပြီးတော့ သေချာအောင်ဆိုပြီး ကိုယ့်လက်ကိုယ်လည်း ပြန်ဆိတ်ကြည့်လိုက်သေးတယ်။ သေချာပြီ ဒါအိပ်မက်မဟုတ်ဘူး ဆိုတာ။ တကယ်တော့ အေးစိန်မကို ထပ်ပြောခိုင်းတယ် ဆိုတာကလည်း ငပွေး အေးစိန်မစကားကို မကြားလိုက်လို့ မရှင်းလို့ရယ်လို့တော့မဟုတ်ဘူး။ ဒီထက်ပိုပြီး သေချာချင်လို့၊ ထပ်ကြားချင်နေလို့သာရယ်။ ဟုတ်တယ်လေ။ ငပွေး ဘဝမှာ အေးစိန်မပါးစပ်က ဒီလိုစကားမျိုး ရုတ်တရက် မကြားရလောက်ဘူးလို့ ထင်ထားတာ။ အခုတော့. . .။

✢ ✢ ✢

ငပွေးတို့ အေးစိန်မတို့ဆိုတာတွေက အစိမ်းကြီးတွေ တော့လည်း မဟုတ်ကြပေဘူး။ ငယ်ငယ်လေးကတည်းက ဟောဒီ "လက်ခုပ်ကုန်း" ရွာလေးမှာ အတူနေ အတူကစားပြီး ကြီးပြင်းခဲ့ကြသူတွေ။ အေးစိန်မက ရွာမှာအလှဆုံး စာရင်းဝင်လို့ ပြောလို့ရတယ်။ ရွာရဲ့ ကွမ်းတောင်ကိုင်။ အသား ညိုရိပ်ရိပ်၊ မျက်ဝန်းမျက်ဖန် ကောင်းကောင်း၊ နှုတ်ခမ်းညိုညို၊ နှာတံပေါ်ပေါ်နဲ့။ ရွာမှာရှိတဲ့ ကာလသား တွေ အုန်းအုန်းထနေအောင် ပိုးကြ ပန်းကြနဲ့။ ညညဆို အေးစိန်မတို့အိမ်ရှေ့လမ်းပေါ်မှာ ခြေအေးဝမ်းရောင်တွေ လွှန်းထိုးလို့။ အေးစိန်မကလည်း အခုခေတ်စကားနဲ့ ပြောရရင် ခပ်ချေချေလို့ဆိုရမလားပဲ။ ရွာထဲက ကာလသား တွေကို လုံးဝလှည့်ကြည့်တာ မဟုတ်ဘူး။ အလှမာန်ဝင့်နေ တော့သူနဲ့တူသလား တန်သလားရယ်ပဲ။ ဒီလို အေးစိန်မ ကို ပိုးပန်းနေကြတဲ့ ကာလသားတွေထဲမှာ ငပွေးလည်း အပါအဝင်ပေါ့။ ပိုးပန်းနေတယ်သာပြောရတာ ငပွေးက ပေါ်ပေါ်တင်တင်တော့ မဟုတ်ဘူး။ တစ်နေ့တစ်နေ့ အေးစိန်မမျက်နှာလေး မြင်ရနည်းသလား၊ အသံလေး ကြားရ နည်းသလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ ငပွေး တစ်ယောက် အေးစိန်မတို့အိမ် ထင်းလေးကူခွဲ၊ ရေလေး ကူခပ်နဲ့ အဲဒါကိုက ငပွေးရဲ့ နေ့စဉ်အလုပ်တစ်ခုပဲ။ အေးစိန်မတို့ကလည်း ငယ်သံယောဇဉ်ကတစ်ကြောင်း၊ ပြီးတော့ ဖခင်မရှိတော့တဲ့ အိမ်မှာ မိန်းမသားနှစ်ဦးတည်း ဆိုတော့လည်း ငပွေးကိုပဲ အလိုက်အထိုက် အားကိုးနေရ တာပေါ့။ ဒါပေမဲ့ ငပွေးက စိတ်ထဲကသာ ကျိတ်ချစ်နေတာ အေးစိန်မကို နည်းနည်းမှ မဟရဲ ဘူးရယ်။ ပြောမယ့်သာ ပြောရ အသားမည်းမည်း သွားခေါခေါနဲ့ ငပွေးလိုလူက ရွာရဲ့ကွမ်းတောင်ကိုင်ကို ဘယ်ကစပြီး ဘယ်လိုလုပ်ပြောရဲ မှာလဲ။ အေးစိန်မငြိုငြင်ပြီး ငယ်သံယောဇဉ်ဖြတ်ပစ်လိုက်မှာ စိုးလို့လည်းတူပါရဲ့။ ငပွေးဖွင့်မပြောပေမဲ့ ဒီအဖြစ်ကို အေးစိန်မ ကောင်းကောင်းရိပ်မိတာပေါ့။ အေးစိန်မတို့က "ရှစ်စပ်က ဂျင်ဂျင်လည်" လေ။ မိခင်ကို သူ့ပဲထုထုခံခံ လုပ်ကိုင် ကျွေးနေတာ။ သူများလယ်ထဲ ပေါင်းနုတ်လေးစ၊ ပဲကောက် လေးစနဲ့ လုပ်ကိုင်ရင်းနဲ့ ဒီလိုနဲ့ပဲ သားအမိနှစ်ယောက် စားဝတ်နေရေး လိပ်ပတ်လည်နေတယ်လို့ ဆိုရမလားပဲ။ ငပွေးကတော့ ဖွင့်သာမပြောရဲတာ ကိုယ့်စိတ်ကူးနဲ့ ကိုယ်တော့ ဖြောင့်လို့။ ယောကျ်ားသား မရှိတဲ့အိမ်မှာ တစ်ချိန်ချိန်ကြရင်တော့ ဒီအိမ်မှာ သူလို အပ်လာမှာပဲဆိုတဲ့ မျှော်လင့်ချက်စိတ်ကူးလေးနဲ့ အကျေနပ်ကြီး ကျေနပ်လို့။ တစ်ခါတစ်ခါ ညစာ၊ မနက်စာ ထမင်းဟင်းစားသောက်ပြီးမှပဲ ငပွေးက အိမ်ပြန်တာ။ ငပွေးလို တစ်ကိုယ်ရေ တစ်ကာယ သမားအတွက်တော့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့။ အေးစိန်မတို့ အိမ်အလုပ်တွေနဲ့ပဲ ငပွေးတစ်ယောက် အချိန်ကုန်နေတာလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ ရပ်ရေးရွာရေး သာရေး နာရေးတွေမှာလည်း ရှေ့ဆုံးက ငပွေးပဲ။ ငပွေးရယ် ဟိုဟာလေး ဝန်မနိုင်လို့ကူပါဦး၊ ဒီဟာလေးတော့လုပ်ပေး စမ်းပါဦးဆိုလည်း ငပွေးတို့က ပြောတဲ့သူကတောင် စကားမဆုံးသေးဘူး လုပ်ပြီးကိုင်ပြီးပဲ။ အဲလောက်ထိ ဖင်ပေါ့တာ။ ရပ်ရေးရွာရေးမှာ အားကိုးရ လွန်းလို့ ရွာလူကြီး ဦးသာဆိုင်ကိုယ်တိုင် ငပွေးကို ရွာဆော် ခန့်ထားရတဲ့အထိ။ ရွာထဲရပ်ထဲမှာ ကိစ္စတစ်ခု အကြောင်း ပေါ်လာတာနဲ့ ငပွေးကပဲ ဆော်ဩပေးရတယ်။ ရွာထဲမှာ ကလေးမီးထွက်တာကအစ ရပ်ရွာကာကွယ်ရေးအထိ ငပွေးပါးစပ်ကထွက်မှ တကယ်တရားဝင်သလောက်အထိ။ ငပွေးက ရွာလူကြီးကိုယ်တိုင် ယုံယုံကြည်ကြည် ခန့်အပ် ထားတဲ့ ဒီရွာဆော်အလုပ်ကို တကယ်စိတ်ပါလက်ပါ လုပ်တယ်။ အဲဒီအလုပ်အပေါ်မှာလည်း အမြဲဂုဏ်ယူနေ တဲ့သူ။ ဒီတော့လည်း ရွာထဲရပ်ထဲက ကလေးအစ လူကြီး အဆုံး ရွာဆော်ငပွေး၊ ရွာဆော် ကိုပွေးတွေ ဖြစ်ကုန်ကြ တော့တာပေါ့။ ငယ်နာမည် ငပွေးရှေ့မှာ အဲဒီလိုရွာဆော် ဆိုတဲ့ ဂုဏ်ပုဒ်လေးများ တပ်ခေါ်လိုက်ရင် ငပွေး တစ်ယောက် ပြုံးစိစိနဲ့ သဘောတွေကိုကျလို့။ နှုတ်ခမ်းရှေ့ ငေါထွက်နေတဲ့သွားတွေတောင် ကျွတ်ထွက်ခမန်း။ ငပွေးက အဲဒီလို ငပွေးရယ်။

✢ ✢ ✢

တစ်နေ့တော့ ရွာဆော်ငပွေးရဲ့ စိတ်ကူးထဲ ဆောက်ထားတဲ့အိမ်ကလေးကို ဖျက်ဆီးဖို့ မုန်တိုင်းတစ်ခု ဝင်လာတယ်။ အေးစိန်မတစ်ယောက် သူ့အဒေါ်ရှိတဲ့ မြို့တက်ပြီး အလုပ်လုပ်မယ်ဆိုလားပဲ။ အစက ဒီသတင်းကို ငပွေးမယုံချင်ဘူး။ အေးစိန်မကိုယ်တိုင် ပြောတော့မှ ယုံလိုက်ရတာ။ အေးစိန်မကတော့ သူ့ဝသီအတိုင်း စကားကိုဝေ့ဝိုက်ပြောမနေဘူး၊ တဲ့ပဲ။

"ကိုပွေး၊ ကျုပ်အဒေါ်ရှိတဲ့မြို့ကို အလုပ်လုပ်သွားမလို့၊ ရွာမှာက အရင်ကလောက် အဆင်မပြေချင်ဘူး၊ ကုန်ဈေး နှုန်းတွေသာ တစ်နေ့တခြားတက်နေတာ၊ လုပ်အားခက ဒုံရင်းဒုံရင်းပဲ။ ရွာမှာက လုပ်ရင်းစားရင်းနဲ့ဘာမှ ထုထုခံခံ မသုံးရဘူး၊ မြို့မှာဆိုတော့တစ်လဆိုတစ်လ ငွေလုံးမိတယ် လေ၊ ဒါကြောင့် ကျုပ်မရှိတုန်း ကျုပ်အမေကို အရင်ကထက် ပိုပြီး စောင့်ရှောက်လိုက်ဦးနော်၊ အိမ်နီးနားချင်း ထွေးလေးခ တို့လည်း မှာထားခဲ့မယ်၊ ကျုပ်လည်း အဆင်ပြေတဲ့အခါ တစ်လတစ်ခေါက်လောက်တော့ ရွာကို ငွေပို့ရင်း ပြန်လာ မှာပါ"

အေးစိန်မက စကားတွေမနားတမ်း ပြောသွားပေမဲ့ ငပွေးကတော့ခေါင်းငုံ့လို့။

"အင်း. . . တစ်လုံးကလွဲပြီးတော့ရော ငပွေးက ဘာပြန်ပြောနိုင်မှာတဲ့လဲ။ စိတ်ထဲမှာတော့ တစ်ဆို့ဆို့ကြီးနဲ့။

အဲဒီကတည်းက ငပွေးတစ်ယောက် တမှိုင်မှိုင် တထွေထွေနဲ့။ ရပ်ရေးရွာရေးတွေမှာ သူ့ကိုသိပ်မတွေ့ရ တော့ဘူး။ သာရေးနာရေးတွေဆီ ခြေလှမ်းကျဲလာတယ်။ ဘယ်သူ့မှုလည်း စကားသိပ်မပြောတော့ဘူး။ အေးစိန်မ အမေ အရီးမယ်လှအိမ်ကိုတော့ နေ့စဉ်လုပ်စရာရှိတာတွေ သိမ်းကျုံးလုပ်ကိုင်ပေးပါတယ်။ အဆိုးဆုံးကတော့ရွာလူကြီး ကိုယ်တိုင် အထူးခန့်အပ်ထားတဲ့ ရွာဆော်ရာထူးကနေ သူ့သဘောနဲ့သူ အပြီးအပိုင် နုတ်ထွက်သွားတာပဲ။ ဘာကြောင့် ငပွေးဒီလိုဖြစ်သွားတယ်ဆိုတာကို စဉ်းစားလို့ မရကြဘူး။ အချို့ကတော့ရိပ်မိသလိုလိုပဲ။ မေးတော့လည်း မမေးဖြစ်ကြဘူးပေါ့။

✢ ✢ ✢

ဒီလိုနဲ့ အဆင်ပြေတဲ့အခါ ရွာကိုတစ်လတစ်ခေါက် ပြန်လာမယ်ပြောတဲ့ အေးစိန်မ ခြောက်လလောက်သာ ကြာသွားတယ်။ တစ်ခါမှ ပေါ်မလာဘူး။ ရွာကမြို့လာတဲ့ လူကြုံနဲ့ သူ့အမေအတွက် ပိုက်ဆံအသင့်အတင့်တော့ ပါးလိုက်ပါရဲ့။ လူကတော့စုပ်စုပ်မြုပ်ပဲ။ ကံကောင်းတာက ရွာကအရီးမယ်လှကလည်း ကျန်းမာရေးက ဒေါင်ဒေါင် မြည်ပဲ။ သမီးဆိုတော့လည်း မျှော်တော့ မျှော်နေရှာရဲ့။ အရီးမယ်လှနဲ့အပြိုင် ဟန်မဆောင်နိုင်လောက်အောင် မျှော်နေသူကတော့ ငပွေးပဲ။ မြို့ကပြန်လာတဲ့လူတိုင်း အေးစိန်မသတင်းကို ဦးဦးဖျားဖျားမေးရတာအမော။ တစ်နေ့ပြန်လာနိုး တစ်နေ့ပြန်လာနိုးနဲ့ မျှော်တော်ရောင် အလုပ်တစ်ခုနဲ့ ငပွေးမှာ နေ့စဉ် လည်ပင်းကိုရှည်လို့။ လူကြုံကောင်းတဲ့အခါ သတင်းအစအနလေးကတော့ ကြားရရဲ့။ အေးစိန်မမြို့မှာ အဆင်ပြေနေတယ်ဆိုပဲ။ မြို့ခံသူ့အဒေါ်ရဲ့ အကူအညီနဲ့ သူဌေးတစ်ယောက်ရဲ့အိမ်မှာ ကလေးထိန်းတဲ့အလုပ် ဆိုလားပဲ။ ဒါလည်းကောင်းတာပါပဲ။ နောင်သားသမီးတွေ မွေးလာတဲ့အခါကျရင် ထုသား ပေသားကျပြီးသားပေါ့လို့ မဆီမဆိုင်တွေးပြီး ငပွေး တစ်ယောက် ကျိတ်ပြုံးလိုက်မိသေးတယ်။

✢ ✢ ✢

ယောကျ်ားလေးတွေရဲ့ အပျော်ဆုံးနေ့ရက်တွေက ရှင်လိုင်ပြန်၊ ထောင်ထွက်၊ မင်္ဂလာဆောင်သောရက်ဆိုပဲ။ ငပွေးအတွက်တော့ အဲဒီရက်တွေက အကျုံးမဝင်ဘူး။ ငယ်ငယ်လေးကတည်းက မိဘနှစ်ပါးမရှိခဲ့တော့သင်္ကန်း မစည်းခဲ့ရတဲ့ငပွေး ရှင်လိုင်လည်းမပြန်ခဲ့ဖူးဘူး။ ထောင်ဆို တာတော့ဝေးရော ငပွေးက ဘယ်သူနဲ့ပဲဖြစ်ဖြစ် တည့်အောင် ပေါင်းနိုင်တယ်။ ထောင်ထွက်တဲ့ခံစားမှု ပျော်၊ မပျော် ငပွေး မကြုံဖူးဘူး။ မင်္ဂလာဆောင်ရက်တဲ့။ ပိုဆိုးပေါ့။ ရည်းစား တောင် ထားခဲ့ဖူးတဲ့ ငပွေးမဟုတ်ဘူးရယ်။ ဒါပေမဲ့ ငပွေး ဘဝမှာ ပျော်စရာကောင်းတဲ့နေ့တော့ ရှိခဲ့ဖူးတယ်။ မထင် မှတ်ဘဲ အေးစိန်မရွာကို ပြန်လာတဲ့နေ့ပဲ။ ကားပုပုလေး ပေါ်က ဆင်းလာတဲ့အေးစိန်မ မျက်နှာလေးကို ဒီနေ့အထိ မမေ့ဘူး။ မြို့ကသူဌေးက သူကိုယ်တိုင်ကားနဲ့ အိမ်အထိ လာပို့တာဆိုပဲ။ ငပွေး အေးစိန်မအနားကို ရုတ်တရက် မသွားရဲဘူး။ ကားအကောင်းစားကြီးဘေးမှာ အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့ သူဌေးဆိုတဲ့လူက အသား အရေကဖွေးဖောက်ပြီး ဆွတ်ဆွတ်ကိုဖြူလို့။ ငပွေး မဆီ မဆိုင် သူ့လက်မောင်းတွေကို သူပြန်ငုံ့ကြည့်လိုက်တယ်။ အေးစိန်မနဲ့သူ့သူဌေး ကားနားမှာရပ်ပြီး ဘာတွေပြောနေ ကြတာလဲတော့ ငပွေးမသိဘူး။ အဝေးကနေပဲ ငေးကြည့် နေလိုက်တယ်။

အေးစိန်မ ရွာကိုပြန်လာတာဆိုပဲ။ ဘာပဲဖြစ်ဖြစ် ငပွေးကတော့ ကျေနပ်တယ်။အေးစိန်မတစ်ယောက် မြို့က ပြန်လာမှ ငပွေးမျက်စိထဲ ပိုလှလာသလို စကားပြောပုံ ဆိုပုံတွေလည်း ပြောင်းလဲသွားတယ်။ အရင်လို တော်ရယ် ကျုပ်ရယ်မဟုတ်တော့ဘဲ ရှင်ရယ် ကျွန်မရယ်နဲ့လေ။

✢ ✢ ✢

လုံ့ထမ်းလာတာ မြင်ရပေမဲ့ ကံထမ်းလာတာမမြင်ရ ဆိုသလို ငပွေးကံဇာတာတွေ အခုတစ်လောအလိပ်လိုက် တက်နေတယ်လို့ဆိုရမလားပဲ။ ခုပဲကြည့်လေ အေးစိန်မ တစ်ယောက် မြို့ကပြန်လာတာမှမကြာသေးဘူး ငပွေး အလိုချင်ဆုံး၊ ငပွေးအကြားချင်ဆုံးစကားကို မထင်မှတ်ဘဲ အေးစိန်မက စပြောလာတယ်။

"ကိုပွေး ရှင်ကျွန်မကို ချစ်လား" တဲ့။

"ဂေါက်" ခနဲ မေးလိုက်တာဆိုတော့ ငပွေး ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိဘူး ဖြစ်သွားတယ်။ စိတ်ထဲမှာ ပူရှိန်းရှိန်းကြီးဖြစ်ပြီး ဘာမှပြန်မပြောနိုင်ဘူး။ အူလည်လည်နဲ့။

"ကိုပွေး၊ မေးနေတယ်လေ"

စိတ်မရှည်တဲ့လေသံနဲ့ အေးစိန်မထပ်ပြောလိုက် တော့မှ ငပွေးရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့ပြီး တစ်လုံးပဲ ဖြေနိုင်တယ် အင်း. . . တဲ့။

"ဒါဆို ရှင်နဲ့ကျွန်မ ယူကြရအောင်"

အေးစိန်မ နောက်ထပ်စကားတစ်ခွန်း ကြားအပြီးမှာ အသက်ရှူသံပြင်းပြင်းတစ်ခုက ငပွေးရင်ညွန့်ဆီ ဒိန်းခနဲ လာဆောင့်တယ်။ လူတစ်ကိုယ်လုံး လေပေါ်မြောက်ကြွ သွားသလိုပဲ။ အရဲစွန့် အားယူပြီး သေချာအောင် ငပွေး မေးလိုက်တယ်။

"ဘာရယ် အေးစိန်မ၊ နောက်တစ်ခွန်းလောက် ထပ်ပြောစမ်းပါဟာ"

"အာ. . . ကိုပွေးကလည်း ခဏခဏ မပြောချင်ပါဘူး ရှင်"

အေးစိန်မ ပြောစရာရှိတာပြောပြီး ငပွေးအနားက ထွက်ပြေးသွားတယ်။ ငပွေးကတော့ ဝမ်းသာလွန်းလို့ ဘာလုပ်ပြီး ဘာကိုင်ရမယ် မသိဘူး။ အဆီပြန်ပြီး မည်းနေ တဲ့ ငပွေးမျက်နှာကြီး ရှက်သွေးကြောင့် ညိုတိုတိုဖြစ်နေ လေရဲ့။

✢ ✢ ✢

ငပွေးနဲ့ အေးစိန်မတို့ မင်္ဂလာဆောင်က သူများ မင်္ဂလာဆောင်တွေလို ခမ်းခမ်းနားနားကြီးတော့လည်း မဟုတ်ပေဘူး။ ရွာလူကြီးဦးသာဆိုင်နဲ့ အခြားနီးစပ်ရာ လူကြီးသူမအနည်းငယ်လောက် အသိအမှတ်ပြု အဆုံး အမခံ ငပွေးပုဆိုး အေးစိန်မတို့အိမ်တန်းမှာ တင်ပြီး အာဝါဟ- ဝိဝါဟပြုလိုက်တာပါပဲ။ အရှေ့ဘက် ခုနစ်အိမ် အနောက်ဘက် ခုနစ်အိမ် လက်ဖက်ဝေလို့၊ အဲဒီနေ့က ငပွေးမျက်နှာကြီး ညိုရဲနေလိုက်ပုံများ။ အချို့ကတော့ ပြောကြရဲ့ မှိုရတဲ့မျက်နှာတဲ့။ ငပွေးတို့ အိမ်ထောင်ကျပြီး နှစ်လလောက်မှာ အေးစိန်မဗိုက်ထွက်လာတယ်။ ထွက်လာ တာမှ သိသိသာသာကို ထွက်လာတာ။ ရွာထဲကလူတွေ မျက်လုံးပြူး မျက်ဆံပြူးနဲ့။ ငပွေးကတော့ ဒါတွေ နားမလည် ဘူး။ တစ်နေ့တစ်နေ့ အေးစိန်မဗိုက်လေးကိုပွတ်ပြီး ပီတိ တွေကိုဖြစ်လို့။ အလုပ်ကို အရင်ကထက်ပိုပြီး ကြိုးစားလာ တယ်။ ဒီလိုနဲ့ အေးစိန်မ ကလေးမီးဖွားတယ်ဆိုပါတော့။ မွေးလာတာက ယောကျ်ားလေး။ ကလေးဖွားတဲ့ညက ငပွေးတို့ပျော်နေလိုက်ပုံများ တစ်ညလုံးမအိပ်ဘူး။ အိမ်နီး နားချင်းတွေလည်း မအိပ်ကြရဘူး။ ဟိုလျှောက်ကြွား ဒီလျှောက်ကြွားနဲ့။

အဲဒီမှာ ထူးခြားတာက ငပွေးနဲ့ညားပြီး ခြောက်လ လောက်အကြာမှာ နေ့မစေ့လမစေ့မွေးလာတဲ့ကလေးက ပေါင်ပြည့်တန်းပြည့် ဝဝတစ်တစ်နဲ့။ ပြီးတော့ပိုပြီးထူးခြား တာက မွေးလာတဲ့ကလေးက အသားမည်းတဲ့ ငပွေးတို့ အေးစိန်မတို့နဲ့မတူဘဲ အသားအရေ ဆွတ်ဆွတ်ဖြူ ဥနေတာပဲ။အရပ်ထဲကလူတွေ စဉ်းစားရကျပ်ကုန်တယ်။ အချို့ကတော့ ပြုံးစိစိနဲ့။ ငပွေးတို့ကတော့ ဒါတွေ နားမလည်ပါဘူး။ ကြည့်လေ။ အေးစိန်မရွာက ထွက်သွား ကတည်းက သူစွန့်ပစ်ထားခဲ့တဲ့ ရွာဆော်ရာထူးကို ပြန်ယူ ပြီး မနက်ဖြန်သူ့သားလေးမီးထွက်မှာ ကင်ပွန်းတပ် မုန့်လုံးရေပေါ် ကျွေးမဲ့အကြောင်းကို လမ်းတကာလှည့် ဆော်ဩမောင်းခတ်နေလေရဲ့. . .။ ။

ကြေးမုံ
အထူးဂျာနယ်

ဆောင်းပါး

# သူ့အရွယ်နှင့် သူ့စာ အစပြု၍

မြင့်မြတ်သီဂီ

ငယ်စဉ်ကာလ စာအစ ဖတ်မိသည့်စာအုပ်စာပေများမှာ ရုပ်ပြစာအုပ်ကလေးများ ဖြစ်ပါသည်။ ရွှေသွေး၊ တေဇ စသည့် စာစောင်ကလေးတွေက ငယ်ကြိုက်ဖြစ်ခဲ့သည်။

ထို့နောက် စာဖြောင့်ဖြောင့်တန်းတန်း ဖတ်တတ်လာချိန်မှာတော့ စာအုပ်ဆိုင်မှ အဖေငှါးလာသည့် ဝတ္ထုစာအုပ်များကို တရှိုက်မက်မက် စတင်ဖတ်လာမိပါ၏ အဖေငှားလာသည့် ရာဇဝင်ဝတ္ထုများထဲမှ ဆရာချစ်ဦးညို၏ စာအုပ်များကို အကြိုက်တွေ့ခဲ့သည်။ လေး၊ငါးတန်းအရွယ် ထိုစဉ်က စံရွှေမြင့်၊ ဒီရဲဂျာ၊ အာကာမင်း၊ တွတ်ပီ စသည့်ရုပ်ပြကာတွန်းများကိုပါ စွဲစွဲလမ်းလမ်းဖတ်ခဲ့မိသလို ဘုန်းကြွယ်၊ နေလင်းအောင်စသည့် သိုင်းဝတ္ထုများကိုလည်း စိတ်ဝင်တစားဖတ်ခဲ့မိသည်။ အရွယ်ကလေးရလာချိန်မှာတော့ ကလျာ၊ မီကိုဖူးဇင်၊ ဆုမြတ်မွန်မွန်၊ ဂျူး၊ ပုညခင် စသည့် အချစ် အလွမ်းဝတ္ထုများသာမက လက်လှမ်းမီရာ ဘာသာပြန်ဝတ္ထုများကိုပါ စွဲကိုင်ဖတ်ခဲ့မိပါ၏။ ထို့နောက်မှာတော့ဘာသာပြန်ဝတ္ထုများသာမက ဆရာမြသန်းတင့်၊ ဂျာနယ်ကျော်မမလေး၊ ခင်ခင်ထူး စသည့် ဆရာကြီးများ၏ ဂန္ထဝင်ဝတ္ထုကြီးများကိုလည်း စာကြည့်တိုက်မှာ မွှေနှောက်ရှာဖွေ ဖတ်ခဲ့ဖူးပါသည်။ ထို့အပြင် မင်းခိုက်စိုးစံ၊ အကြည်တော်စသည့် ဟာသဝတ္ထုစာအုပ်များလည်း ငှါးရမ်းဖတ်ရှုခဲ့ဖူးသည်။

လုပ်ငန်းခွင်ဝင်ရသည့်အချိန်မှာ မိမိလုပ်ငန်းနှင့် သက်ဆိုင်သည့် စာစောင်များရှာဖွေလေ့လာ ဖတ်ရှုခဲ့ရသလို ဘာသာရေး စာစောင်စာအုပ်များလည်း ဖတ်ရှုမှတ်သားခဲ့ဖူးပါသည်။ စာရေးမိလာသည်မှအစပြု၍ မဂ္ဂဇင်းများကို အားကိုးအားထားပြုကာ ဝတ္ထုတိုများ ရှာဖွေဖတ်ရှုလာတတ်ခဲ့သည်။

ဖခင်ဖြစ်သူထံမှ အမွေဆက်ခံခဲ့ရသည့် စာဖတ်ခြင်းတည်းဟူသော ဝါသနာသွေးကြောင့် စာအုပ်စာစောင်မရွေးဖတ်မိသော အကျင့်မှသည် တဖြည်းဖြည်းအနှစ်အသားပြည့်စာများကိုရွေးချယ်ဖတ်ရှုတတ်လာခဲ့သည်။ မိမိအတွေ့အကြုံအရ စာဖတ်ရာတွင် မည်သူမျှ စာကြီးပေကြီးများကိုသာ ပထမဦးစွာ ဖတ်နိုင်ကြမည်မထင်ပါ။ သူ့အရွယ်နှင့် သူ့စာ တစ်ဆင့်ချင်း ဖတ်ရှုခံစားရင်းမှသာ စာဖတ်ဉာဏ်ရင့်သန်ကာ ဖတ်တတ်ခံစားတတ်လာမည်ထင်သည်။

တစ်ခါတစ်ရံ တချို့သော စာရေးသူများက စာတိုစာညံ့ဟု သတ်မှတ်တတ်ကြသည့် ပုံပြင်၊ ဇာတ်လမ်း အချစ်အလွမ်း သုတရသ စာတိုစာညံ့လေးများသည် နောင်အခါ စာကောင်းပေမွန် စာကြီးပေကြီးများကို ဖတ်ရှုနှစ်သက်လာနိုင်စေသည့် စာလှေကားထစ်ကလေးများ ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် မိမိအနေဖြင့် စာဖတ်သူကို ကောင်းမွန်သော သုတရသ တစ်စုံတစ်ရာ ပေးနိုင်သည့်မည်သည့်စာမဆိုကြိုဆိုပါသည်။

မည်သို့သော ပုံပန်းသဏ္ဌာန်ဖြင့် ရေးဖွဲ့ဖန်တီးပါစေ အကယ်၍များ ထိုစာအတွင်း၌ စာဖတ်သူအတွက် ကျေနပ်နှစ်သက်စေနိုင်သည့် တစ်စုံတစ်ခုသော သုတရသစေတနာပါခဲ့ပါလျှင် ရေးသူကရေးရကျိုးနပ်၍ ဖတ်သူဖတ်ရကျိုးနပ်သော စာကောင်းပေမွန်များ ဖြစ်လာနိုင်သည်ဟု ခံယူမိပါသည်။

ယခင်က စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများကြောင့် ယခု အမိမြန်မာပြည်ကြီးမှာ စာတတ်သူလူတော်များပေါများလာခဲ့ပါပြီ။

သို့သော် စာတတ်ပါလျက်စာမဖတ်ကြပါလျှင် လူတော်တို့ လူချော်ဖြစ်ကြပါလိမ့်မည်။

စာဖတ်မှသာလျှင် လူတော်တို့မချော်မလဲ လူကောင်းပကတိအဖြစ် ရပ်တည်နိုင်မည် ဖြစ်သောကြောင့် ယခုအခါ စာမဖတ်သူ ပပျောက်ရေးအဖြစ် စာပေစကားဝိုင်းများ၊ ညီလာခံများ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိပါသည်။ စာဖတ်ခြင်းဖြင့် လူတော်လူကောင်းများ ပီသကာ မိမိအတွက် မိမိပတ်ဝန်းကျင်အတွက် အတ္တပရ နှစ်ဖြာကောင်းမွန်စွာဆောင်ရွက်နိုင်ပါလိမ့်မည်။

ထို့ကြောင့် သူ့အရွယ်နှင့်သူ သူ့နေရာနှင့်သူ လိုက်ဖက်ညီရာ စာပေများမှအစပြုလျက် စာဖတ်နိုင်ကြပါစေ၊ စာဖတ်တတ်ကြပါစေဟု ဆန္ဒပြုမိပါ၏။ ။

## ငါ သေသွားသော

တစ်နေ့နေ့များ ငါ သေသွားသော
ငါ့နေရာကို ငါ့လိုလူတစ်ယောက်
ရောက်လာဦးမည် မလွဲမည်တည့်။ ။
ထိုသောအခါ ငါ ဆိုတာကို
လူတို့အများ မေ့သွားကြမှာ မမွတာပင်။ ။
ငါလျှင်သာသိ ငါရှိမှသာ
ထိုနေရာသည် ဖြစ်ချေမည်ဟု
အသိခေါက်ခက် ဝင်မနက်နှင့်။ ။
ငါ့ဘို့ ငါ့ဟာ ငါ့နေရာဟု
တဏှာစိတ်လွှမ်း မစွဲလမ်းနဲ့
တစ်နေ့နေ့များ ငါသေသွားသော်
ငါ့နောက်မကျွာ လိုက်လာမှာကား
တရားကုသိုလ် အကုသိုလ်တည်း။ ။

ရာပြည့်

ဆောင်းပါး

# အတ္တနှင့်ပရ

ချစ်ခိုင်စံ ( ဘီအီးဒီ )

မနေ့က ကျွန်တော့်တပည့်မလေးတစ်ယောက် ကျွန်တော့်ဆီ စာလာမေးတယ်။ ကျွန်တော့်အိမ်ခြံဝန်းထဲကို ဝင်တော့ စက်ဘီးလေးကို တွန်းလို့၊ မျက်နှာမှာကလည်း မျက်ရည်တွေက ရွှဲလို့။ ကျွန်တော်က သူ့ကိုမြင်တော့ ပျာပျာသလဲ လှမ်းမေးလိုက်မိတယ်။

"ဟဲ့. . . . မကြီးမငယ်ကြီးနဲ့ ဘာလို့ငိုလာတာတုံး"

ဆိုတော့ "ရှက်လို့"တဲ့။ "ဘာကိုရှက်တာတုံး။ ဆရာ့ကို သေချာ ပြောပြစမ်းပါ"လို့ ထပ်မေးလိုက်တော့ ပြောပြရှာပါတယ်။ သူစက်ဘီးစီးလာတုန်း အဒေါ်ကြီးတစ်ယောက်ကို ဝင်တိုက်မိတော့မလို့တဲ့။ အဲ့ဒါ. . . အဒေါ်ကြီးကို မတိုက်မိအောင် စက်ဘီးကို လမ်းဘေးထိုးချလိုက်တာတဲ့။လမ်းဘေးကရေမြောင်းထဲကို စက်ဘီးရော လူရော လိမ့်ဆင်းသွားရောတဲ့။

သူပြောမှ ကျွန်တော်လည်း သေချာကြည့်မိတော့တယ်။သူ့ထဘီမှာ ပေလူးညစ်ပတ်နေပါပြီ။ ဖိနပ်လည်း ပြတ်နေတာကို တွေ့လိုက်ရပါတယ်။ ဒါနဲ့ပဲ အငိုတိတ်အောင် စကားလမ်းကြောင်း လွှဲလိုက်ရပါတယ်။

"သြော်. . . ဒါများ သမီးရယ်၊ ငိုစရာမှတ်လို့။
သူတစ်ပါးနာမှာစိုးလို့ ကိုယ့်ကိုယ်ကိုယ် အနာခံ
လိုက်တာပဲ၊ ဂုဏ်တောင်ယူရဦးမှာ။
နောက်ဆို. . . . စက်ဘီးစီးရင် သတိ၊ဝီရိယနဲ့ စီးပေါ့။
မငိုနဲ့တော့ တိတ်တော့နော်"

ကျွန်တော်က အဲ့လိုပြောလိုက်တော့ သူကချက်ချင်း မျက်ရည်သုတ်ပြီး ကျွန်တော့်ကို ပြောပါတော့တယ်။

"သမီးငိုတာ. . . စက်ဘီးမှောက်လို့ မဟုတ်ဘူး
ဆရာ။ စက်ဘီးမှောက်တာကို လာမကူညီဘဲ. . .
လက်ဖက်ရည်ဆိုင်ထဲမှာ သမီးကို ဝိုင်းလှောင်
နေကြလို့. . . . အားငယ်ပြီး ငိုတာပါ"တဲ့။

သူ့စကားဆုံးတော့ ကျွန်တော် စွံ့အသွားမိတာ အမှန်ပါ။ ကျွန်တော်တို့ နိုင်ငံဟာ သူတစ်ပါး ဒုက္ခရောက်တာကို ထိုင်ဟားတတ်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်သွားပြီလား ဟုတွေးပူမိပါတယ်။သူတစ်ပါး ဒုက္ခရောက်တာကို ဒီအတိုင်းထိုင်ကြည့်ပြီး တဝါးဝါးနှင့် ကိုယ့်စိတ်ကို ကိုယ်အာသာ ဖြေတတ်နေကြပါပြီလား။

ကျွန်တော်ငယ်ငယ်က အဘိုးအမြဲပြောတတ်တဲ့ စကားလေးတစ်ခွန်းရှိပါတယ်။"မြေးလေး. . . . လူမှာစိတ်ထားနှစ်မျိုးရှိတယ်ကွ၊ အတ္တဟိတနဲ့ ပရဟိတတဲ့။ အတ္တဟိတစိတ်က ကိုယ့်အတွက် ကိုယ်ကြည့်တဲ့ ယုတ်ညံ့တဲ့ စိတ်ပေါ့ကွာ၊ ဥပမာ ပြောပြရရင်. . . ငါ့အိမ်၊ငါ့ကား၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်းဆိုပြီး နေရာတကာ "ငါ"ချင်းထပ်နေတဲ့ စိတ်ထားပေါ့ကွ။ ပရဟိတ စိတ်ကတော့ အများအတွက် ကြည့်တတ်တဲ့ စိတ်ပေါ့။ တစ်နည်းအားဖြင့် သူတော်ကောင်း စိတ်ပေါ့ကွယ်"တဲ့။

ကျွန်တော့် တပည့်လေးအဖြစ်ကိုမြင်တော့ အဘိုးပြောတဲ့ စကားတွေက နားထဲတိုးဝင်လာခဲ့၏။အတ္တဟိတစိတ်နဲ့ ပရဟိတစိတ်တဲ့။ ကျွန်တော်တို့ လူ့သမိုင်းတစ်လျှောက်မှာလည်း လူတွေဟာ ဒီစိတ်နှစ်မျိုးနဲ့ပဲ ကျင်လည်ခဲ့ကြပါတယ်။ သမိုင်းတစ်လျှောက်မှာလည်း အတ္တဟိတဆိုတဲ့ တစ်ကိုယ်ကောင်းစိတ်ကြောင့် လူ့သမိုင်းတွေ မည်းမှောင်ရုပ်ဆိုးခဲ့ပြီးကြပါပြီလဲ။ အတ္တဟိတ စိတ်ရှိတဲ့ လူတွေကြောင့် စစ်တွေလည်း အလီလီ ဖြစ်ခဲ့ဖူးပါတယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွေ၊ ခိုးမှု၊ ဝှက်မှုတွေနှင့် အခြားအခြားသော ရာဇဝတ်မှုတွေလည်း အများအပြား ဖြစ်ခဲ့ကြပါတယ်။ ယခုထိလည်း ဖြစ်နေကြဆဲပါ။

ဒါဟာ တခြားကြောင့် မဟုတ်တန်ပါချေ။ "ငါ"စွဲ အတ္တအရင်းခံတဲ့ အတ္တဟိတစိတ်ကြောင့်သာ ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဖက်က အတ္တဟိတစိတ်က ကမ္ဘာကိုအရောင်ဆိုးနေသော်လည်း အခြားတစ်ဖက်တွင် ပရဟိတစိတ်ရှိသူတွေက ကျွန်တော်တို့ကမ္ဘာကို မေတ္တာတွေ ပေးနေကြပါသေးတယ်။ သူတို့ရဲ့ မေတ္တာအရင်းခံတဲ့ ပရဟိတစိတ်ထားတွေကြောင့် စစ်ဘေးရှောင် စခန်းတွေ၊ လူအို ရုံတွေ၊ မိဘမဲ့ ဂေဟာတွေ၊ ကယ်ဆယ်ရေးစခန်းတွေ ကမ္ဘာပေါ်မှာ အလျှိုလျှို ပေါ်ထွက်နေမြဲပါ။

ဒါဟာ လူ့သမိုင်း တစ်လျှောက် အတ္တဟိတစိတ်နဲ့ ပရဟိတစိတ်တို့ရဲ့ အားပြိုင်မှုတွေပါ။

အခုဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးက IQကို အလေးပေးသလို EQကိုလည်း အလေးပေးလာကြပါပြီ၊ IQနဲ့ EQက မျှနေဖို့ လိုပါတယ်။ IQမြင့်ပြီး EQ နိမ့်ရင်လည်း အန္တရာယ်ရှိသလို၊ EQမြင့်ပြီး IQနိမ့်နေပြန်ရင်လည်း အခက်တွေ့ရတတ် ပြန်ပါတယ်။ဒါကြောင့် ကမ္ဘာ့နိုင်ငံ အသီးသီးက IQနဲ့EQကို တစ်ပြေးညီ ဖွံ့ဖြိုးလာမယ့် လူ့ဘောင်ဖြစ်အောင် အရှိန်အဟုန်ဖြင့် မြှင့်တင်နေကြဟန်တူပါတယ်။

တကယ်တော့ ကျွန်တော်တို့ နိုင်ငံကလည်း EQကို ဦးစားပေး ဖော်ဆောင်တဲ့ နိုင်ငံတစ်နိုင်ငံသာ ဖြစ်ပါတယ်။ မြန်မာ့ပညာရေးရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ကိုကြည့်ရင် သိသာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိတ်ဓာတ်ကောင်းဖို့ ပထမဖြစ်အောင် ဆောင်ရွက်နေခြင်းသည် ကမ္ဘာ့နိုင်ငံများလို EQ ကို တန်ဖိုးထားသောကြောင့် သာဖြစ်ပါတယ်။

သို့သော် မြန်မာနိုင်ငံသားတိုင်း စိတ်ဓာတ်ကို တကယ်တန်ဖိုးထားကြပါရဲ့လား။ လူလူချင်းအပေါ် ကိုယ်ချင်းစာတရားနှင့် စာနာစိတ်များ အမှန်တကယ် မွေးမြူနိုင်ကြပါရဲ့လား။ ဤသို့ စဉ်းစားလိုက်တိုင်း ကျွန်တော်တို့ ငယ်စဉ်က သင်ကြားခံခဲ့ရဖူးသော ကဗျာလေးကို သတိရမိပါ၏။ထိုကဗျာလေးက

"သူသည် နုနယ်၏၊ လဲနေသူ ထူပေးပါ၊
အားငယ်သူ အားပေးပါ၊ အတူတူ သယ်ယူပါ"ဟူ၏။

သို့သော် ကျွန်တော်တို့သည် ကိုယ့်ရှေ့တွင် ကိုယ်စိတ်နှစ်ပါးလုံး ပြိုလဲနေသော လူများကို ကူညီထူထောင်ပေးဖူးကြပါသလား။အားပေးနှစ်သိမ့်ပေးဖူးကြပါသလား။ ကိုယ်ချင်းစာတရားထားကာ အစစအရာရာ ပူးပေါင်းဆောင်ရွက်ပေးဖူးကြပါရဲ့လား။

တကယ်တော့ ကျွန်တော်တို့ နိုင်ငံသည် အင်မတန် စိတ်ထားမွန်မြတ်သော လူများနေထိုင်ခဲ့ဖူးကြောင်း သိရှိမှတ်သားဖူးပါ၏။ မြန်မာနိုင်ငံသား ဟုပြောလျှင် ရိုးသားသူ၊ သတ္တိရှိသူ၊ မဟုတ်လျှင် မခံတတ်သူ၊ တစ်ပါးသူ၏ ပစ္စည်းကို မတရားမယူသူဟု ထင်ပေါ်ခဲ့ဖူးပါ၏။

သို့သော် ထိုစိတ်ဓာတ်များသည် ယနေ့ခေတ်တွင်တော့ "နေလာနှင်းပျောက်"ပမာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြသည်မှာ အင်မတန် နှမြောစရာကောင်းပါ၏။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတိုင်း ပြန်လည်ကြိုးစားရပေလိမ့်မည်။ တစ်ပါးသူ လဲပြိုနေသည်ကို ထိုင်ကြည့်ကာ "တဝါးဝါး"ဟားတိုက် နေမည့်အစား၊ ကိုယ်ချင်းစာတရားထားကာ ပြေး၍ ထူပေးကြလျှင် မည်မျှ ကောင်းပေမည်နည်း။

ကျွန်တော်တို့ တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် ခေတ်သစ်နိုင်ငံတော်ဆီ တက်လှမ်းကြမည်ဆိုလျှင် များစွာ တန်ဖိုးရှိပါပေလိမ့်မည်။ ထိုသို့ တက်လှမ်းနိုင်ရန် တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရားများထားကာ ပရဟိတစိတ်ထားများဖြင့်သာ လက်တွဲကူညီနိုင်ပါလိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတော့သည်။ ။

